မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၂၀၁၅ ခုနှစ်၊ မေ ၂ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၀၉]

အပူမာဒ မင်္ဂလာ

ကုသိုလ်ကောင်းမှု တရားတို့၌ မမေ့မလျော့ခြင်း၊ အမြဲသတိရနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်သို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်း-စာမျက်နှာ-၈ (သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်း ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၁၆၇ လုံးရှိလာ

ရန်ကုန် မေ ၁

နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရေးကြိုးစားလျက်ရှိရာ ပြည်တွင်း၌ဟိုတယ်နှင့်တည်းခိုရိပ်သာများ တိုးတက်များပြားလာကြောင်း၊ မြန်မာနိုင်ငံ၌ ယခုအခါ ဟိုတယ်နှင့် တည်းခိုရိပ်သာပေါင်း ၁၁၆၇ လုံးရှိနေပြီဖြစ်ရာ လူစွမ်းအားအရင်းအမြစ်များလည်း လိုအပ်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ပြောကြားသည်။

"မြန်မာနိုင်ငံမှာ လက်ရှိအချိန်အထိ ဟိုတယ်နဲ့တည်းခိုရိပ်သာပေါင်း

စာမျက်နှာ ၃ ကော်လံ ၄ ❖

အင်္ဂလန်ရာသီဥတု လူသားများကြောင့် ပြောင်းလဲခြင်းဖြစ်ဟု သြစတြေးလျှသုတေသနအဖွဲ့ဆို

စာ ➢ ၄

တိုင်းပြည်၌ အရေးတကြီးလိုအပ်နေသည့် အနည်းဆုံးလုပ်ခလစာ ဥပဒေကို မကြာမီ ပြဋ္ဌာန်းနိုင်တော့မည်

စာ ➢ ၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကဆုန်လပြည့် ဗုဒ္ဓနေ့

ကဆုန်လပြည့်နေ့သည်ကား ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယနေ့သည် ကဆုန်လပြည့်နေ့ဖြစ်ပါသည်။ ဤနေ့ဤအချိန်ခါရောက်ပြီဆိုလျှင် ကဆုန်ညောင်ရေသွန်းပွဲတော်များ နိုင်ငံနှင့်အဝန်း ခြိမ့်ခြိမ့်သဲကျင်းပလေ့ရှိပါသည်။ စေတီ၊ ပုထိုးကျောင်းကန်အသီးသီးရှိ ဗောဓိညောင်ပင်တို့၌ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်ကို ပရိဘောဂစေတီအဖြစ် မှတ်ယူရည်မြော်ကာ ညောင်ရေသွန်းလောင်းပွဲများ ကျင်းပခြင်းဖြစ်ပါသည်။

ဤကဆုန်လပြည့်နေ့သည်ကား ဗုဒ္ဓဘုရားရှင်၏ ထူးခြားချက်ကြီးများ ဖြစ်ပေါ်သောနေ့ဖြစ်ပါသည်။ ဘုရားအလောင်းသုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်ထံမှ ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ခံယူသောနေ့၊ ဘုရားအလောင်းသိဒ္ဓတ္ထအား ဖွားမြင်တော်မူသောနေ့၊ သစ္စာလေးပါးတရားကို သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ရောက်ရှိတော်မူသောနေ့၊ ဘုရားလောင်းနှင့်အတူ ဖွားဖက်တော်ဗောဓိပင်ပေါက်ရောက်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ တို့သည် ဤကဆုန်လပြည့်နေ့ပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း စာဆိုရှင်တို့က ''ကဆုန်လပြည့်ဗုဒ္ဓနေ့''ဟု ချီးကျူးဂုဏ်ပြု ရေးဖွဲ့ကြခြင်းဖြစ်ပါသည်။

ဘုရားပွင့်တော်မူခါနီးတွင် သူဌေးသမီးသုဇာတာသည် ဘုရားပွင့်ထွန်းတော်မူမည့် ဗောဓိညောင်ပင် ကြီးသို့သွားရောက်ကာ ''ကျွန်မအရွယ်ရောက်၍ အမျိုးသားကောင်းနှင့်အိမ်ထောင်ပြုရလျှင် သားဦးဖွားမြင် ပါစေ''ဟူ၍ ဆုတောင်းခဲ့သည်။ ဆုတောင်းသည့်တိုင်း သားဦးရတနာဖွားမြင်၍ ကဆုန်လပြည့်နေ့တွင် ပူဇော်ပွဲပြုလုပ်လေသည်။ သူဌေးသမီးသုဇာတာသည် ဂေါတမဘုရားရှင် ဘုရားဖြစ်လုဆဲဆဲအချိန်၌ ဃနာနို့ဆွမ်းကို မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် လျှုဒါန်းခဲ့ပေသည်။

ဤသည်ကိုအကြောင်းပြုလျက် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဤကဆုန်လပြည့်နေ့ဝယ် ပန်း၊ နံ့သာ၊ ဆွမ်း၊ ဆီမီး အစရှိသည်တို့နှင့်အတူ ပရိဘောဂစေတီမြတ် ဗောဓိညောင်ပင်ကြီး အဖွန့်ရှည်ကြာတည်တံ့ရှင်သန်စေသော ဆန္ဒမွန်များဖြင့် လိုအပ်သောဆုများတောင်းကြ၍ ညောင်ရေသွန်းလောင်းကြခြင်းဖြစ်ပါသည်။

ညောင်ရေသွန်းလောင်းပူဇော်ရာတွင် ''ဇယောဟိ ဗုဒ္ဓသ သီရိမတောအယံ'' စမောဂါထာတော်ကို ရွတ်ဆိုကြ၍ သွန်းလောင်းပူဇော်ကြလေ့ရှိပါသည်။ ဂါထာတော်၏ အဓိပ္ပာယ်ကား ဤပွဲတော်သည် ဗုဒ္ဓဘုရားရှင်၏ အောင်ပွဲသဘင်ဖြစ်ခြင်း၊ မာရ်နတ်ကိုအောင်ပွဲခံခြင်း၊ ဤကဆုန်လပြည့်နေ့တွင် နတ်၊ နဂါး၊ ဂဠုန်၊ ဗြဟ္မာအပေါင်းတို့သည် မာရ်နတ်ကိုအောင်ပွဲခံ၍ ဘုရားရှင်အား ပူဇော်ခြင်းဆိုသည့် သဘောဖြစ်ပါသည်။ ထို့ကြောင့် ဤကဆုန်လပြည့်နေ့သည်ကား ထူးခြားသောနေ့ပင်ဖြစ်ပါသည်။ သို့ပါ၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘုရားရှင်၏ ပရိဘောဂစေတီကို ရည်မြော်ကာ စေတီပုထိုး၊ ကျောင်းကန်များရှိ ဗောဓိပင်တို့၌ ညောင်ရေသွန်းလောင်းပွဲတော်ကို တပျော်တပါးဆင်နွဲနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (၂၀၁၅) အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲထွင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်မည်

နေပြည်တော် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာနနှင့် UNESCO တို့ပူးပေါင်း၍ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့-၂၀၁၅ (World Press Freedom Day 2015) အခမ်းအနားကို မေ ၃ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ Novotel Max Hotel တွင်ကျင်းပမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွင့်နှင့် ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်အမှာစကားပြောကြားမည်ဖြစ်ပြီး UNESCO ညွှန်ကြားရေးမှူးချုပ်၏သဝဏ်လွှာကို ဌာနေကိုယ်စားလှယ် Mr. Sarder Umar Alam က ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မီဒီယာအဖွဲ့ ငါးဖွဲ့ကလည်း သဝဏ်လွှာများဖတ်ကြားရန် လျာထားကြောင်းသိရသည်။ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအခါ စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လုပ်ငန်းခွင်ရောက်ကလေးများအတွက် ရွှေ့လျားစာသင်ဝိုင်းများ myME နှင့် ဆမ်ဆောင်း ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၁

အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်မသင်နိုင်ဘဲ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်နေရသည့် ကလေးငယ်များအတွက် တစ်ဖက်တစ်လမ်းမှ စာသင်ကြားနိုင်ရေးဆောင်ရွက်သော ပြည်တွင်း NGO တစ်ခုဖြစ်သည့် (myME) Myanmar Mobile Education project ကို ထောက်ပံ့အားဖြည့်သည့် အနေဖြင့် ဆမ်ဆောင်း အီလက်ထရွန်နစ်မှ ခေတ်မီနည်းပညာရပ်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထည့်သွင်းထားသည့် ရွှေ့လျားမော်တော်ယာဉ်တစ်စီး ဧပြီ ၃၀ ရက်က ပေးအပ်လျှုဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်အလုပ်သမားများကို အခြေခံစာတတ်မြောက်ရေး၊ သင်္ချာ၊ အင်္ဂလိပ်စာ၊ ကျန်းမာသန့်ရှင်းရေး၊ လူမှုဆက်ဆံရေးတို့ အပါအဝင် ကွန်ပျူတာကျွမ်းကျင်မှုများကိုပါ တတ်မြောက် သင်ယူနိုင်စေရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဆမ်ဆောင်း အီလက်ထရွန်နစ်မန်နေဂျင်းဒါရိုက်တာ Mr.Sik Ahn က ပြောကြားသည်။

"ကလေးတိုင်း အရည်အသွေးပြည့်ဝတဲ့ ပညာသင်ယူခွင့်ရရှိဖို့ လိုအပ်သလို ပညာရေးဟာ ဆင်းရဲမှုလျှော့ချရေးမှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်တယ်ဆိုတဲ့ myME ရဲ့ ရည်မှန်းချက်ကို ယုံကြည်ရင်း ပူးပေါင်းဖြစ်ခဲ့တာပါ။ ဒီလိုပူးပေါင်းခြင်းဖြင့် ကျွန်တော်တို့ထားရှိတဲ့ ကတိဖြစ်တဲ့ နောင်မျိုးဆက်သစ်လူငယ်တွေ တိုးတက်ဖို့ ထောက်ပံ့ပေးမယ့်ကတိကို တည်ဆောက်ရုံသာမက နာရီပေါင်းများစွာ အလုပ်လုပ်နေကြတဲ့ ကလေးတွေအတွက် ရည်ရွယ်ပါတယ်" ဟု ၄င်းကပြောကြားသည်။

"အခု myME project ကို စတင် အကောင်အထည်ဖော်ဖြစ်ခဲ့တာက လက်ဖက်ရည်ဆိုင်မှာထိုင်နေရင်း စိတ်ကူးရလာခဲ့မိတယ်။ စဖို့ နှစ်နှစ်လောက်အချိန်ယူခဲ့ရပါတယ်။ စာသင်ခန်းကို ရောက်အောင်မသွားနိုင်တဲ့ ကလေးတွေကို စာသင်ခန်းက ရောက်အောင်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုနဲ့ လုပ်ဆောင်ခဲ့တာပါ။ စာသင်သားတွေအနေနဲ့ မိမိကိုယ်ကိုယုံကြည်အားကိုးမှုများ တိုးပွားလာပြီး တီထွင်ဆန်းသစ်မှုများက တစ်ဆင့် ဝေဖန်စဉ်းစားတွေးခေါ်နိုင်စွမ်းတိုးတက်မှုတွေ ရရှိလာပါလိမ့်မယ်" ဟု myME Project ဒါရိုက်တာ ဦးတင်မောင်မောင်အေးက ပြောကြားသည်။

အဆိုပါ ပရောဂျက်ကို ၂၀၁၄ နှစ်ဆန်းပိုင်းက စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျောင်းသားအရေအတွက် ၄၀၀ နီးပါး၊ ဆရာ ဆရာမ ဦးရေ ၂၀ ကျော် ရွှေ့လျားစာသင်ဘတ်စ်ကားပေါင်း ငါးစီးရှိကြောင်း သိရသည်။ စာသင်သားများကို Beginner Level၊ Level 1 နှင့် Level 2 ဟု အုပ်စုသုံးစုခွဲခြားသင်ကြားပေးလျက်ရှိကာ အင်္ဂလိပ်စာ၊ သင်္ချာ၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လူမှုဆက်ဆံရေးနှင့် ကွန်ပျူတာအခြေခံနှင့် အင်တာနက်သင်ခန်းစာများ သင်ကြားနေကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းဆောင်ရွက်

ပျဉ်းမနား မေ ၁

နေပြည်တော်ကောင်စီနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုအဖွဲ့နှင့် ပျဉ်းမနားမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ခြင်း ကွင်းဆင်းဆောင်ရွက်မှုကို မေ ၁ ရက်က ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာအုပ်စု ရှမ်းစုလေးကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှု အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက အမှာစကားပြောကြား၍ ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာ ကျော်မြင့်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းစုလေးကျေးရွာအတွင်းရှိ အိမ်ခြေ ၁၉၇ အိမ်ကို ပိုးလောက်လမ်း နှိမ်နင်းခြင်းလုပ်ငန်း၊ သွေးလွန်တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးဖျန်းမှုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အခမ်းအနားသို့ ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံကြီးမှ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုအဖွဲ့ အတွင်းရေးမှူး ဒေါ်မိမိစိုး၊ ဒကွိဇာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရွှေပဇေ)



ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၅-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာမိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၅၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၉၃၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၉၃-၁၀၉၅
ဥရောပ	တစ်ယူရို	၁၁၆၂-၁၁၇၀
စင်ကာပူ	တစ်ဒေါ်လာ	၇၉၆-၈၀၀
ထိုင်း	တစ်ဘတ်	၃၀.၂၅-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၆.၅-၁၇
တရုတ်	တစ်ယွမ်	၁၇၀-၁၇၃
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၂၉၆

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစဲ့ပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ပြီးမီးသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာမက်ကော်နယ်နှင့်တွေ့ဆုံ

ဝါရှင်တန်ဒီစီ မေ ၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာမက်ကော်နယ်နှင့် ဧပြီ ၃၀ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲက ဝါရှင်တန်ဒီစီမြို့ရှိ လွှတ်တော်အဆောက်အအုံ၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဒေါက်တာဝင်းမြင့်၊ ဦးဝင်းသန်း၊ ဦးသိန်းထွန်း၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့သို့ရောက်ရှိ

ဝါရှင်တန်ဒီစီ မေ ၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ Hon. Mr. John Boehner ၏ဖိတ်ကြားချက်အရ အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၂၉ ရက် ညပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်က ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာပြီး အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့သို့ ဧပြီ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင်ရောက်ရှိကြရာ **(ယာပုံ)** အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် သံရုံးဝန်ထမ်းများက Dulles အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

မြင့်မားလာသဖြင့် ယခုကဲ့သို့ ငါးများသေဆုံးရခြင်းဖြစ်ကြောင်း၊ သေဆုံးငါးများတွင် ရောဂါမတွေ့ရကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

တောင်သမန်အင်းအတွင်း အမြောက်အများ ရှင်သန်လျက်ရှိသော ပင်ပျော့များမှာ နေ့အချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ကိုအသုံးပြုပြီး အောက်ဆီဂျင်ထုတ်ပေးကြောင်း၊ ညအချိန်တွင် အောက်ဆီဂျင်ကို အသုံးပြုပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်ပေးကြောင်း၊ ထို့ကြောင့် ညပိုင်းတွင် ငါးများနှင့် ပင်ပျော့တို့ အောက်ဆီဂျင်ကို အပြိုင်သုံးစွဲကြ၍ အောက်ဆီဂျင်ပြတ်လပ်ခြင်းတို့ဖြစ်လာကာ ရေပေါ်ခုန်နေနိုင်သော ငါးများနှင့် ခံနိုင်ရည်ရှိသောငါးများသာ အသက်ရှင်ကျန်နေပြီး ခံနိုင်ရည်နည်းသောငါးများ သေဆုံးရခြင်းဖြစ်ကြောင်း၊ ငါးများသေဆုံးချိန်မှာ အောက်စီဂျင်နည်းပါးသည့် ညပိုင်းအချိန်တွင်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးစက်မှုဇုန်မှ စွန့်ထုတ်သောရေဆိုးများကို တိုင်းတာစစ်ဆေးရာတွင် စုစုပေါင်းထုံးဓာတ် (Total Alkalinity) ပါဝင်မှုသည် (10-60)mg/l ဖြစ်သဖြင့် သတ်မှတ်စံနှုန်း (100-250)mg/l ထက် နိမ့်ကျနေခြင်း၊ ရေဆေးရေသွက် (Total Hardness) ပါဝင်မှုသည် (220-620)mg/l ဖြစ်သဖြင့် သတ်မှတ်စံနှုန်း (40-150) mg/l ထက် မြင့်မားနေခြင်း၊ ပျော်ဝင်အောက်ဆီဂျင် (Dissolved Oxygen) ပါဝင်မှုသည် (0-3.5)mg/l ဖြစ်သဖြင့် သတ်မှတ်စံနှုန်း (5)mg/l ထက် နိမ့်ကျနေခြင်း၊ အမိုနီးယားနိုက်ထရိုဂျင် (Ammonia Nitrogen) ပါဝင်မှုသည် (0.15-0.3)mg/l ဖြစ်သဖြင့် သတ်မှတ်စံနှုန်း (0.1) mg/l ထက် မြင့်မားနေခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု (Free Carbondioxide) သည် (100-480)mg/l ဖြစ်သဖြင့် သတ်မှတ်စံနှုန်း (15) mg/l ထက် မြင့်မားနေကြောင်း ငါးလုပ်ငန်းဦးစီး ဌာနမှ သိရှိရသည်။

စစ်ဆေးလေ့လာချက်များအရ စက်မှုဇုန်မှ စွန့်ပစ်ရေများသည် ငါးများအတွက် အသက်ရှင်နေထိုင်ရန် သင့်လျော်မှုမရှိကြောင်း၊ အဆိုပါ ရေဆိုးများစွန့်ထုတ်မည် ဆိုပါက ပြန်လည်သန့်စင်အောင် Treatment ဆောင်ရွက်ပြီးမှသာ စွန့်ထုတ်သင့်ကြောင်း၊ ဧရာဝတီမြစ်ရေ အဝင်/အထွက် ဆောင်ရွက်သည့် တံတားဖြူနေရာ၌ ရေထိန်းတံခါး တည်ဆောက်ပြီး ရေဝင်/ရေထွက် ထိန်းချုပ်ထားခြင်းကို ပြန်လည်ဖွင့်လှစ်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ အကြံပြု တင်ပြထားသည်။

၂၀၁၄ ခုနှစ်အတွင်းက မန္တလေးစက်မှုဇုန်မှ ရေဆိုးစွန့်ထုတ်သည့် အရက်ချက်စက်ရုံတစ်ရုံနှင့် သားရေစက်ရုံနှစ်ရုံတို့ကို မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေအရတရားစွဲဆိုခဲ့ပြီး ယခုနှစ်တွင်လည်း စစ်ဆေးမှုများဆောင်ရွက်ကာ တရားစွဲဆိုမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

❍ ကျောဖုံးမှ

ယင်းပြိုင်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုပွဲစဉ်များကို မေ ၁ ရက်မှ ၆ ရက်၊ ဆီမီးပွဲစဉ်များကို မေ ၈ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၁၀ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အုပ်စု(ခ)တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ကို ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ယှဉ်ကစားနိုင်ရန်မလွယ်ဘဲ မြန်မာနှင့်ဗီယက်နမ်တို့၏အဖွင့်ပွဲမှာ အုပ်စုပထမနေရာ အတွက်သာ အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း သည် ဗီယက်နမ်အသင်းနှင့် ယခုနောက်ပိုင်း တွေ့ဆုံခဲ့သည့် ပြိုင်ပွဲများတွင် နိုင်ပွဲ မရရှိသေးဘဲ ၂၀၁၃ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတို့တွင် ရှုံးနိမ့်ထားသည်။

မေ ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(က) အဖွင့်ပွဲတွင် ဩစတြေးလျ ယူ-၂၀ အသင်းက ထိုင်းလက်ရွေးစင်အသင်းကို သုံးဂိုး ပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

❖ ရှေ့ဖုံးမှ

၁၁၆၇ လုံးရှိပြီး အခန်းပေါင်း ၄၅၅၆၃ ခန်းရှိနေပါတယ်။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေမှာ တာဝန်ယူဆောင်ရွက်ကြမယ့် အရည်အချင်းပြည့်ဝတဲ့ လူစွမ်းအားအရင်းအမြစ်တွေ အများကြီးလိုအပ်နေပါတယ်" ဟု ရန်ကုန်မြို့ဆူးလေရှန်ဂရီလာဟိုတယ်၌ မေ ၁ ရက် နံနက် ၉ နာရီက ပြုလုပ်သည့် Star Resources Tourism & Hospiticity Menagement Academy (၁၀) နှစ်ပြည့် အခမ်းအနား၌ ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာ အဆင့်မီ ဟိုတယ်နှင့် တည်းခိုရိပ်သာများ လိုအပ်သလို ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များ၊ နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နိုင်သူများ၊ နိုင်ငံတကာအဆင့်မီ မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နိုင်သူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းလိုင်းများတွင် လေယာဉ်မယ်၊ လေယာဉ်မောင်လုပ်ကိုင်နိုင်သူများလည်း လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာရောက်လျက်ရှိရာ ၂၀၁၁ ခုနှစ်၌ ခရီးသွား ၀ ဒသမ ၈၂ သန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၇ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈၁ သန်း ရောက်ရှိခဲ့သည်။ ယခု ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်ဦးရေ လေးသန်း မှငါးသန်းကြားလာရောက်နိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ပြောသည်။

"အခုနှစ် ဧပြီလအထိ တစ်လကို ခရီးသွားဧည့်သည် လေးသိန်းနီးပါး ဝင်ရောက်နေတာမို့ ဒီလိုနှုန်းအတိုင်း သာဝင်ရောက်ရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့အတိုင်း ပြည့်မီဖို့ဖြစ်လာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ရှိမှု၊ တာဝန်သိမှုများဖြင့် ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းလာစေရန် ဆောင်ရွက်လျက်ရှိရာ ပြည်သူကိုအခြေပြုသည့်ခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုမရှိစေရန်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူစွမ်းအားအရင်းအမြစ် လိုအပ်ချက်တွေကို ၂၀၀၅ ခုနှစ်ကစတင်ပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနဲ့ ပူးတွဲအကောင်အထည်ဖော်နေတာ အခုဆိုရင် အရှိန်အဟုန်ရရှိနေတာမို့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းမှာ တာဝန်ထမ်းဆောင်နိုင်မယ့် လူငယ်တွေအများကြီး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်နေရည်အောင်က ပြောသည်။

သတင်း-ဝေယံဦး

ဘဂ်လားပင်လယ်အော် အခြေအနေ

ဘဂ်လားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

အီရန်သည် နာမည်ပျက်စာရင်းဝင် ကုမ္ပဏီများထံမှ နျူကလီးယားနည်းပညာဝယ်ယူတော့မည်

တီဟီရန် မေ ၁

အီရန်နိုင်ငံသည် နာမည်ပျက်စာရင်းဝင် ကုမ္ပဏီများထံမှ နျူကလီးယား နည်းပညာဝယ်ယူရန် ကြိုးစားနေကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်စောင်က ဗြိတိန်အစိုးရ၏ သတင်းအချက်အလက်ကို ကိုးကားဖော်ပြခဲ့သည်။

အကယ်၍ အဆိုပါသတင်းအချက်အလက်သည်မှန်ကန်နေသည်ဆိုပါက အီရန်အနေဖြင့် ကုလသမဂ္ဂ၏ခွင့်ပြုချက်များကို ဖောက်ဖျက်ရာရောက်လိမ့်မည် ဖြစ်သည်။

ဗြိတိန်အစိုးရသည် အီရန်နိုင်ငံ၏ နျူကလီးယားအရေး ဆွေးနွေးနေသော ခေါင်းဆောင်များကို ဧပြီ ၂၀ ရက်က အီရန်သည် နျူကလီးယား နည်းပညာဝယ်ယူရန် အီရန်ဆန့်ထရီဗျူစ် နည်းပညာကုမ္ပဏီနှင့် ကာလေး လျှပ်စစ်ကုမ္ပဏီတို့နှင့် ချိတ်ဆက်ထားသည်ဟု အသိပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

နောက်ကျသောသတင်းအချက်အလက်များကြောင့် အီရန်နျူကလီးယားအရေး ဆွေးနွေးနေသော ခေါင်းဆောင်များသည် အထက်ပါသတင်းအချက်အလက်ကို လွတ်လပ်စွာ စုံစမ်း၍ မရနိုင်သေးပေ။

ကုလသမဂ္ဂသည် အီရန်နိုင်ငံအပေါ် ၎င်း၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး နိုင်ငံတကာသို့ တင်ပြမှုပျက်ကွက်ခြင်းနှင့် နျူကလီးယားကို စစ်ရေးအတွက် သုံးမည်ဟု ယူဆသည့်အတွက် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

အီရန်နိုင်ငံ၏ ကာလေးလျှပ်စစ်ကုမ္ပဏီသည် နျူကလီးယားအစီအစဉ်နှင့် ဆက်နွယ်ပတ်သက်မှုကြောင့် ကုလသမဂ္ဂ နာမည်ပျက်စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သည်။

လုံခြုံရေးကောင်စီ၏ အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုကော်မတီကို ဧပြီ ၂၁ ရက်က အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ရာ P5+1 အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဗြိတိန်၊ တရုတ်၊ပြင်သစ်၊ ရုရှား၊ အမေရိကန်နှင့်ဂျာမနီတို့က ညှိနှိုင်းဆွေး နွေးဖက်နိုင်ငံများအဖြစ် ရပ်တည် နေပြီး အီရန်နျူကလီးယား အစီအစဉ် သဘောတူညီချက်ကို အဆုံးသတ်နိုင်ရန် စတင်ပြုလုပ်ခဲ့သည်။

ယခု အီရန်နျူကလီးယားအရေး ဖော်ပြပါ အချက်များအားလုံးမှ အနည်းငယ်သာ ကုလသမဂ္ဂ တားမြစ်ချက်ကို ဖောက်ဖျက်ရာရောက်ကြောင်း မှတ်ချက်ပြုသည်။

ကမ္ဘာ့အင်အားကြီး နိုင်ငံများသည် အီရန်နျူကလီးယားသဘောတူညီချက်ကို ဇွန် ၃၀ ရက်တွင် အပြီးသတ် လက်မှတ်ရေးထိုးကြမည်ဖြစ်ပြီး အငြင်းပွားဖွယ် နိုင်ငံတကာသံတမန်အရေးကိစ္စတစ်ခုကို နိုဂုံးချုပ်နိုင်တော့မည်ဖြစ်ရာ အီရန်နိုင်ငံနှင့် ဆက်ဆံရေးသစ်စတင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

(ကျိုဒို)

အင်္ဂလန်ရာသီဥတု လူသားများကြောင့် ပြောင်းလဲခြင်းဖြစ်ဟု သြစတြေးလျ သုတေသနအဖွဲ့ဆို

မဲလ်ဘုန်း မေ ၁

အင်္ဂလန်နိုင်ငံအတွက် ၂၀၁၄ ခုနှစ်သည် အပူဆုံးနှစ်အဖြစ် မှတ်တမ်းတင်ခဲ့ပြီး လူသားများ၏ စေ့ဆော်မှုများကြောင့် အနာဂတ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံရဖွယ်ရှိသည်ဟု သြစတြေးလျ ဦးဆောင်သည့် သုတေသနအဖွဲ့တစ်ဖွဲ့က ရှာဖွေဖော်ထုတ်ထားသည်။

အင်္ဂလန်နိုင်ငံတွင် သာမန်နှစ်များထက်ခံစားရသည့် အပူချိန် ၁၃ ဆတိုးလာနိုင်သည်ဟု မဲလ်ဘုန်းတက္ကသိုလ်မှ ဒေါက်တာ အန်ဒရူးကင်းဦးဆောင်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ ပတ်ဝန်းကျင်လေ့လာရေး သုတေသနစာတမ်းဂျာနယ်တွင် သောကြာနေ့က ဖော်ပြထားသည်ကို တွေ့ရသည်။

အင်္ဂလန်နိုင်ငံကျဉ်းကျဉ်းလေးထဲမှ လူသားများ၏ လှုပ်ရှားဆောင်ရွက်မှုများ တစ်နေရာတည်းတွင် စုပြုံလုပ်ဆောင်နေသကဲ့သို့ ဖြစ်နေသဖြင့် ၄င်းအနေနှင့် အခြားနိုင်ငံများထက် ရာသီဥတုပြောင်းလဲရာတွင် ပိုမိုထိခိုက်ခဲ့ရခြင်းဖြစ်သည်ဟု ကင်းက ပြောသည်။

၄င်းအဖွဲ့မှ အင်္ဂလန်နိုင်ငံ၏ ၁၇ ရာစုထိ အပူချိန်မှတ်တမ်းကို လေ့လာတွေ့ရှိသည့် အချက်အလက်များအရ အင်္ဂလန်နိုင်ငံအတွင်း လူသားများ ပြုမူလှုပ်ရှားမှုများသည် ရာသီဥတုအပေါ် အကျိုးသက်ရောက်မှု ဖြစ်စေသည်ဟု ဖော်ပြထားသည်။

ကမ္ဘာပေါ်ရှိ ဥရောပကဲ့သို့ ဧရိယာကြီးမားသောဒေသအတွင်းနှစ်စဉ် ပျမ်းမျှအပူချိန်သည် သေးငယ်သော ဧရိယာများနှင့် နှိုင်းယှဉ်လျှင် တစ်နှစ်ထက်တစ်နှစ် အပူချိန်ပြောင်းလဲမှုမှာ မသိသာကြောင်း ကင်းက ဆက်လက်ပြောကြားခဲ့သည်။

(ဆင်ဟွာ)

နီပေါင်လျင် သေဆုံးသူ ၆၂၀၀ အထိရှိလာ နေအိမ်များပြန်ဆောက်ရန် ဒေါ်လာနှစ်ဘီလီယံလိုအပ်မည်

ခတ္တမန္တု မေ ၁

နီပေါနိုင်ငံ၌ လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် လူပေါင်း ၆၂၀၀ အထိ သေဆုံးသွားပြီး ရုပ်အလောင်းများအား ကယ်ထုတ်ခြင်းနှင့် နေအိမ်များသို့ပြန်ရန် ကြောက်ရွံ့နေခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

လူပေါင်း ၂၈ သန်းနေထိုင် သည့် ဟိမဝန္တာတောင်တန်းဒေသ နီပေါနိုင်ငံ၌ ငလျင်ပြင်းအား ၇ ဒသမ ၉ ရှိ ငလျင်လှုပ်ခဲ့ပြီးနောက် ရာပေါင်းများစွာသော ရုပ်အလောင်းများ တွေ့နေရဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ငလျင်ကြောင့် သေဆုံးသူများအား အရေးပေါ်ထားရှိရန် နေရာများ အမြန်ဆုံးလိုအပ်နေကြောင်း နီပေါတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးပူးပေါင်း လုပ်ဆောင်နေသော အိန္ဒိယ လေတပ်မှ တာဝန်ရှိသူ ရာမန်လိုင်ကပြောသည်။

အကူအညီပေးရေး အဖွဲ့များသည် ငလျင်လှုပ်ရာနေရာများသို့ စတင်ရောက်ရှိရန် နှေးကွေးနေကြောင်း၊ မြို့တော် ခတ္တမန္တုရှိ ပြိုကျအဆောက်အအုံများ အောက်တွင်ပိနေသော ရုပ်အလောင်းများမှ အပုပ်နံ့များ ဆိုးရွားစွာထွက်လာမှုကြောင့် ဒေသခံများနေအိမ်သို့ပြန်ရန် ခက်ခဲနေကြောင်း တာဝန်ရှိသူများက ပြောသည်။

ငလျင်လှုပ်ချိန်သည် နီပေါနိုင်ငံသားအများစု အိပ်ပျော်နေချိန်ဖြစ်ပြီး အိမ်ပေါင်း ၆၀၀၀၀၀ ပြိုကျပျက်စီးသွားခဲ့သည်။ နေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများ ပြန်လည်တည်ဆောက်ရန် အနည်းဆုံး ဒေါ်လာ နှစ်ဘီလီယံကုန်ကျမည်ဟု နီပေါဘဏ္ဍာရေးဝန်ကြီးက ပြောခဲ့သည်။

(ရိုက်တာ)

ရုရှားက ယူကရိန်းကို ထိုးစစ်အသစ်တစ်ရပ်အတွက် ပြင်ဆင်နေဟု နေတိုးတပ်ဖွဲ့အကြီးအကဲ ပြောကြား

မော်စကို မေ ၁

ရုရှားတပ်မတော်သည် ယူကရိန်းအရှေ့ပိုင်းတိုက်ပွဲခေတ္တရပ်စဲမှုကို အခွင့်ကောင်းယူကာ ထိုးစစ်အသစ်တစ်ရပ်ဆင်နွဲရန် စီစဉ်သွားနိုင်သည်ဟု နေတိုးတပ်ဖွဲ့စစ်ဦးစီးချုပ်က သောကြာနေ့က အမေရိကန်ကွန်ဂရက်လွှတ်တော်အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလက အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း ရုရှားတပ်ဖွဲ့များသည် စစ်မြေပြင်တွင်အောင်နိုင်ရေးအတွက် ပြန်လည်ဖွဲ့စည်းမှုပြုလုပ်ရန် စိုင်းပြင်းနေကြသည်ဟု အမေရိကန်လေတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဖိလစ်ဘရိလပ်ဖက ပြောသည်။ ၎င်းအနေဖြင့် မော်စကို၏ နောက်ထပ်လှုပ်ရှားမည့် အစီအစဉ်များကို ခန့်မှန်းနိုင်ခြင်းမရှိသေးသော်လည်း ပြန်လည်ပြင်ဆင်မှု၊ လေ့ကျင့်မှုနှင့် လက်နက်တပ်ဆင်မှုများကို ဆက်လက်လုပ်ဆောင်နေခြင်းသည် ပြန်လည်တိုက်ခိုက်မှုပြုလုပ်မည့် အလားအလာရှိကြောင်း ပြောခဲ့သည်။

အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်စစ်ဆေးသည့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းက ဖေဖော်ဝါရီလအတွင်းက မင့်စ်နှင့်ဘီလာရုစ်တို့တွင် အပစ်ရပ် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ချိန်မှစ၍ တိုက်ခိုက်မှုများ သိသိသာသာကျဆင်းခဲ့သည်ဟု ဆိုသည်။

သို့သော်လည်း အမေရိကန်ကမူ ရုရှားသည် အောက်တိုဘာလကတည်းက နယ်စပ်၌ စစ်အင်အားကြီးမားစွာချထားပြီး နောက်ထပ်လေကြောင်းကာကွယ်ရေးစနစ်များစွာကို သြဂုတ်လကတည်းက ဖြန့်ကြက်ထားကြောင်း ပြောဆိုခဲ့သည်။

ထို့ပြင် ကွပ်ကဲထိန်းချုပ်မှု၊ လေကြောင်းကာကွယ်မှု၊ အမြောက်တပ်သို့ထောက်ပံ့မှု စသည်တို့ကို တိုးမြှင့်လုပ်ဆောင်လျက် အင်အားစုစည်းမှုများကို ပြောင်းပြောင်းတင်းတင်း လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်သည် ယူကရိန်းသို့ လက်နက်ထောက်ပံ့ပေးရန် ငြင်းဆန်နေဆဲဖြစ်ပြီး ထောက်ခံသူများက လက်နက်ထောက်ပံ့မှုသည် ပဋိပက္ခအဆုံးသတ်ရာတွင် ကူညီပေးနိုင်မည်ဟုဆိုသော်လည်း ဆန့်ကျင်သူများက လက်နက်ထောင်ပံ့မှုကြောင့် စစ်ပွဲပြန်၍ ပြင်းထန်လာစေနိုင်ကြောင်း သတိပေးကြသည်။

(ရိုက်တာ)

နာဆာအာကာသယာဉ် ဗုဒ္ဓဟူးဂြိုဟ်ပေါ်ပျက်ကျ

ဝါရှင်တန် မေ ၁

၁၁ နှစ်သက်တမ်းရှိ မက်ဆင်ဂျာအာကာသယာဉ်သည် ဧပြီ ၃၀ ရက်က ဗုဒ္ဓဟူးဂြိုဟ်ပေါ်သို့ ပျက်ကျသွားခဲ့ရာ ၁၁ မီတာကျယ်ဝန်းသော ကျင်းကြီးဖြစ်ပေါ်သွားခဲ့ကြောင်း အမေရိကန် အာကာသ အေဂျင်စီနာဆာက ပြောသည်။

စူးစမ်းလေ့လာရေးဆောင်ရွက်နေသည့် အဆိုပါ အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ပေါ်သို့ တစ်နာရီ ၈၇၅၀ မိုင်နှုန်းဖြင့်ကျဆင်းလာပြီး ဝင်ရောက်တိုက်မိခဲ့ကြောင်း နာဆာကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ အာကာသယာဉ်ကို ၂၀၀၄ ခုနှစ် ဩဂုတ် ၃ ရက်က လွှတ်တင်ခဲ့ပြီး ဗုဒ္ဓဟူးဂြိုဟ်ကို ၂၀၁၁ ခုနှစ် မတ် ၁၇ ရက်တွင် စတင်လှည့်ပတ်ရာ ၂၀၁၂ ခုနှစ် မတ်လတွင် သိပ္ပံဆိုင်ရာစူးစမ်းလေ့လာမှု ပြီးဆုံးသွားခဲ့သည်။ ၎င်းအာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ကို ၄၁၀၅ ကြိမ်လှည့်ပတ်ခဲ့သည်။

သို့သော်လည်း အာကာသထိန်းချုပ်ရေးစင်တာမှ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် ဗုဒ္ဓဟူးဂြိုဟ်ပေါ်သို့ ပျက်ကျသွားခဲ့သည်။

(ဆင်ဟွာ)

တမူးမြို့ လေဘေးသင့်ပြည်သူများအား ဒုတိယအကြိမ်ထောက်ပံ့ပေးအပ်

တမူး၊ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ လေဘေးသင့်ပြည်သူများအား ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီက တမူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တမူးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက လေဘေးဖြစ်ပွားမှု အခြေအနေနှင့် လေဘေးသင့် ပြည်သူများအား လျှပ်ဒါန်းထောက်ပံ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လေဘေးကြောင့် ပျက်စီးခဲ့သည့် ဘာသာရေးအဆောက်အအုံ ၁၁ လုံးအတွက် ငွေကျပ် ၄၅ သိန်း၊ အခြေခံပညာကျောင်း သုံးကျောင်းနှင့် ဧည့်ရိပ်သာ သုံးဆောင်ပြုပြင်ရန်အတွက် ငွေကျပ် ၂၂ သိန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းများပြုပြင်ရန်အတွက် ငွေကျပ်ခြောက်သိန်း၊ လေဘေးသင့် ပြည်သူ ၉၈ ဦးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငွေကျပ် ၄၉ သိန်း စုစုပေါင်း ၁၂၆ သိန်းတို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ လေဘေးသင့်ပြည်သူများက လက်ခံယူကြသည်။

ဧပြီ ၂၂ ရက်ညက တိုက်ခတ်ခဲ့သည့် အဆိုပါ မိုးသက်လေပြင်းမုန်တိုင်းကြောင့် လူနေအိမ်များ၊ ဝန်ထမ်းအိမ်ရာများနှင့် ဘာသာရေးအဆောက်အအုံများ အပါအဝင် ပျက်စီးဆုံးရှုံးမှု ကာလတန်ဖိုးငွေကျပ် စုစုပေါင်း သိန်း ၂၅၀ ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ပျက်စီးသွားသည့် ဓာတ်တိုင်များကို အစားထိုးပြုပြင်ပေးပြီး မြို့၏ သုံးပုံနှစ်ပုံကို လျှပ်စစ်မီးပြန်လည်ထုတ်လွှတ်ပေးနေကြောင်း၊ ဖုန်းလိုင်းပေါင်း ၉၆၀ မှ လိုင်းပေါင်း ၉၃၀ ကိုပြန်လည်သုံးစွဲနိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း တမူးမြို့နယ် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။ **ချင်းတွင်းသား (iprd)**

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကာတွန်းဖြင့် သရုပ်ဖော်အကြံပေးမည်

ရန်ကုန် မေ ၁

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနနှင့် HEINEKEN Company တို့ ပူးပေါင်းကာ မြန်မာနိုင်ငံတွင် ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ် ပိုမိုကင်းရှင်းစေရေး လူထုပါဝင်ပူးပေါင်းရေးတွင် လူထုမှ ပြောကြားပေးမည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် သက်ဆိုင်သော အကြောင်းအရာများကို ကိုယ်တိုင်သရုပ်ဖော်ပေးခြင်းနှင့် အကြံပေးအချက်အလက်များကို ကာတွန်းဆရာများအားပြောကြား၍ သရုပ်ဖော်ကာတွန်းများ ရေးဆွဲပေးခြင်းတို့ကို ပြုလုပ်ပေးမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကို ရန်ကုန်မြို့ရှိ People Park (Culture Valley)၊ အင်းစိန်ဈေး၊ ကန်တော်ကြီး (Wooden Deck)တို့တွင် မေ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးလေဝသအခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

၂၀၁၄ ခုနှစ် မိုးကြိုရာသီ မိုးစပါးချေးငွေများ မြို့နယ်တွင် ကျေးရွာအုပ်စုအလိုက် ပြန်လည်ပေးဆပ်

ဖြူး၊ မေ ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်၌ မိုးစပါးစိုက်ကေအများဆုံး စိုက်ပျိုးထားသော မြို့နယ်တစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ် မိုးရာသီတွင် ဖြူးမြို့နယ် ကျေးရွာအုပ်စု ၆၂ အုပ်စုတို့မှ တောင်သူလယ်သမားများက မိုးစပါးစိုက်ဧက ၁၅၃၄၂ ဧကစိုက်ပျိုးခဲ့ကြသည်။ ယခုနှစ်မိုးရာသီတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးဦး၊ မိုးလယ်၊ မိုးရွာသွန်းမှု နည်းပါးခဲ့သော်လည်း (မိုးနှောင်း) နောက်မိုးများ ကောင်းခဲ့ သဖြင့် စပါးအထွက်နှုန်းများ သင့်တင့်မျှတစွာ ထွက်ရှိခဲ့ကြကြောင်း သိရ သည်။

တောင်သူလယ်သမားကြီးများ မိုးစပါးစိုက်ပျိုးခိုန်တွင် ငွေကြေး အခက်အခဲမရှိစေဘဲ လယ်ယာလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်နိုင်ရန်အတွက် ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးချေးငွေများကို ၂၀၁၄ ခုနှစ် မိုးကြိုရာသီ ဇွန်လမှစတင်၍ ကျေးရွာအုပ်စု ၆၂ အုပ်စုအတွင်းရှိ တောင်သူလယ်သမား ၁၇၆၈၇ ဦးတို့ကို မိုးစပါးတစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ချေးငွေကျပ်သိန်းပေါင်း ၁၀၆၇၅၀၀၀၀၀ ထုတ်ချေးပေးခဲ့သည်။ လယ်သမားများအနေဖြင့် မတ်လ ပထမပတ်မှစတင်၍ မိုးစပါးချေးငွေများကို ကျေးရွာအုပ်စုအလိုက် တစ်ဦး ချင်းပြန်လည်ပေးဆပ်ခဲ့ကြရာ ဧပြီ ၂၉ ရက်အထိ ငွေကျပ်သိန်းပေါင်း ၅၂၀၆၇၀၀၀၀၀ ရာခိုင်နှုန်း ၄၈ ဒသမ ၇၇ အထိ ပြန်လည်ပေးဆပ်ပြီးဖြစ်၍ မိုးစပါးချေး ငွေကျပ်သိန်းပေါင်း ၅၄၆၈၈၀၀၀၀၀ သာ ကျန်ရှိတော့ကြောင်းနှင့် ကျန်ရှိသော မိုးစပါး ချေးငွေများကိုလည်း စိုက်/ဘဏ်ရုံးသို့ နေ့စဉ်လာရောက်ပေးဆပ်လျက်ရှိကြကြောင်း သိရ သည်။

ဖြူး-မြင့်ဦး

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

မူဆယ် မေ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ နမ့်ခမ်း-နမ့်ဖတ်ကာ-ကွတ်ခိုင် ကားလမ်း ၁၂ မိုင်ကျေးရွာအနီး 4H/---- နံပါတ်တပ်ဆင်ထားသော ပါဂျဲရိုးခဲစိမ်းရောင် ယာဉ်တစ်စီးကို မသင်္ကာသောကြောင့် ၁၂ မိုင်ကျေးရွာ ပန်ဆေးပြည်သူ့စစ်မှ တာဝန်ရှိသူများက မူဆယ်ရဲစခန်းသို့ ခေါ်ဆောင်လာသဖြင့် ယာဉ်မောင်းဖြစ်သူ မိုင်းညီအေး ရှေ့မှောက်တွင် စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်ရှေ့ခန်း ယာဉ်မောင်းထိုင်သည့် နံဘေးတူးဘောက်အတွင်းမှ အဖြူရောင်ကြွေပ်ကြွေပ်အိတ်အတွင်း အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားဟုယူဆရသော ပန်းရောင်ဆေးပြား ၄၀ ၊ အလေးချိန် ၃ ဒသမ ၆ ဂရမ်ခန့်နှင့် ၇ ဒသမ ၆၂ ကျည်၂၂ တောင့်တို့ကို ရှာဖွေတွေ့ရှိပြီး ၄င်းဆေးပြားများကို နမ့်ဖတ်ကာ ကျေးရွာအစွန် တောစပ်အနီး အိုက်မောင်ဆိုသူထံမှ ဝယ်ယူခဲ့ကြောင်း၊ ယာဉ်မောင်း မိုင်းညီအေး (၂၆နှစ်) နမ့်ခမ်းမြို့နေထိုင်သူက ထွက်ဆိုခဲ့သဖြင့် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်း၏ ကြီးကြပ်ဆောင်ရွက်မှုနှင့်အတူ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယင်းကားပေါ်၌ အမေရိကန်နိုင်ငံသား တစ်ဦး၊ ဩစတြေးလျှနိုင်ငံသားတစ်ဦး လမ်းကြိုလိုက်ပါလာသည်ကို တွေ့ရှိရသဖြင့် ထိုခရီးသည်နှစ်ဦးအားမေးမြန်း၍ လိုအပ်သည့်အကူအညီများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

ရာပြည့်® ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်
အမှတ်တံဆိပ်
ကြက်လည်ဆံလက်ဖက်ခြောက် ဓရေနွေးကြမ်းမွှေးမွှေးကလေး အရသာကို ခံစားရင်း ဆီးချိုရောဂါ၊ ဆီးပူညောင်းကျခြင်း၊ ဆီးကျောက်တည်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း သွေးတိုးခြင်း၊ ဇက်ကြောတက်ခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းခြင်း၊ လန်းဆန်းခွန်အား ဖြစ်စေခြင်းတို့အတွက် စိတ်ကျေနပ်မှုရစေပါမည်။ ယင်းရောဂါများ မဖြစ်ပွားစေရန် ကြိုတင်၍ ကာကွယ်မှုအဖြစ် အမြဲသောက်သုံးနိုင်ပါသည်။ "ကြက်လည်ဆံလက်ဖက်ခြောက်၊ အဖန်ရည်အမြဲသောက်ပါက ....
ဆီးချို၊ သွေးတိုးနဲ့ ဆီးရောဂါ ပုန်းဘမ္ဘာ၊ အဝေးရောက်ပေလိမ့်
အကြိမ်ကြိမ်သောက်သလောက် ကောင်းတဲ့ရည် (ရေ) .. "
ပင်ရင်း- ရာပြည့်ဆေးဝါးထုတ်လုပ်ရေး yarpyaenine@gmail.com

ကဆုန်လပြည့်ဗုဒ္ဓနေ့နှင့် ညောင်ရေသွန်းပွဲတော်

ဒေါက်တာ-အောင်သန်းဝင်း (အရှေ့တိုင်းပညာ)

မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ နံနက်တစ်ချက်တီး အချိန်တွင် ဝိသာခါနက္ခတ်နှင့်စန်းယှဉ်၍ ဘုရားလောင်းသိद္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ သိद္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူပြီး သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာသည်မှာ ယခုလာမည့် ကဆုန်လပြည့်နေ့ဆိုလျှင် နှစ်ပေါင်း ၂၆၀၃ ခုနှစ်ပင်ပြည့်ပြီဖြစ်သည်။

ကဆုန်လသည် မြန်မာ့ပြက္ခဒိန်၏ ဒုတိယမြောက်လဖြစ်သည်။ ကဆုန်လဟူသော အမည်နှင့်စပ်လျဉ်း၍ ဝေါဟာရလိန္တဒီပနီ၌ "ကံဒကံဆိန္ဒတိတိကဆိန်" ဟု ဝေနတ္ထရသည်။ သောမာသော-အကြင်လသည်၊ ကံဒကံ-ရေကို၊ ဆိန္ဒတိ-ဖြတ်တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ သောမာသော-ထိုလသည်၊ ကဆိန်-ကဆုန်မည်၏။ မြစ်၊ ကန်၊ ချောင်း၊ အင်း၊ အိုင်တို့၌ ရေပြတ်၊ ရေစစ်သောလကို ဆိုလိုခြင်းဖြစ်သည်။ မြန်မာဘာသာ၌"ကု" သို့မဟုတ် "က" သည် "ရေ"ကိုဟောကြောင်း၊ "စုန်" သို့မဟုတ် "ဆုန်" သည်သွန်းလောင်းခြင်းကို ဟောကြောင်း၊ ထို့ကြောင့် ကဆုန်လသည် "ရေသွန်းလ" "ရေလောင်းလ"မည်ကြောင်း ပညာရှင်ဦးဖိုးလတ်က မိန့်ကြားခဲ့သည်။

မြတ်ဗုဒ္ဓနှင့်မဟာဗောဓိပင်သည် ခွဲခြား၍မရပေ။ မဟာဗောဓိပင်သည် ဘုရားရှင်၏ သင်္ကေတဖြစ်သည်။ ထို့ပြင် ဖွားတော်ဖက်တစ်ဦးလည်းဖြစ်သည်။ ထိုဗောဓိပင်အောက်မှာပင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်ဘုရားအဖြစ် ရောက်ရှိတော်မူသည်။ ထို့ကြောင့် မဟာဗောဓိပင်သည် ဘုရားရှင်၏ သေနာသန(ကျောင်း)ဖြစ်ခဲ့၍ ပရိဘောဂစေတီအဖြစ်ဘုရားရှင်ကဲ့သို့ပင်ရှိခိုး၊ ပူဇော်ခြင်းကိုခံထိုက်ပေသည်။ ဤမျှ ကျေးဇူးကြီးမားသော ဗောဓိပင်ကို ဘုရားရှင်သည် ဘုရားဖြစ်တော်မူစကပင် ခုနစ်ရက်ပတ်လုံး မမှိတ်မသုန်ကြည့်တော်မူခြင်းဖြင့် ကျေးဇူးဆပ်တော်မူသည်။

ဘုရားရှင်ဇောဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ကဖြစ်သည်။ လူအများသည် ဘုရားရှင်ထံ လာရောက်ဖူးမြော်ကြသည်။ သို့သော်အချို့မှာ ဘုရားရှင်ဒေသစာရိကြွချီတော်မူခိုက်နှင့်ကြုံ၍ မဖူးမြော်လိုက်ကြရပေ။ ထို့ကြောင့် ဘုရားရှင်သည် မိမိကိုယ်စားအဖူးအမြော်ခံနိုင်ရန် မူလဗောဓိပင်မှမျိုးစေ့ကိုဆောင်ယူစိုက်စေသည်။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့်ရုတ်ချည်းပေါက်လာသော ထိုညောင်ပင်အောက်၌ ဘုရားရှင်သည်တစ်ညတာ နိရောဝေသမာပါတ်ဝင်စားတော်မူသည်။ ပသေနဒီကောသလမင်းကြီး၊ အနာထပိဏ်သူဌေး၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ကုန်သည်လယ်လုပ်တို့သည် ထိုမဟာဗောဓိပင်ကို ဘုရားရှင်ကိုယ်တော်တိုင်အလား ပန်းနံ့သာ၊ ဆီမီး စသည်တို့ကို နေ့စဉ်ပူဇော်ကြသည်။

ပူရှိန်ပြင်းသည့်ကဆုန်လသို့ရောက်သောအခါ မင်းနှင့်ပြည်သူတို့သည် မဟာဗောဓိပင် မည်ကျော်စေရန် ရေသွန်းပူဇော်ပွဲ သဘင်ကိုကျင်းပကြ၏။ ထိုအချိန်မှစ၍ ကဆုန်ညောင်ရေသွန်းပွဲတော်ပေါ်ပေါက်လာဟန်ရှိသည်။

ပုဂံခေတ်ကတည်းကပင် မြန်မာနိုင်ငံတွင်ညောင်ရေသွန်းပွဲတော်များ ကျင်းပနေပြီဖြစ်ကြောင်း သိသာပေသည်။ အတိအကျ အခိုင်အမာအားဖြင့် ဆိုသော်'က(ဓ)နိပသ်ကူလေပြီဇော်၊ ညောင်မိဖုန်'ဟူသောသက္ကရာဇ် ၅၆၃၃ ထိုးသင်ကြီးညောင်အုပ်ကျောက်စာ (ကျော-၂-၃)နှင့်'မိဖုန်၊ သင်ကြီန်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စီလျှင်တ်အ်' ဟူသော သက္ကရာဇ် ၆၅၂ ခုနှစ်စွဲပုဂံမြို့စောလှဝန်းဘုရားကျောက်စာ(ကျော-၂၂-၂၃)အထောက်အထားများအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များရှိနေပြီဖြစ်ကြောင်းနှင့် ညောင်ရေသွန်းပွဲတော်ကျင်းပနေပြီဖြစ်ကြောင်းသိရှိနိုင်ပေသည်။

မြန်မာသက္ကရာဇ် ၆၈၄ ခုနှစ်၌ ပင်းယတွင် နန်းတက်ခဲ့သည့် ဥဇနာမင်းသည် သာသနာတော်ကို လွန်စွာကြည်ညိုမြတ်နိုးတော်မူသဖြင့် မင်းအဖြစ် သားတော်အစဉ်မြေးတော်အဆက်မြစ်တော်အညွှန့်အရွက်ရှည်စွာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပခဲ့ရာ ယခုကာလတိုင်အောင် ပင်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် မင်းပြုသော စစ်ကိုင်းမင်းမှစ၍ ရတနာပူရစတုတ္ထမြို့တည် နန်းတည်မင်းလက်ထက်တိုင်အမှုထမ်းခဲ့ရသော ထိုဝက်မစွတ်မြို့စားမင်း နဝဒေးရေးစပ်သီကုံးသည့်'လောကဝိဒူ' မော်ကွန်း၌ ထိုခေတ်ထိုအချိန်က ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့ပုံကို ပေါ်လွင်အောင် ရေးသားဖွဲ့ဆိုထားပါသည်။

'--- မိသ္ဓစက်ဦး၊ ကူးခဲ့ခေါက်တို့၊ နှလုံးတပါဒ်၊ နက္ခတ်မမှီ၊ ရာသီပြိဿ၊ ဒုတိယဟု၊ ကြတ္ထိကနဝင်း၊ ပါဒ်ဖြင့်ချဉ်း၍ ၊ တနင်္ဂနွေကျော်ဦးခေါင်းပေါ်သော်၊ ပူဇော်ညွှတ်တုပ်၊ ရှစ်ပန်းဆုပ်ဖြင့်၊ လက်ခုပ်တဖြောက်၊ ဧသံထောက်လျက်၊ ဆယ့်ခြောက်ဌာနီ၊ တစ်ရာသီဝယ်၊ ဝဇီရာခေါင်၊ ရွှေညောင်ဗောဓိ၊ ဒက္ခိဏာခ၊ ရုပ်ရှင်လှနှင့်၊ ဝဇီယရံသီ၊ သရီမွေပုံ၊ ရွှေစည်းခုံလည်း၊ ဖြာတုံတသန်း၊ နေ့ညဉ့်ထွန်းသား၊ ဘက်ကျွန်းမင်းသား၊ ကိုးကွယ်ရာကို၊ ဒီပါဇမ္ဗူ ရွှေပြည်သူတို့၊ ဆုယူရွှင်လန်း၊ တင်လျှဒါန်း၍၊ တိမ်ပန်းပဇွန်၊ ချိန်မ့ဲသုန်သည်၊ ကဆုန်ရွှေညောင်၊ ရေသွန်းတည်း'ဟုကဆုန်လဖွဲ့ကို ရေးသားစပ်ဆိုခဲ့ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲနှင့်စပ်လျဉ်း၍ စာပန်းချီရေးသီဖွဲ့ခဲ့သူ တစ်ဦးမှာ ဟံသာဝတီမင်း၏ ခမည်းတော်တနင်္ဂနွေမင်းလက်ထက်တွင် ထင်းရှားလှသော စာဆိုတော်ဆည်သည်ရွာစားဦးအောင်ကြီးဖြစ်သည်။ စာဆိုတော်ဦးအောင်ကြီးရေးဖွဲ့ခဲ့သော ကဆု နှ်လဖွဲ့ လူးတားတစ်ပုဒ်ကို ဖော်ပြလိုပါသည်။

'--- သာစွလေ၊ ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊ ဝိသာခါနှင့် ပြည့်လာအညီရာသီပြိဿ၊ အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလွင်ထက်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဇ္ဈူလှရာ၊ ပန်းတကာကို၊ မြူတာတကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလွန်းရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လည်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်။ အခါညောင်ရေသွန်းတည့်လေး။ ပွင့်လင်းစည်သည် ရွှေပြည်ရွှေဝန်နန်းတည်လေး'သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်တော်မူလာသော မဟာဗောဓိပင်ကြီး၏ သားတော်အစစ်ဖြစ်သော ဒက္ခိဏာသာခါမဟာဗောဓိပင်တော်ကို ရတနာပုံနေပြည်တော်တောင်ပြင်ဗောဓိပင်ကုန်းအရပ်၌ သာသနာသက္ကရာဇ် ၂၄ဝ၄ခုနှစ်ကောဇာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်တနလ်ာနေ့ နေ့တစ်ချက်တီးကျော် ၃ နာရီ (၂)ပါဒ်၊ (၅)ပီဇနာအချိန်၌ အမြောက်သံသုံးချက်ပေး၍ မြေမျိုး၊ ရေမျိုးစုံတို့ဖြင့်၊ ပတ္တမြား။ (၅)ရစ်စီ၊ အပေါက်တစ်ထောင်ပါသော ရွှေဖျဉ်းကြီးခံ၍ ဘဝရှင် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် စိုက်ပျိုးတော်မူခဲ့သည်။

ညောင်ရေသွန်းပွဲတော်သည် ကဆုန်လ၏ ရာသီပွဲတော်သာမက ဘာသာရေးပွဲတော်လည်းဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်များ အနက် မဟာဗောဓိပူဇာပွဲတော်ဖြစ်သည်။ ဗုဒ္ဓသာသနာထွန်းကားရာနေရာတိုင်း၌ "သာသနာတော်အစ မဟာဗောဓိပင်က" ဟူသော တူညီသောရည်ရွယ်ချက်ဖြင့် မဟာဗောဓိပင်အား ဘုရားရှင်ကိုယ်တိုင်အလား အမွှေးနံ့သာရေများဖြင့် သွန်းလောင်းပူဇော်ကြသည်။ ထေရဝါဒမြန်မာနိုင်ငံတွင်လည်း ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ညောင်ရေသွန်းလောင်းမည့်သူများသည် ဗောဓိပင်အနီး၌ သံယာတော်များထံမှ ငါးပါးသီလခံယူခြင်း၊ သံယာတော်များ ရွတ်ဆိုတော်မူကြသော "အနေကဇာတိသံသာရ" အစချီဥဒါန်း၇ါထာများနှင့် "ဇယန္တောဗောဓိယာ မူလေ" အစချီအာသီသ၇ါထာများကို နာယူကြရသည်။ ထို့နောက် ဗောဓိပင်ကို ဝန်းရံလျက်အမွှေး၊ နံ့သာရေတို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြရသည်။ မနွေလေးမြို့ ဗောဓိကုန်းအရပ်ရှိ မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သော မဟာဗောဓိပင်ပူဇော်ပွဲမှာ ခြိမ့်ခြိမ့်သဲမျှ စည်ကားလှပေသည်။ အမရပူရမြို့ ရွှေကြက်ယက်ဘုရားညောင်ရေသွန်းပွဲတော်သည်လည်း လွန်စွာမှ စည်ကားလှပေသည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အထူးမြတ်ဆုံးနေ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလသည် ဘုရားရှင်ဗျာဒိတ်တော်ရသောနေ့၊ ဘုရားရှင်မီးရှူးသန့်စင်ဖွားမြင်တော်မူသောနေ့၊ ဖွားဖက်တော် မဟာဗောဓိပင်ပေါက်ရောက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့စသည်တို့ကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် အထွတ်အမြတ်ထား၍ ကုသိုလ်ကောင်းမှုများပြုကာ ညောင်ရေသွန်းပွဲတော်ကျင်းပကြခြင်းဖြစ်ပေသည်။ ယခုအခါ ကုလသမဂ္ဂကတစ်ကမ္ဘာလုံး ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပြီးလည်းဖြစ်သည်။

ဗုဒ္ဓသာသနာထွန်းကားရာ နေရာတိုင်း၌ "သာသနာတော်အစ မဟာဗောဓိပင်က" ဟူသော တူညီသောရည်ရွယ်ချက်ဖြင့် မဟာဗောဓိပင်အား ဘုရားရှင်ကိုယ်တိုင်အလား အမွှေးနံ့သာရေများဖြင့် သွန်းလောင်းပူဇော်ကြသည်။

ဥဇနာမင်းမှစ၍ သားတော်အစဉ်မြေးတော်အဆက်မြစ်တော်အညွှန့်အရွက်ရှည်စွာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပခဲ့ရာ ယခုကာလတိုင်အောင် ပင်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် မင်းပြုသော စစ်ကိုင်းမင်းမှစ၍ ရတနာပူရစတုတ္ထမြို့တည် နန်းတည်မင်းလက်ထက်တိုင်အမှုထမ်းခဲ့ရသော ထိုဝက်မစွတ်မြို့စားမင်း နဝဒေးရေးစပ်သီကုံးသည့်'လောကဝိဒူ' မော်ကွန်း၌ ထိုခေတ်ထိုအချိန်က ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့ပုံကို ပေါ်လွင်အောင် ရေးသားဖွဲ့ဆိုထားပါသည်။

'--- မိသ္ဓစက်ဦး၊ ကူးခဲ့ခေါက်တို့၊ နှလုံးတပါဒ်၊ နက္ခတ်မမှီ၊ ရာသီပြိဿ၊ ဒုတိယဟု၊ ကြတ္ထိကနဝင်း၊ ပါဒ်ဖြင့်ချဉ်း၍ ၊ တနင်္ဂနွေကျော်ဦးခေါင်းပေါ်သော်၊ ပူဇော်ညွှတ်တုပ်၊ ရှစ်ပန်းဆုပ်ဖြင့်၊ လက်ခုပ်တဖြောက်၊ ဧသံထောက်လျက်၊ ဆယ့်ခြောက်ဌာနီ၊ တစ်ရာသီဝယ်၊ ဝဇီရာခေါင်၊ ရွှေညောင်ဗောဓိ၊ ဒက္ခိဏာခ၊ ရုပ်ရှင်လှနှင့်၊ ဝဇီယရံသီ၊ သရီမွေပုံ၊ ရွှေစည်းခုံလည်း၊ ဖြာတုံတသန်း၊ နေ့ညဉ့်ထွန်းသား၊ ဘက်ကျွန်းမင်းသား၊ ကိုးကွယ်ရာကို၊ ဒီပါဇမ္ဗူ ရွှေပြည်သူတို့၊ ဆုယူရွှင်လန်း၊ တင်လျှဒါန်း၍၊ တိမ်ပန်းပဇွန်၊ ချိန်မ့ဲသုန်သည်၊ ကဆုန်ရွှေညောင်၊ ရေသွန်းတည်း'ဟုကဆုန်လဖွဲ့ကို ရေးသားစပ်ဆိုခဲ့ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲနှင့်စပ်လျဉ်း၍ စာပန်းချီရေးသီဖွဲ့ခဲ့သူ တစ်ဦးမှာ ဟံသာဝတီမင်း၏ ခမည်းတော်တနင်္ဂနွေမင်းလက်ထက်တွင် ထင်းရှားလှသော စာဆိုတော်ဆည်သည်ရွာစားဦးအောင်ကြီးဖြစ်သည်။ စာဆိုတော်ဦးအောင်ကြီးရေးဖွဲ့ခဲ့သော ကဆု နှ်လဖွဲ့ လူးတားတစ်ပုဒ်ကို ဖော်ပြလိုပါသည်။

'--- သာစွလေ၊ ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊ ဝိသာခါနှင့် ပြည့်လာအညီရာသီပြိဿ၊ အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလွင်ထက်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဇ္ဈူလှရာ၊ ပန်းတကာကို၊ မြူတာတကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလွန်းရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လည်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်။ အခါညောင်ရေသွန်းတည့်လေး။ ပွင့်လင်းစည်သည် ရွှေပြည်ရွှေဝန်နန်းတည်လေး'သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်တော်မူလာသော မဟာဗောဓိပင်ကြီး၏ သားတော်အစစ်ဖြစ်သော ဒက္ခိဏာသာခါမဟာဗောဓိပင်တော်ကို ရတနာပုံနေပြည်တော်တောင်ပြင်ဗောဓိပင်ကုန်းအရပ်၌ သာသနာသက္ကရာဇ် ၂၄ဝ၄ခုနှစ်ကောဇာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်တနလ်ာနေ့ နေ့တစ်ချက်တီးကျော် ၃ နာရီ (၂)ပါဒ်၊ (၅)ပီဇနာအချိန်၌ အမြောက်သံသုံးချက်ပေး၍ မြေမျိုး၊ ရေမျိုးစုံတို့ဖြင့်၊ ပတ္တမြား။ (၅)ရစ်စီ၊ အပေါက်တစ်ထောင်ပါသော ရွှေဖျဉ်းကြီးခံ၍ ဘဝရှင် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် စိုက်ပျိုးတော်မူခဲ့သည်။

ညောင်ရေသွန်းပွဲတော်သည် ကဆုန်လ၏ ရာသီပွဲတော်သာမက ဘာသာရေးပွဲတော်လည်းဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်များ အနက် မဟာဗောဓိပူဇာပွဲတော်ဖြစ်သည်။ ဗုဒ္ဓသာသနာထွန်းကားရာနေရာတိုင်း၌ "သာသနာတော်အစ မဟာဗောဓိပင်က" ဟူသော တူညီသောရည်ရွယ်ချက်ဖြင့် မဟာဗောဓိပင်အား ဘုရားရှင်ကိုယ်တိုင်အလား အမွှေးနံ့သာရေများဖြင့် သွန်းလောင်းပူဇော်ကြသည်။ ထေရဝါဒမြန်မာနိုင်ငံတွင်လည်း ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ညောင်ရေသွန်းလောင်းမည့်သူများသည် ဗောဓိပင်အနီး၌ သံယာတော်များထံမှ ငါးပါးသီလခံယူခြင်း၊ သံယာတော်များ ရွတ်ဆိုတော်မူကြသော "အနေကဇာတိသံသာရ" အစချီဥဒါန်း၇ါထာများနှင့် "ဇယန္တောဗောဓိယာ မူလေ" အစချီအာသီသ၇ါထာများကို နာယူကြရသည်။ ထို့နောက် ဗောဓိပင်ကို ဝန်းရံလျက်အမွှေး၊ နံ့သာရေတို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြရသည်။ မနွေလေးမြို့ ဗောဓိကုန်းအရပ်ရှိ မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သော မဟာဗောဓိပင်ပူဇော်ပွဲမှာ ခြိမ့်ခြိမ့်သဲမျှ စည်ကားလှပေသည်။ အမရပူရမြို့ ရွှေကြက်ယက်ဘုရားညောင်ရေသွန်းပွဲတော်သည်လည်း လွန်စွာမှ စည်ကားလှပေသည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အထူးမြတ်ဆုံးနေ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလသည် ဘုရားရှင်ဗျာဒိတ်တော်ရသောနေ့၊ ဘုရားရှင်မီးရှူးသန့်စင်ဖွားမြင်တော်မူသောနေ့၊ ဖွားဖက်တော် မဟာဗောဓိပင်ပေါက်ရောက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့စသည်တို့ကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် အထွတ်အမြတ်ထား၍ ကုသိုလ်ကောင်းမှုများပြုကာ ညောင်ရေသွန်းပွဲတော်ကျင်းပကြခြင်းဖြစ်ပေသည်။ ယခုအခါ ကုလသမဂ္ဂကတစ်ကမ္ဘာလုံး ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပြီးလည်းဖြစ်သည်။

ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့သို့ ဆိုင်ကယ်များ ထပ်မံထုတ်ပေး

နေပြည်တော် မေ ၁

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားနိုင်ငံခြားသား ဧည့်သည်များ ဝင်ရောက်လာမှုမှာ ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် သိသိသာတိုးတက်လာခဲ့သည်။

ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြား ဧည့်သည်များ သွားလာနေထိုင်မှု လုံခြုံအဆင်ပြေရန် တာဝန်ထမ်းဆောင်နေသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့က လုပ်ငန်းခွင်တွင် အဆင်ပြေစေရန် Jinpheng ၂၅ဝ ဆိုင်ကယ်အမျိုးအစား အစီး ၄ဝ ကို ထပ်မံထုတ်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားဧည့်သည်များ မြန်မာနိုင်ငံအတွင်းသို့ ယခင်ကထက် ဝင်ရောက်လာမှုပိုမိုများလာသည့်အတွက်ဒေသအချို့တွင် ရုံးသစ်များ ထပ်မံတိုးချဲ့ရကြောင်း၊ တိုးချဲ့ဖွင့်လှစ်သည့်နေရာများတွင် တာဝန်ကျ ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အဆင်ပြေစေရေး Jinpheng ၂၅ဝ ဆိုင်ကယ်အမျိုးအစား အစီး ၄ဝ ကိုဖြည့်ဆည်းပေးထားကြောင်း၊ အဆိုပါ ဝန်ထမ်းများ လုပ်ငန်းခွင်တွင်ကျွမ်းကျင်မှုရှိစေရန် ဆိုင်ကယ်စီးသင်တန်းကို ဧပြေလ ဒုတိယပတ်မှ စတင်ပြီး ငါးရက်တိတိ လက်တွေ့ပို့ချပေးခဲ့ကြောင်း၊ ယခုလက်ရှိ ဖွင့်လှစ်ထားသည့် ရုံးများတွင်လည်း လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းအသုံးပြုသွားမည် ဖြစ်ကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင်ထံမှ သိရသည်။

ယခင်က ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့တွင် လုပ်ငန်းသုံး ကား ၃၄ စီး၊ ဆိုင်ကယ် ၃၄ စီးနှင့် စက်ဘီး အစီး ၂ဝ တို့ဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိရာ ယခုထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်သည့် ရုံးသစ်များတွင် Jinpheng ၂၅ဝ ဆိုင်ကယ်အမျိုးအစား အစီး ၄ဝ ကို ထပ်မံဖြည့်ဆည်းပေးခဲ့သဖြင့် ဆိုင်ကယ် စုစုပေါင်း ၇၄ စီးဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း -ဇူလိုင်မိုး (မြန်မာ့အလင်း)
ဓာတ်ပုံ-အိမ့်ထက်မျူး

ကလေးဝမြို့ဂုဏ်ဆောင် လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်နှင့် ပန်းခြံတည်ဆောက်မည်

ကလေးဝ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့အဝင် မြစ်သာတံတားကြီးအနီးတွင် မြို့ဂုဏ်ဆောင်လွတ်လပ်ရေးအထိမ်းအမှတ် လွတ်လပ်ရေးကျောက်တိုင်နှင့် ဆက်စပ်တည်ရှိမည့် ပြည်သူ့ပန်းခြံတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်နိုင်ရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဝင်း၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်အတူ ဧပြီ ၃ဝ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနရုံးခန်းမ၌ တွေ့ဆုံညှိနှိုင်းသည်။

ယင်းနောက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လွတ်လပ်ရေးကျောက်တိုင်နှင့် ပြည်သူ့ပန်းခြံတည်ဆောက်မည့် မြေနေရာများကို ကွင်းဆင်းကြည့်ရှုကြပြီး ဆောက်လုပ်မှုများပြီးစီးပါက အများပြည်သူအတွက် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည့်အတွက် အမြန်ဆုံး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

ဂျူနိုင်း

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

တိုင်းပြည်၌ အရေးတကြီးလိုအပ်နေသည့် အနည်းဆုံးလုပ်ခလစာဥပဒေကို မကြာမီ ပြဋ္ဌာန်းနိုင်တော့မည်

ရန်ကုန် မေ ၁

လက်ရှိအစိုးရ စတင်တာဝန်ယူချိန်ကစပြီး လွှမ်းခြုံသောအမျိုးသားစီးပွားရေးပုံစံတစ်ခုရှိရန် ကြိုးပမ်းတည်ဆောက်ခဲ့ပါကြောင်း၊ သို့သော် ကဏ္ဍများစွာ၊ အခြေအနေများစွာနှင့် ချိတ်ဆက် ချိန်ညှိဆောင်ရွက်ရသည်ဖြစ်၍ အချိန်ယူဆောင်ရွက်ရပါကြောင်း၊ များမကြာမီ တိုင်းပြည်၌ အရေးတကြီးလိုအပ်နေသည့် အနည်းဆုံးလုပ်ခလစာ ဥပဒေကို ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဤသည်မှာ အခြေခံအချက်အလက် တစ်ခုမျှသာဖြစ်ပါကြောင်း၊ လက်ရှိတွင်လည်း လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှု၊ အဓမ္မလုပ်အားပေး ပယောက်ရေး၊ ကလေးလုပ်သားပယောက်ရေး၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှု ပယောက်ရေးဆိုသည့် ကိစ္စများကို လည်း အုပ်ချုပ်ရေးအဆင့်ဆင့်အနေဖြင့် ဖော်ဆောင်လျက်ရှိပါကြောင်းဖြင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ အောင်မြေသာယာ ဘောလုံးကွင်း၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် အလုပ်သမားနေ့(မေဒေးနေ့)အခမ်းအနား၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားသည်။

လက်ရှိတွင် အခြေခံအလုပ်သမားသမဂ္ဂပေါင်း ၁၆၀၀ ကျော်၊ အဖွဲ့ချုပ်နှစ်ခုနှင့် အလုပ်သမားကွန်ရက်များပေါ်ပေါက်ခဲ့ပြီး ယနေ့ဦးသိန်းစိန်၏ ၂၀၁၅ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အရေးများကို ဖန်တီးနိုင်ရန်အတွက် မိမိတို့အနေဖြင့် ILO ၏ မဟာဗျူဟာမြောက် ပန်းတိုင်လေးရပ်ဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ခြင်း၊ လုပ်ငန်းခွင်အတွင်း အခွင့်အရေးများကို အာမခံနိုင်ခြင်း၊ လူမှုစီးပွားဘဝလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို တိုးချဲ့ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းခွင်အတွက် ဆွေးနွေးညှိနှိုင်းမှုများ တိုးတက်စေခြင်းဆိုသည့်အချက်လေးချက်ကို ကျား/မ တန်းတူ အခွင့်အရေးဆိုသည့်ကိစ္စရပ်များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပထမအချက်ဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု၊ စွန့်ဦးတီထွင်မှု၊ လုပ်သားများ၏ စွမ်းဆောင်ရည်တိုးတက်မှုနှင့် သက်မွေးဝမ်းကျောင်းမှ ရေရှည်တည်တံ့ခိုင်မာမှုရှိသည့် စီးပွားရေးစနစ်တစ်ရပ်ပေါ်ပေါက်လာအောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် မိမိတို့နိုင်ငံ၏အခြေအနေနှင့် ချိတ်ဆက်ပြီး အနည်းငယ်ရှင်းလင်းပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရင်ဆိုင်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ၂၀၁၅ ခုနှစ် အလုပ်သမားနေ့(မေဒေးနေ့)အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယအချက်နှင့် တတိယအချက်များဖြစ်သည့် လုပ်ငန်းခွင်အတွင်း အခွင့်အရေးများ မြှင့်တင်ပေးခြင်းနှင့် လူမှုစီးပွားဘဝကာကွယ်ပေးခြင်းဆိုသည့် ကိစ္စရပ်များသည်လည်း ပထမရည်မှန်းချက်ကို အကောင်အထည်ဖော်လာနိုင်သည်နှင့် အမျှတစ်ဆက်တည်း လိုက်ပါလာနိုင်မည်ဖြစ်ပါကြောင်း၊ နောက်ဆုံး စတုတ္ထအချက်ဖြစ်သည့် လုပ်ငန်းခွင်အတွက် လူမှုရေးဆွေးနွေးမှုများ တိုးတက်စေခြင်းဆိုသည့် အချက်သည် အရေးကြီးသော စက်မှုလက်မှုဆက်ဆံရေးသည် လက်ခုပ်တီးသလိုပင် ဖြစ်ကြောင်း၊ တစ်ဖက်တည်းနှင့် အသံမမြည်နိုင်ဘဲ အလုပ်ရှင် အလုပ်သမားလက်နှစ်ဖက်လုံး၏ဟန်ချက်ညီမှသာ အသံညီညီ ညာညာထွက်မည် ဖြစ်ပါကြောင်း။

ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွန့်ဦးတီထွင်မှု၊ အလုပ်သမားအရည်အသွေး၊ လုပ်ငန်းခွင်သာယာမှု၊ လုပ်သားထု၏ လူမှုစီးပွားဘဝလုံခြုံမှု၊ အနာဂတ်အာမခံမှု၊ အလုပ်သမားအခွင့်အရေးကာကွယ်မှုစသည့် မဟာဗျူဟာမြောက်လွှမ်းခြုံမှုများပါဝင်သည့် အမျိုးသားစီးပွားပုံစံတစ်ရပ်သည် အစိုးရ၏စွမ်းဆောင်မှု တစ်ခုတည်းနှင့် မလုံလောက်ဘဲ တိုင်းပြည်၏ စီးပွားရေးမှာ အဓိကဝင်ရိုးဖြစ်သည့် လုပ်သားထုနှင့် စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှု၊ လုံ့လပြအားထုတ်မှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ နိုင်ငံတည်ဆောက်ရေးအမြင်ရှိမှုများလိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း အလုပ်သမားထုများ၊ စီးပွားရေးလုပ်ငန်းများအားလုံးနှင့်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်ကိုင်းကျွန်းမှီ အပြန်အလှန်မှီခို ဖွံ့ဖြိုးစေရန် စဉ်ဆက်မပြတ်ဆွေးနွေးနေသည့် ဖြစ်စဉ်များ လိုအပ်ပါကြောင်း၊ လုပ်ငန်းခွင်အငြင်းပွားမှုများကို ရှောင်ရှားနိုင်ပြီး အလုပ်ရှင်အလုပ်သမားနှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည့် ဗိုင်ယာလေ့များ ပေါ်ပေါက်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ စနစ်တကျပေါ်ပေါက်ရန် လိုအပ်ပါကြောင်း၊ ဤသည်မှာ ထုတ်ကုန်တိုးတက်ခြင်း၊ တိုင်းပြည်၏ စီးပွားတိုးတက်ခြင်းအတွက်သာမက စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်ခြင်းဆိုသည်အထိ ကျယ်ပြန့်သောကိစ္စပင်ဖြစ်ကြောင်း၊ ခိုင်ခံ့သော စက်မှုလက်မှုဆက်ဆံရေးသည် လက်ခုပ်တီးသလိုပင် ဖြစ်ကြောင်း၊ တစ်ဖက်တည်းနှင့် အသံမမြည်နိုင်ဘဲ အလုပ်ရှင် အလုပ်သမားလက်နှစ်ဖက်လုံး၏ဟန်ချက်ညီမှသာ အသံညီညီ ညာညာထွက်မည် ဖြစ်ပါကြောင်း။

ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွန့်ဦးတီထွင်မှု၊ အလုပ်သမားအရည်အသွေး၊ လုပ်ငန်းခွင်သာယာမှု၊ လုပ်သားထု၏ လူမှုစီးပွားဘဝလုံခြုံမှု၊ အနာဂတ်အာမခံမှု၊ အလုပ်သမားအခွင့်အရေးကာကွယ်မှုစသည့် မဟာဗျူဟာမြောက်လွှမ်းခြုံမှုများပါဝင်သည့် အမျိုးသားစီးပွားပုံစံတစ်ရပ်သည် အစိုးရ၏စွမ်းဆောင်မှု တစ်ခုတည်းနှင့် မလုံလောက်ဘဲ တိုင်းပြည်၏ စီးပွားရေးမှာ အဓိကဝင်ရိုးဖြစ်သည့် လုပ်သားထုနှင့် စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှု၊ လုံ့လပြအားထုတ်မှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ နိုင်ငံတည်ဆောက်ရေးအမြင်ရှိမှုများလိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း အလုပ်သမားထုများ၊ စီးပွားရေးလုပ်ငန်းများအားလုံးနှင့်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

တိုင်းပြည်တစ်ပြည်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တည်ငြိမ်မှုအဆင့်တစ်ခုရှိမှသာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကို ဖော်ဆောင်နိုင်မည်

အလုပ်ရှင်နှင့် အလုပ်သမားအကြား လုပ်ငန်းတိုးတက်ရန်အတွက် အရေးကြီးသည့် ဆွေးနွေးညှိနှိုင်းမှုများ ရှိနေခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့်အချက်ပင်ဖြစ်

အခမ်းအနားကျင်းပနေသည့် CTUM ဆိုလျှင် အဖွဲ့ဝင်သမဂ္ဂပေါင်း ၅၉၀ ကျော်ရှိပြီဟု ဝမ်းသာစရာသိရှိရပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ကြီးတွေ့နေရသည့် ပြဿနာများ အားလုံးသည် နိုင်ငံရေးပြဿနာများ ဖြစ်ပြီး ပုံစံတကျရှိသော အမျိုးသားစီးပွားပုံစံတစ်ရပ်ကို တည်ဆောက်နိုင်ရန် နိုင်ငံရေးအရ ရွေးချယ်ဆောင်ရွက်ပြီး မူဝါဒတစ်ရပ်ချမှတ်ရမည်ဖြစ်ပါကြောင်း၊ သို့အတွက် လိုအပ်သည့် အခြားဆက်စပ်နေသော ကဏ္ဍများအတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရပါကြောင်း၊ တစ်ဆက်တည်း ပြောရလျှင် တိုင်းပြည်တစ်ပြည်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တည်ငြိမ်မှုအဆင့်တစ်ခုရှိမှသာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကို ပါကြောင်း၊ တိုင်းပြည်တစ်ပြည်၏ ထုတ်ကုန်တိုးတက်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုအားကောင်းခြင်းနှင့် လုပ်သားအင်အားကြီးမားခြင်း ဆိုသည်မှာ သပ်သပ်စီမဟုတ်ပါကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား လုပ်ငန်းတိုးတက်ရန်အတွက် အရေးကြီးသည့် ဆွေးနွေးညှိနှိုင်းမှုများ ရှိနေခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့်အချက်ပင်ဖြစ်ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည်မှာ လုပ်ငန်းတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ခြင်းဖြစ်သည့်အတွက် အလုပ်ရှင်နှင့် အလုပ်သမားအကြား တစ်ဦးနှင့်တစ်ဦး ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြန်အလှန်မှီခို ဖွံ့ဖြိုးစေရန် စဉ်ဆက်မပြတ်ဆွေးနွေးနေသည့် ဖြစ်စဉ်များ လိုအပ်ပါကြောင်း၊ လုပ်ငန်းခွင်အငြင်းပွားမှုများကို ရှောင်ရှားနိုင်ပြီး အလုပ်ရှင်အလုပ်သမားနှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည့် ဗိုင်ယာလေ့များ ပေါ်ပေါက်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ စနစ်တကျပေါ်ပေါက်ရန် လိုအပ်ပါကြောင်း၊ ဤသည်မှာ ထုတ်ကုန်တိုးတက်ခြင်း၊ တိုင်းပြည်၏ စီးပွားတိုးတက်ခြင်းအတွက်သာမက စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်ခြင်းဆိုသည်အထိ ကျယ်ပြန့်သောကိစ္စပင်ဖြစ်ကြောင်း၊ ခိုင်ခံ့သော စက်မှုလက်မှုဆက်ဆံရေးသည် လက်ခုပ်တီးသလိုပင် ဖြစ်ကြောင်း၊ တစ်ဖက်တည်းနှင့် အသံမမြည်နိုင်ဘဲ အလုပ်ရှင် အလုပ်သမားလက်နှစ်ဖက်လုံး၏ဟန်ချက်ညီမှသာ အသံညီညီ ညာညာထွက်မည် ဖြစ်ပါကြောင်း။

ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွန့်ဦးတီထွင်မှု၊ အလုပ်သမားအရည်အသွေး၊ လုပ်ငန်းခွင်သာယာမှု၊ လုပ်သားထု၏ လူမှုစီးပွားဘဝလုံခြုံမှု၊ အနာဂတ်အာမခံမှု၊ အလုပ်သမားအခွင့်အရေးကာကွယ်မှုစသည့် မဟာဗျူဟာမြောက်လွှမ်းခြုံမှုများပါဝင်သည့် အမျိုးသားစီးပွားပုံစံတစ်ရပ်သည် အစိုးရ၏စွမ်းဆောင်မှု တစ်ခုတည်းနှင့် မလုံလောက်ဘဲ တိုင်းပြည်၏ စီးပွားရေးမှာ အဓိကဝင်ရိုးဖြစ်သည့် လုပ်သားထုနှင့် စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှု၊ လုံ့လပြအားထုတ်မှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ နိုင်ငံတည်ဆောက်ရေးအမြင်ရှိမှုများလိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း အလုပ်သမားထုများ၊ စီးပွားရေးလုပ်ငန်းများအားလုံးနှင့်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဝင် နည်းပညာအကြံပေးအရာရှိ Mr. Christopher Land-Kazlauskas က " မေဒေးဆိုတာ ကမ္ဘာပေါ်မှာ အလုပ်သမားတိုင်းအတွက် ရုံးပိတ်ရက်ဖြစ်တာကြောင့် လွတ်လပ်တဲ့ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးတဲ့နေ့ဖြစ်တယ်။ ကျွန်တော့်ရဲ့မွေးရပ်ဇာတိဖြစ်တဲ့ အမေရိကန်မှာ ၁၈ ရာစုလောက်ကစတင်ပြီး ချီကာဂို အလုပ်သမားသမိုင်းများမှ မေဒေးသမိုင်းဖြစ်လာခဲ့ပါတယ်။ ကျွန်တော် ကိုယ်တိုင်က အလုပ်သမားတစ်ယောက်ဖြစ်တာကြောင့် မေဒေးနေ့ဟာ ကျွန်တော့်အတွက် အလွန်အရေးကြီးတဲ့နေ့ဖြစ်ပါတယ်။ အလုပ်သမားသမဂ္ဂများ၏ ရပိုင်ခွင့်များအတွက် တောင်းဆိုထားတဲ့ အလုပ်သမားလှုပ်ရှားမှုများနှင့် ဆက်စပ်နေတဲ့နေ့ဖြစ်တယ်။ သင့်လျော်ကောင်းမွန်တဲ့အလုပ်များရရှိရေးအတွက် ဖော်ဆောင်ကြတဲ့ အစီအစဉ်များက အစိုးရရဲ့ တာဝန်တစ်ရပ်သာမဟုတ်ဘဲ အလုပ်သမားအဖွဲ့အစည်းများက မိမိတို့၏အကြံဉာဏ်ထင်မြင်ယူဆချက်များပါဝင်ကာ ပိုင်းဝန်းထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြဖို့လိုတယ်။ သင့်လျော်တဲ့ဥပဒေများ သတ်မှတ်နိုင်ဖို့အတွက် မိမိတို့ကိုယ်စားပြုတဲ့ အလုပ်ရှင် အလုပ်သမားများရဲ့ အကြံဉာဏ်များရယူပြီး အစိုးရကို ထိရောက်တဲ့မူဘောင်များကို ပိုင်းဝန်းဆွေးနွေးပေးကြဖို့လည်း လိုတယ်။ ဒီနေ့ ဒီနေရာမှာ ကြည့်လိုက်ရင် အစိုးရဌာနဆိုင်ရာများကို အလုပ်သမားများနဲ့အတူတကွ တက်ရောက်တာကို တွေ့ရတဲ့အတွက် ကောင်းမွန်တဲ့ အချက်ဖြစ်တယ်"ဟု နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် မြန်မာနိုင်ငံရုံး ဒါရိုက်တာ မစ္စတာ ရှီဂါးရု နာဂရိုးမားက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယနေ့အခမ်းအနားကို မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း Care International တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပေးခြင်း၊ အမျိုးသမီးများ ကျန်းမာရေးအတွက် ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာများကို စစ်ဆေးပေးခြင်း၊ လုပ်ငန်းခွင်အတွင်း အလုပ်ရှင် အလုပ်သမားဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်အတွက် ညှိနှိုင်းဖြေရှင်းမှုများပြုလုပ်နိုင်ရန် အသိပညာပေးဆွေးနွေးခြင်း၊ ရွှေ့ပြောင်း အလုပ်သမားရေးရာကိစ္စနှင့်စပ်လျဉ်း၍ ပညာပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ အလုပ်သမားသမဂ္ဂများနှင့် လူမှုအဖွဲ့အစည်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့မှ အလုပ်သမား ၁၅၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

၁၈၈၆ ခုနှစ်တွင် အမေရိကန်၌ အလုပ်ချိန် ၈ နာရီတောင်းဆိုသည့် အထွေထွေသပိတ်ကို အကြောင်းပြု၍ ပထမအကြိမ် မေဒေးနေ့ကို လွန်ခဲ့သောနှစ်ပေါင်း ၁၂၅ နှစ်ဖြစ်သည့် ၁၈၉၀ ပြည့်နှစ်က ကျင်းပခဲ့သည်။ ပြင်သစ်တော်လှန်ရေး နှစ်တစ်ရာပြည့် အခမ်းအနားကို လွတ်လပ်မှု၊ တရားမျှတမှု မေတ္တာတရားတို့၏ အမှတ်သင်္ကေတအနေဖြင့် နိုင်ငံတကာ ညီလာခံကို ၁၈၉၀ မတိုင်မီနှစ်၏ ဇူလိုင်လတွင် ကျင်းပခဲ့ပြီး အဆိုပါ ညီလာခံမှ မေဒေးနေ့အဖြစ် တစ်ကမ္ဘာလုံး ကျင်းပနိုင်ရန် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာသင်ဆုရစာရင်းများ မေ ၅ ရက်တွင် ထုတ်ပြန်ကြေညာမည်

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ချီးမြှင့်ပံ့ပိုးပေးသော အလယ်တန်းနှင့် အထက်တန်း ပညာသင်ဆုရစာရင်းများကို လာမည့် မေ ၅ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပညာသင်ဆုတွင် အလယ်တန်းပညာသင်ဆုနှင့် အထက်တန်းပညာသင်ဆုဟူ၍ နှစ်မျိုးခွဲခြား ချီးမြှင့်ခြင်းဖြစ်ပြီး အလယ်တန်းပညာသင်ဆုရသော ကျောင်းသား ကျောင်းသူများသည် ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ နှစ်စဉ် ထောက်ပံ့ငွေများရရှိမည်ဖြစ်ကာ အထက်တန်း ပညာသင်ဆုတွင် နဝမတန်း၊ ဒသမတန်းအထိ နှစ်စဉ် ထောက်ပံ့ငွေရရှိမည်ဖြစ်သည်။

အဆိုပါ ထုတ်ပြန်သွားမည့်စာရင်းတွင် အထက်တန်းပညာသင်ဆုအတွက် ၄၆ ဦးနှင့် အလယ်တန်း ပညာသင်ဆုအတွက် ၁၂၁ ဦးတို့၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ဆုရစာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ အလယ်တန်း ပညာသင်ဆုတွင် လစဉ်တစ်လလျှင် ငွေကျပ်တစ်သောင်းခွဲဖြစ်ပြီး အထက်တန်းပညာသင်ဆုသည် လစဉ်တစ်လလျှင် ငွေကျပ်သုံးသောင်းဖြစ် ကြောင်း သိရသည်။

ယခုကဲ့သို့ ချီးမြှင့်ထောက်ပံ့မှုများတွင် ပညာသင်ကြားရန် ချို့တဲ့သော ကလေးများအတွက် ပံ့ပိုးပေးခြင်းများရှိသကဲ့သို့ ပညာထူးချွန် ကလေးများအတွက်လည်း ပညာသင်ထောက်ပံ့ကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)

တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာဖူလုံရေးအတွက် လယ်ယာကဏ္ဍက အဓိကမောင်းနှင်ပေးလျက်ရှိ

နေပြည်တော် မေ ၁

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)က ထောက်ပံ့သည့် လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဒဂ္ဂိုဏာသီရိမြို့နယ် ဟိုတယ်ဇုန်အနီးရှိ အဆင့်မြင့် စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ တစ်ဆက်တစ်စပ်တည်း စံပြစိုက်ခင်းဌာနကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်ပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဒုတိယသမ္မတ ဦးဘဏ်ထွန်းနှင့် တာဝန်ရှိသူများ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ထောက်ပံ့ပေးအပ်သည့် လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အခမ်းအနားများသို့ ဒုတိယသမ္မတ ဦးဘဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာတာတရှိဟိုဂူချီ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဂိတအစည်းအရုံးနှင့် စာရေးဆရာအသင်းတို့မှ ပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အခမ်းအနားကျင်းပသည့် စံပြစိုက်ခင်းသို့ ရောက်ရှိပြီး ဒေသခံ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် လုပ်ကွက်ငယ်တောင်သူများ စားနပ်ရိက္ခာဖူလုံစေရေး အကူအညီ စီမံကိန်းအစီအစဉ်အရ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ထောက်ပံ့ပေးအပ်သည့် လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ခြင်းအစီအစဉ်ကိုကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က JICA က ကူညီဖြည့်ဆည်းပေးမည့် လယ်ယာသုံးစက်ကိရိယာများ ဖြစ်သည့် ကူဘိုတာထွန်စက် ၉၃ စီး၊ ကူဘိုတာ ရိတ်သိမ်းခြွေလှေစက် ၁၀ စီး၊ ခြောက်သွားထွန် ၉၂ လက်နှင့် ဓားစက်ထွန် ၉၂ လက်တို့ကို ထောက်ပံ့ကူညီပေးသည့်အတွက် တောင်သူလယ်သမားများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံခေါင်းဆောင်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို မြစ်ဖျားခံပြီး ပညာရှင်အချင်းချင်း ကူညီမှု၊ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ အဆင့်ထိ ရောက်ရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာတာတရှိဟိုဂူချိုက ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အကူအညီများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လယ်ယာသုံး စက်ကိရိယာများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ဂျပန် သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးဘဏ်ထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအတွက် လယ်ယာကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာဖူလုံရေးအတွက် လယ်ယာကဏ္ဍက အဓိကမောင်းနှင်ပေးလျက် ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးတွင် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့အနက် စိုက်ပျိုးရေးကဏ္ဍကူးပြောင်းရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ထိုသို့ပြောင်းလဲရာတွင် အပြောလွယ်သော်လည်း အလုပ်ခက်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် လက်တွေ့လုပ်ကိုင်ကြရသည့်အတွက် ထိုအခက်အခဲများကို သိရှိကြပါကြောင်း၊သို့သော် ထိုအခက်အခဲများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ထိုသို့ပြောင်းလဲရန်လည်း မိမိတို့တွင် စွမ်းအားများ ရှိကြပါကြောင်း။

ထိုသို့ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် နိုင်ငံတော်က တောင်သူလယ်သမားများအတွက် နည်းပညာ၊ မျိုးစပါး၊ စက်ကိရိယာများ စသည့် လိုအပ်ချက်များ ထောက်ပံ့ပေးသွားရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးသည့်သီးနှံများသည်လည်း စျေးကွက်ဝင်သီးနှံများဖြစ်ပြီး ကျေးလက်ကို စျေးကွက်နှင့် မိတ်ဆက်ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် တောင်သူလယ်သမားများအပါအဝင် အဘက်ဘက်က ဝိုင်းဝန်းဆောင်ရွက်ပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဘဏ်ထွန်းနှင့် ဧည့်သည်တော်များသည် JICA မှ ထောက်ပံ့ပေးအပ်သည့် လယ်ယာသုံးစက်ကိရိယာများအား လှည့်လည်ကြည့်ရှုကြပြီး အဆိုပါ စံပြစိုက်ခင်းဌာနကြီးသည့် ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ဝတ်မှုန်ကူးပွဲတော်ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာတာတရှိဟိုဂူချိနှင့် JICA မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာကီချိရိုနာကာဇာဝါတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ဝတ်မှုန်ကူးပွဲတော်သို့ ပါဝင်တက်ရောက်ကြသည့် စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူလယ်သမားများအား စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အောင်သုခကျေးရွာရှိ ၂၀၁၅ ခုနှစ် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် လယ်ယာထူးချွန်ဆုရ တောင်သူ ဦးကျော်ဝင်း၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပုလဲသွယ်ဆွေစပါးစိုက်ခင်းများကိုလည်းကောင်း၊ တဲကြီးကုန်းကျေးရွာအနီးရှိ မြန်မာနယူးရောကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး(F1) မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ခင်း၌ ဝတ်မှုန်ကူးပွဲတော် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ အလျင်လိုကျေးရွာအနီးရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး(F1) မျိုးစေ့ထုတ် ဧက ၃၄၄ စိုက်ခင်းများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် လက်တံမြောင်းတစ်လျှောက်ရှိ ဖြစ်ထွန်း အောင်မြင်လျက်ရှိသော တစ်ဆက်တစ်စပ်တည်း နွေစပါးစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

နိုင်ငံတော်အစိုးရသစ် သက်တမ်းကာလတစ်လျှောက်တွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှာ ၂၀၁၁ ခုနှစ်တွင် အရည်အသွေးပြည့်မီသော မျိုးစပါးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ် ဖွံ့ဖြိုးရေးစီမံကိန်း၊ ၂၀၁၂ ခုနှစ်တွင် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးကဏ္ဍရှိ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာဌာနများ၏ အရည်အသွေးမြှင့်တင်ရေး စီမံကိန်းနှင့် အခွင့်အရေးနည်းပါးသော လယ်သမားများအတွက် စားနပ်ရိက္ခာဖူလုံရေးစီမံကိန်း၊ ၂၀၁၄ ခုနှစ်တွင် ပဲခူးအနောက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း အဆင့်မြင့်စက်မှုလယ်ယာစနစ်ဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများမှာ ဒဂ္ဂိုဏာသီရိမြို့နယ်တွင် ၃၅၈၉ ဧက၊ ဇေယျာသီရိမြို့နယ်တွင် ၅၂၅ ဒသမ ၇၆ ဧက၊ ဇမ္ဗူသီရိမြို့နယ်တွင် ၁၀၆၃ ဒသမ ၅၃ ဧက၊ ပုဗ္ဗသီရိမြို့နယ်တွင် ၁၄၈၂ ဧက၊ ပျဉ်းမနားမြို့နယ်တွင် ၁၃၂၁ ဧက၊ လယ်ဝေးမြို့နယ်တွင်ဧက ၇၀၀၊ ဥတ္တရသီရိမြို့နယ်တွင် ၅၃ ဧကနှင့် တပ်ကုန်းမြို့နယ်တွင် ၆၈၆ ဧက စုစုပေါင်း ၉၄၂၄ ဒသမ ၂၉ ဧက ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင်လည်း ဇေယျာသီရိမြို့နယ်၌ ဧက ၁၁၅၀၊ တပ်ကုန်းမြို့နယ်တွင် ဧက ၁၅၀၀၊ ပျဉ်းမနားမြို့နယ်တွင် ဧက ၁၅၀၀ နှင့် လယ်ဝေးမြို့နယ်တွင် ဧက ၂၈၅၀ စုစုပေါင်း ဧက ၇၀၀၀ ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တိုးတက်ချင်လျှင် ပြောင်းလဲရမည်ဖြစ်ပြီး အဓိကကျသည့် ပြုပြင်ပြောင်းလဲရေးတစ်ရပ်မှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရမည့် လုပ်ငန်းစဉ်ဖြစ်

လုပ်ကွက်ငယ်တောင်သူများ စားနပ်ရိက္ခာဖူလုံစေရေး အကူအညီ စီမံကိန်းအစီအစဉ်အရ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ထောက်ပံ့ပေးအပ်သည့် လယ်ယာသုံးစက်ကိရိယာများကို တွေ့ရစဉ်။ (သတင်းစဉ်)

ရခိုင်ကမ်းလွန်ရေနက်လုပ်ကွက် AD-10 ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆို

နေပြည်တော် ဧပြီ ၃၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နော်ဝေနိုင်ငံတွင် အခြေစိုက်ပြီး စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားသည့် Statoil Myanmar Private Limited နှင့် Conoco Phillips Myanmar E&P Pte.Ltd. တို့သည် ရခိုင်ကမ်းလွန်ရေနက်လုပ်ကွက် AD-10 အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ဧပြီ ၃၀ ရက် ညနေပိုင်းက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E. Mdm. Ann Ollestad၊ Statoil ကုမ္ပဏီမှ Senior Vice President ဖြစ်သူ Mr. Erling Vagnes နှင့် Conoco Phillips Myanmar E&P Pte. Ltd. မှ Vice President ဖြစ်သူ Mr. William G. Lafferrandre IIIနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားတွင် နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Statoil ကုမ္ပဏီမှ Senior Vice President Mr. Erling Vagnes နှင့် ConocoPhillips Myanmar E&P Pte. Ltd. မှ Vice Presiden Mr. William G. Lafferrandre III တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယခု ရခိုင်ကမ်းလွန်ရေနက်လုပ်ကွက် AD-10 လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်း အတွက် (၁၁)ကြိမ်မြောက် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ် လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ငါးသန်းနှင့် Data Fee အမေရိကန်ဒေါ်လာ နှစ်သိန်းရရှိမည်ဖြစ်သည်။ ယင်း လုပ်ကွက်အတွက် လေ့လာရေးကာလ နှစ်နှစ်နှင့် ရှာဖွေရေးကာလခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၆၅ သန်းသုံးစွဲမည်ဖြစ်သည်။ စာချုပ်များ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေး ထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာ လုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

Statoil ကုမ္ပဏီသည်နိုင်ငံတကာ စွမ်းအင်ကုမ္ပဏီများနှင့် နိုင်ငံပေါင်း ၃၆ နိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နော်ဝေနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများတွင် လုပ်ငန်းအတွေ့အကြုံနှစ်ပေါင်း ၄၀ ရှိပါကြောင်း၊ ခေတ်မီနည်းပညာများကို အသုံးပြုပြီး ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းပေးရန် ဆောင်ရွက်သည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်ကြောင်း၊ Conoco Phillips ကုမ္ပဏီသည် ကမ္ဘာတွင် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးတွင် အကြီးဆုံးသောကုမ္ပဏီကြီးဖြစ်ပြီး အတည်ပြုပြီး ဓာတ်ငွေ့သိုက် Reserves အပေါ်မူတည်ကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်ရရှိပြီးသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကိုသယ်ယူခြင်း၊စျေးကွက်သို့ တင်ပို့ခြင်း၊ LNG နှင့် ကတ္တရာစသည့် လုပ်ငန်းများကို ကမ္ဘာအနှံ့ ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းအရ နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီကြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ငလျင်ဒဏ်သင့် နီပေါပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများတပ်မတော်လေယာဉ်ဖြင့်ပို့ဆောင်

နေပြည်တော် မေ ၁

မြန်မာနှင့် နီပေါနှစ်နိုင်ငံအကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးထားလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဧပြီ ၂၅ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းထန်သည့် မြေလျင်ဒဏ်ကြောင့် ဘေးဒုက္ခခံစားနေရသည့် နီပေါပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၁ ရက်တွင် ရန်ကုန်မြို့မှ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ ဝိုင်-၈ တပ်မတော်ကုန်တင်လေယာဉ်ဖြင့် ရေသန့်၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ဘီစကစ်မုန့်မျိုးစုံနှင့် ကြာဆံခြောက် စသည့် စားသောက်ကုန် ငါးတန် အဝတ်အထည်များ တစ်တန် စုစုပေါင်း ခြောက်တန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လှူဒါန်းသည့် ဘုန်းကြီးသက်နီးအစုံ ၁၀၀ တို့ကို ပို့ဆောင်ခဲ့သည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မည့် လေယာဉ်များကို နီပေါနိုင်ငံမှ လက်ခံနိုင်မည့် အခြေအနေပေါ်မူတည်၍ ဆန်နှင့် ပဲ

နီပေါနိုင်ငံသို့ပို့ဆောင်မည့် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။(သတင်းစဉ်)

နီပေါနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းပန်းကြီးဌာနမှ ပို့ဆောင်မည့် ထောက်ပံ့ရေးပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးမျိုး ငါးတန်၊ အဝတ်အထည်များ တစ်တန် စုစုပေါင်း ခြောက်တန်ကို ဒုတိယအသုတ်အနေဖြင့် မေ ၂ ရက်တွင် ဝိုင်-၈ တပ်မတော်ကုန်တင်လေယာဉ်ဖြင့် နေပြည်တော်မှ ခတ္တမန္ဒူမြို့သို့ သွားရောက်ပို့ဆောင်မည်ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပို့ဆောင်သည့် တပ်မတော် ကုန်တင်လေယာဉ်နှင့် အတူ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ လိုက်ပါသွားကြပြီး မြန်မာနိုင်ငံမှ လျှုဒါန်းသော လူသားချင်းစာနာထောက်ထားမှု အကူအညီများကို နီပေါနိုင်ငံ အမျိုးသားပြန်လည်တည်ဆောက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးအပ်ခဲ့သည်။

မေ ၁ရက်တွင် သွားရောက်သည့် တပ်မတော် ဝိုင်-၈ ကုန်တင်လေယာဉ် အပြန်ခရီးစဉ်တွင် မြန်မာသံရုံး ခတ္တမန္ဒူမြို့မှ မိသားစုဝင်ခြောက်ဦးအား မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်လာကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

သက်တော် ၅၀ ပြည့် မွေးနေ့အထိမ်းအမှတ် အနေဖြင့် ပေ ၅၀ ပတ်လည် သိမ်ကျောင်းဆောက်လုပ်ရန် တူးဖော်ရှင်းလင်းစဉ် စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ လက်ရေးစင်းပါ အုတ်များကို မြန်မာနိုင်ငံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးဆောင်ကြီးကြပ်မှုနှင့် အတူ လူထုအခြေပြု ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်နေသည့် ဦးပြိမ်းချမ်း၏ အကူအညီဖြင့် တူးဖော်ရေးအဖွဲ့ခေါင်းဆောင် ဦးစံဝင်းက ဧပြီ ၂၄ ရက်မှစတင်ကာ တူးဖော်လျက်ရှိသည်။

"ကျွန်တော် ဒီလက်ရေးစင်းအုတ်ကို တွေ့ရှိခဲ့တာက ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ဇွန်လဆန်းပိုင်းလောက်ကဖြစ်မယ်။ ဒီကျောင်းမှာရှိတဲ့ ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ဖြစ်တဲ့ စိန်ဘုရားကို လာရောက်ဖူးမြော်ရင်းက စတင်တွေ့ရှိခဲ့တာပါ။ အဲဒီမှာပဲ ကျောင်းထိုင်ဆရာတော်ကို ခွင့်တောင်းပြီး ဘုန်းဘုန်းဘုရား ဒီအုတ်တွေက မြန်မာနိုင်ငံရဲ့ ရှေးဟောင်းကျတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေဖြစ်တယ်။ ဒါကြောင့် လောလောဆယ် ပြတိုက်လေးဖွင့်ခွင့် ပေးပါဆိုပြီး အခုလိုပြတိုက်လေး ဖွင့်ပြခဲ့တာဖြစ်တယ်။ ဒီလက်ရေးစင်းအုတ်တွေကို တူးတာကတော့ မြန်မာနိုင်ငံရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့ ခရီးသွားလုပ်ငန်းက ဦးပြိမ်းချမ်းရဲ့ အကူအညီတွေနဲ့ အခု ဧပြီ ၂၄ ရက်က စတင်တူးခဲ့တာဖြစ်တယ်။ အခုတူးတဲ့ ငါးရက်မြောက် နေ့မှာပဲ လက်ရေးစင်းအုတ်တွေကိုတူးရင်း သာသနိကအဆောက်အအုံလို့ထင်ရတဲ့ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံပုံစံလို့ ခန့်မှန်းရတဲ့ အဆောက်အအုံကို တွေ့နေတယ်။ တိတိကျကျကြီးတော့ ဘာကိုမှ ပြောလို့မရသေးဘူး။ ကျွန်တော်တို့တူးတဲ့ သတ်မှတ်ကာလ အတိုင်းအတာတစ်ခုအထိရောက်ရင်တော့ ပြောလို့ရမှာပါ။ ဒါကြောင့် တချို့ယူဆနေကြတဲ့ ပျူခေတ်ဆိုတာကို လုံးဝပြောလို့မရသေးဘူး။ နမူနာကောက်ပြီး အနည်းဆုံး ပြည်ပနိုင်ငံ လေးနေရာလောက်ကို ပို့လွှတ် စမ်းသပ်ပြီးမှ ဘယ်ခေတ်၊ ဘယ် ကာလဆိုတာကို ပြောနိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

ယခုတွေ့ရှိနေသော လက်ရေးစင်းအုတ်များသည် အထူးပမာဏ ရှစ်မျိုးထက် မနည်းတွေ့ရှိနေပြီး ဘယ်ခေတ်၊ ဘယ်ကာလဆိုသည့် ယဉ်ကျေးမှု ခေတ်ကာလကို အတည်ပြောလို့မရသေးကြောင်း၊ ပုဂံခေတ်လွန် လက်ရေးစင်းပါ အုတ်များဟုသာ ယူဆရမည်ဖြစ်ကြောင်း သိရသည်။ ခုချိန်ထိ တူးဖော်ရာတွင် ကျိုးပဲ့နေသည့် အုတ်ချပ်မျိုးစုံမြောက်မြားစွာ တွေ့ရှိနေသော်လည်း ပုံစံမပျက် လက်ရေးစင်းပါ အုတ်ချပ်သုံးခဲကို တွေ့ရှိထားပြီး ၎င်းလက်ရေးစင်းပါ အုတ်ချပ်များသည် အလျား ၄စ စင်တီမီတာ၊ အနံ ၁၉ စင်တီမီတာ နှင့် ထု ၉ စင်တီမီတာ တိုင်းတာ တွေ့ရှိထားပြီးဖြစ်သည်။

"ကျွန်တော်က ဆရာဦးစံဝင်းတို့ကို လာရောက်ကူညီပေးတာပါ။ ခုလက်ရေးစင်းပါ အုတ်တွေတူးရင်းနဲ့ တိတိကျကျပြောလို့မရတဲ့ ရှေးခေတ် သာသနိက အဆောက်အအုံ လို့ယူဆရတဲ့ အဆောက်အအုံတော့ ဖြစ်မယ်ထင် ပါတယ်။ ခုမှ ခြေဦးမိရုံ လောက်ပဲရှိပါသေးတယ်။ အထဲမှာ လျှောက်လမ်းရှိမရှိ၊ မဟာတံတိုင်း ရှိမရှိ မသိသေးပါဘူး။ ပြောလို့ မရသေးပါဘူး။ နောက်လေးပတ် လောက်ဆိုရင်တော့ အကြမ်းဖျဉ်း ပြောလို့ရမှာပါ"ဟု မြန်မာနိုင်ငံ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန် ဌာနခွဲ)မှ ဦးမြင့်အောင်(ဦးစီးအရာရှိ)က မြန်မာ့အလင်းသို့ ပြောကြားသည်။

ယခုတူးဖော်နေသည့် ရန်ကုန်တိုင်းဒေသကြီး ကော့မျှားမြို့နယ် ပိန္တဲကုန်း ကျေးရွာသာသနာ့ဝေပုလ္လ ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် လက်ရေးစင်းပါ အုတ်ချပ်များကို သက်ဆိုင်ရာ မြန်မာနိုင်ငံရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက မကြာသေးမီကမှ တူးဖော်ခွင့်ပြုထား၍ ယခုဧပြီ ၂၄ ရက်မှစတင်ကာ တူးဖော်ခဲ့ရခြင်း ဖြစ်ကြောင်းသိရသည်။ တူးဖော်ခွင့် ကာလကိုလည်း ခြောက်လအထိ ခွင့်ပြုထားပြီး နေ့စဉ်တူးဖော်နေသည့် လုပ်သားအင်အားမှာ တူးဖော်ရေး အဖွဲ့မှ လုပ်သားအင်အား ၂၀၊ မြန်မာနိုင်ငံရှေးဟောင်းသုတေသန ပညာအသင်းမှ ၁၂ ဦးတို့က တူးဖော်လျက်ရှိပြီး ရာခိုင်နှုန်း ၂၀ ကျော် ပြီးစီးနေကြောင်း သိရသည်။

(မြန်မာ့အလင်း)

သမိုင်းအစဉ်လာကောင်းများရှိခဲ့သည့်နေရာ သို့မဟုတ် တစ်ခါက အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း

တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး

ရှမ်းရိုးမတောင်တန်းကြီးများ ဝိုင်းရံကာဆီးထားမှုကြောင့် ပန်းခြံဆရာများ ရေးဆွဲ၍မကုန်နိုင်အောင် အလွန်သာယာလှပသည့် နေရာတစ်နေရာ။

ထိုနေရာလေးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အထင်ကရ နေရာတစ်ခုဖြစ်သော အင်းလေးကန်ကြီး၏ အနောက်ဘက်ကမ်းစပ်ရှိ တစ်ချိန်တစ်ခါက အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းဟောင်း သို့မဟုတ် ယခု ဟူပင်ဟိုတယ်နေရာပင်ဖြစ်သည်။

ခေါင်တိုင်အပန်းဖြေစခန်းသည် ညောင်ရွှေမြို့ အင်းလေးကန်ကမ်းစပ် ခေါင်တိုင်ကျေးရွာတောင်ဘက်အနီးတွင်ရှိသောကြောင့် ခေါင်တိုင်အပန်းဖြေစခန်းဟု အမည်ပေးထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးလူရည်ချွန်စီမံကိန်းအရ ပညာရေးဝန်ကြီးဌာနမှ စီစစ်ရွေးချယ်ထားသည့် လူရည်ချွန်များကို အပန်းဖြေအနားယူနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေခန်းအဖြစ် ၁၉၆၅ ခုနှစ်က သတ်မှတ်ပြီး စီစဉ်ဆောင်ရွက်ဖွင့်လှစ်ပေးခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံ၌ ၁၉၆၄ ခုနှစ်မှစတင်ခဲ့သည့် လူရည်ချွန်စီမံကိန်းအတွက် ကနဦးတွင် ငပလီရွှေဝါချိုင် အပန်းဖြေခန်းတစ်ခုသာ ရှိခဲ့ရာမှ ၁၉၆၅ ခုနှစ်တွင် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းတစ်ခု ထပ်မံပေါ်ပေါက်လာခဲ့သည်။ ၁၉၆၄ ခုနှစ်မှစတင်ခဲ့သည့် အဆိုပါ လူရည်ချွန်စီမံကိန်းသည် ၂၅ နှစ်ခန့် ကြာမြင့်ပြီးနောက် ၁၉၈၈ ခုနှစ်တွင် ရပ်နားသွားခဲ့သည်။

၂၀၁၃ ခုနှစ်မှစတင်၍ လူရည်ချွန်အစား ဘက်စုံထူးချွန်လူငယ်စီမံကိန်းအဖြစ် ပြောင်းလဲပေါ်ပေါက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ထိုသို့ ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းကို ပြန်လည်အသက်သွင်းလိုက်သောကြောင့် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းဟောင်းသည်လည်း ယခု ၂၀၁၅ ခုနှစ်တွင် ပြန်လည်အသက်ဝင်လာပြီဖြစ်သည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၂၅ နှစ်တာကာလအတွင်း၌ ခုနှစ်ထပ်ကွမ်း လူရည်ချွန်နှစ်ဦး၊ ခြောက်ထပ်ကွမ်းလူရည်ချွန် ၁၉ ဦး၊ ငါးထပ်ကွမ်းလူရည်ချွန် ၄၃ ဦး၊ လေးထပ်ကွမ်းလူရည်ချွန် ၂၃၇ဦး၊ သုံးထပ်ကွမ်းလူရည်ချွန် ၆၂၃ဦး၊ နှစ်ထပ်ကွမ်း လူရည်ချွန် ၁၃၉၃ ဦးနှင့် ထပ်ကွမ်းမရသော လူရည်ချွန် ၅၅၉၁ဦး၊ စုစုပေါင်း လူရည်ချွန် ၇၉၀၈ ဦးကို မွေးထုတ်ပေးခဲ့ရာ အဆိုပါလူရည်ချွန်များအနက်မှ အချို့သည် နိုင်ငံအကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများအဖြစ် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် တာဝန်ယူထမ်းဆောင်နေကြသည်ဟု လေ့လာတွေ့ရှိရသည်။

နိုင်ငံအတွက် ထူးချွန်ထက်မြက်သူများကို လေ့ကျင့်မွေးထုတ်ပေးခဲ့သော သမိုင်းကောင်းများရှိခဲ့သည့် နေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းနေရာကို သမိုင်းအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းထားသင့်ကြောင်း ပြောဆိုသံများကိုလည်း ကြားသိခဲ့ရသည်။ ထို့ကြောင့် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် ဒေသခံလူရည်ချွန်ဟောင်းများ၊ တာဝန်ရှိသူများကို စေ့ငုမေးမြန်းခဲ့သည်။

ဒုတိယအကြိမ်ပြုလုပ်သည့် ၁၉၆၅ ခုနှစ် လူရည်ချွန်ရွေးပွဲတွင် တောင်ကြီးခရိုင် လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည့် ညောင်ရွှေမြို့မှ လူရည်ချွန်ဟောင်း ယခု အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က ၎င်း၏ အတွေ့အကြုံနှင့်ပတ်သက်၍ “ပထမအကြိမ် လူရည်ချွန်က ၁၉၆၄ ခုနှစ်မှာ စတင်တယ်။ ပထမဆုံးအကြိမ်မှာ ကျွန်တော်တို့ ညောင်ရွှေမြို့အနေနဲ့ကတော့ ဒေါ်သန်းဌေးက တောင်ကြီးခရိုင်ကိုယ်စားပြု ရရှိခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ကျွန်တော်ကတော့ တောင်ကြီးခရိုင်ကိုယ်စားပြု ညောင်ရွှေမြို့နယ်မှ ဒုတိယအကြိမ် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၆၅ ခုနှစ်မှာ တောင်ကြီးခရိုင် ညောင်ရွှေအထကကနေ လူရည်ချွန်အဖြစ် ရွေးချယ်ခံရပြီး ငပလီစခန်းကိုသွားရတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်က အဋ္ဌမတန်းပါ။ သတ္တမတန်းနဲ့အဋ္ဌမတန်းကို ငပလီစခန်းကို ပို့ပါတယ်။ နဝမတန်းနဲ့ဒသမတန်းကို အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းကို ပို့ပါတယ်။ စုပေါင်းလူရည်ချွန်တွေ့ဆုံပွဲကို ရန်ကုန်ခန်းမမှာ လုပ်ခဲ့တယ်။ အဲဒီတုန်းကတော့ ကျွန်တော်တို့က သိတတ်စပါ။ အခု ဟူပင်ဟိုတယ်လုပ်ထားတဲ့နေရာက ခေါင်တိုင်လူရည်ချွန်စခန်းပါ။ ပညာရေးဌာနမှ ဦးလေးမြင့်က စခန်းတာဝန်ခံအနေနဲ့ ဆောင်ရွက်ခဲ့တာကို သိရပါတယ်။

“ခေါင်တိုင်စခန်း လူရည်ချွန်တွေထားတဲ့ အဆောင်နေရာဟာ ရွှေမြင်ထင်ဘုရားရဲ့တောင်ခြေမှာ ရှစ်လုံးလောက်ရှိပါတယ်။ အဲ့ဒီနေရာမှာ လူရည်ချွန်တွေစုပေါင်းပြီး သစ္စာအဓိဋ္ဌာန်ဆိုတယ်။ အလေးပြုတယ်။ ကျန်းမာရေးလေ့ကျင့်ခန်းလေးတွေ လေ့ကျင့်တယ်။ ကွင်းပြင်ကျယ်ကြီးတစ်ခုလည်း ရှိပါတယ်။ အချိန်ကာလတဖြည်းဖြည်းပြောင်းလဲပြီး နောက်ကျတော့ လူရည်ချွန်စခန်းကို ဟူပင်က ထိန်းသိမ်းခဲ့ပါတယ်။ လူရည်ချွန်စီမံကိန်း ရပ်ဆိုင်းသွားတဲ့အချိန်မှာ ထိန်းသိမ်းမှုတွေ အားနည်းခဲ့တယ်။ ဟူပင်က လွှဲယူပြီးတော့မှ ဒီအဆောက်အအုံတွေ၊ မြေတွေကို အပြီးအပိုင်ဝယ်ယူခဲ့တယ်လို့ သိရပါတယ်”ဟု ရှင်းပြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးလူရည်ချွန်အဖြစ် ၁၉၆၄ ခုနှစ်က တောင်ကြီးခရိုင် လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည့် ညောင်ရွှေမြို့မှ လူရည်ချွန်ဟောင်းတစ်ဦးဖြစ်သူ ဒေါ်သန်းဌေး (သမဲဦးစီးအရာရှိဟောင်း) က “အဲဒီတုန်းက ၁၉၆၃-၁၉၆၄ ပညာသင်နှစ်မှာပါ။ အင်းလေးခေါင်တိုင်စခန်းက မစသေးပါဘူး။ အဲဒီ ၁၉၆၄ ခုနှစ်မှာ ဒီမြို့နယ်မှာ ကျွန်မ ပထမဦးဆုံး လူရည်ချွန်ရွေးချယ်ခံခဲ့ရတော့ ငပလီကိုသွားရပါတယ်။ အဲ့ဒီအချိန်တုန်းကတည်းက နိုင်ငံတော်က လေယာဉ်တွေ စီစဉ်ပေးတယ်။ ပျော်စရာကောင်းတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်တယ်။ ကိုယ့်စရိတ်နဲ့ကိုယ်သွားဖို့က မလွယ်ဘူး။ အဲဒီတုန်းက သမ္မတရုပ်ရှင်ရုံကလည်းဖွင့်စ ကျွန်မတို့ကို အဲဒီမှာကြည့်ခွင့်ပေးတယ်။ ရုပ်ရှင်ရိုက်တာ ဘယ်လိုရိုက်ရတယ်။ ငပလီစခန်းမှာလည်း ကျွန်မတို့ သိုင်းတွေသင်ရတယ်။

“အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းက ၁၉၆၅ ခုနှစ်မှာ ဒုတိယလူရည်ချွန်အပန်းဖြေစခန်းအဖြစ် ပေါ်ပေါ်လာခဲ့တယ်။ အဲဒီတုန်းက လမ်းစဉ်လူငယ်တွေရှိကြတယ်။ အဲ့ဒီနေရာမှာပဲပို့ချတယ်။ သင်တန်းပေးတယ်။ တွေ့ဆုံပွဲတွေလုပ်ကြတယ်။ ၁၉၈၈ ခုနှစ်လောက်က ရပ်နားသွားခဲ့တယ်။ အင်းလေးခေါင်တိုင်စခန်း အခုလိုပြန်လည်အသက်ဝင်လာတာ ဝမ်းသာပါတယ်။ ဒါပေမယ့် ဟူပင်ဟိုတယ်နေရာဖြစ်သွားတဲ့အချိန်မှာ အရင်လိုတော့ ဘယ်နေလို့ရတော့မလဲ။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကလည်း ညောင်ရွှေအထကပဲ စခန်းလုပ်တယ်။ ဒီနှစ်လည်း အင်းလေးခေါင်တိုင်အထကမှာ စခန်းလုပ်တယ်” ဟု ပြောသည်။

ယခင် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းကို ဟူပင်မိသားစုက နိုင်ငံတော်အစိုးရဆီမှ အနှစ် ၂၀ စာချုပ်ဖြင့် ငှားရမ်းလုပ်ဆောင်ခဲ့ရာမှ ငှားရမ်းပြီး ၁၁ နှစ်ကြာပြီးချိန်တွင် အပြီးအပိုင်ဝယ်ယူကာ ဟူပင်မိသားစုပိုင် ဟိုတယ်နေရာဖြစ်လာကြောင်း၊ ထိုသို့ဟူပင်ဟိုတယ်အပန်းဖြေစခန်းအဖြစ် သတ်မှတ်ပြီးချိန်တွင် ယခင်အဆောက်အအုံဟောင်းတချို့ကို မဖျက်ဆီးသေးဘဲ ထိန်းသိမ်းထားရှိသော်လည်း ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ မကြာမီနှစ်များတွင် ကျန်ရှိသည့် အဆောက်အအုံများကိုဖျက်ပြီး အသစ်ပြန်လည်တည်ဆောက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

လက်ရှိ ဟူပင်ခေါင်တိုင်ဟိုတယ်မန်နေဂျာ ဦးစိန်ထွန်းက “ဒီနေရာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၅ နှစ် ဝန်းကျင်လောက်က အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဆိုပြီးတော့ ခေါ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ လူရည်ချွန်တွေသွားတဲ့ နောက်တစ်နေရာရှိသေးတယ်။ အဲဒါကတော့ ငပလီရွှေဝါချိုင်ပါ။ နှစ်ခုရှိခဲ့ပါတယ်။ အခု ဘက်စုံပညာထူးချွန်သူတွေ တည်းတာကတော့ အရင်လူရည်ချွန်တွေတည်းခိုနေတဲ့ အဆောင်တွေမှာပါပဲ။ အဲဒီအဆောင်တွေကို အဆောင် (၁)ကနေ (၈)အထိ အခန်း ၅ ခန်းစီ ဖွဲ့လိုက်တယ်။ ယခင် လူရည်ချွန်တွေတည်းတဲ့ ပုံစံအတိုင်းပါပဲ။ လုံးဝမဖျက်သေးပါဘူး။ နောက်သုံးလေးနှစ်လောက်ဆိုရင် အဆောင်တွေအကုန်ဖျက်ပြီး ပြန်ဆောက်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အင်းလေးခေါင်တိုင်လူရည်ချွန် စခန်းဖြစ်တဲ့အချိန်တုန်းက ဒီမှာ ဗွီအိုင်ပီအဆောင်အပါအဝင် တည်းခိုဆောင်ရှစ်ဆောင်ကို လုံးဝမပြောင်းသေးပါဘူး။

“ဘက်စုံပညာထူးချွန်လူငယ်တွေ ဒီနှစ် ဒီမှာတည်းခိုဖြစ်တာကတော့ ပညာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတွေလာပြီး ညှိနှိုင်းဆွေးနွေးကြပြီးတော့ ငှားဖြစ်သွားတာပါ။ ကျွန်တော်တို့ဟိုတယ်ကနေ ကျောင်းသား ကျောင်းသူအားလုံးကို ဝန်ဆောင်မှုပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ကဒီမှာ ဘယ်ကည့်သည်ပဲဖြစ်ဖြစ် တစ်ခန်းကို နှစ်ယောက်ပဲထားပါတယ်။ ဒါပေမယ့် ဒီကလေးက ဒီမှာပဲ တည်းချင်တယ်ဆိုတော့ တစ်ခန်းကို သုံးယောက်ဖြစ်အောင် လုပ်ပေးလိုက်ပါတယ်။ လူလည်းကွဲမသွားအောင် နှစ်ဖက်ညှိနှိုင်းပြီး ဘက်စုံထူးချွန်ကလေး ၁၉၄ ယောက်စလုံး ဒီမှာပဲတည်းကြပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောသည်။

ဆက်လက်ပြီး ၁၉၇၉ ခုနှစ်က မိတ္ထီလာဆရာအတတ်သင်သိပ္ပံမှ လူရည်ချွန်အဖြစ် ရွေးချယ်ခံရပြီး အင်းလေးခေါင်တိုင်အပန်းဖြေစခန်းကို လိုက်ပါခဲ့သည့် လူရည်ချွန်ဟောင်းတစ်ဦးဖြစ်သူ တောင်တွင်းကြီးမြို့နယ် ဆတ်သွားအထကမှ အထက်တန်းပြဆရာမ ဒေါ်အဆွေကြည်အား ယခင်အတွေ့အကြုံနှင့် လက်ရှိအခြေအနေတို့ပေါ် သူ၏အမြင်ကို မေမြန်းကြည့်ရာ “လွန်ခဲ့တဲ့ ၃၆ နှစ်တာကာလကပေါ့။ ခေါင်တိုင်စခန်းမှာ ကျွန်မတို့ကို လိုက်ပါစောင့်ရှောက်ကြတဲ့ ဆရာ ဆရာမတွေကိုမြင်ရတော့ အလွန်အားကျခဲ့တယ်။ ကျွန်မ ဆရာမဖြစ်တဲ့အချိန် ဒီခေါင်တိုင်စခန်းကို ကလေးတွေနဲ့ အတူထပ်ပြီး ရောက်ချင်လိုက်တာလို့ စိတ်ထဲမှာဆန္ဒတွေ အလွန်အလွန်ပြင်းပြခဲ့ပါတယ်။ အဲဒီဆန္ဒက အခု ၂၀၁၅ ခုနှစ်မှာ ပြည့်ပါပြီ။ သူတို့ရောက်တဲ့ ၂၅ ရက်နေ့ညနေက နေပြည်တော်ကလာတဲ့ နဝမတန်းဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူတွေကို ခေါင်တိုင်ဝန်းကျင်မှာရှိတဲ့ ရပ်မိရပ်ဖတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေက လိုက်လိုက်လဲလဲကြိုဆိုကြတဲ့မြင်ကွင်းဟာ ရင်ထဲမှာဆို့တက်လာတဲ့အထိ ပီတိလှိုင်းတွေ ထခဲ့ရပါတယ်။

“ကျွန်မတို့လူရည်ချွန်ဖြစ်ခဲ့ရစဉ်က မိဘပြည်သူတွေကို ကြိုဆိုကြတဲ့ မြင်ကွင်းကိုလည်း ပြန်လည်မြင်ယောင်မိကာ ငယ်ဘဝရောက်သွားသလို သက်ဝင်ခံစားခဲ့ရတယ်။ လူရည်ချွန်ကလေးတွေကို ဟူပင်ဟိုတယ်မှာ ထားတယ်ဆိုတော့ ကျောင်းအုပ်ဆရာမကြီးနှစ်ဦးနဲ့ ကျွန်မလိုက်ပါပြီး ဟူပင်ဟိုတယ်ထဲရောက်ခဲ့တယ်။ ဟိုတယ်အဝင်ဝ ရောက်ရောက်ချင်း ဝင်ပေါက်လမ်းနဲ့ တစ်ဖြောင့်တည်းရှိနေတဲ့ တောင်ထိပ်က ရွှေရောင်တဝင်းဝင်းနဲ့သပ္တာယ်လှတဲ့ ရွှေမြင်ထင်ဘုရားကို ဖူးမြင်တွေ့ရတော့မှ ဒီနေရာက တစ်ခါက အင်းလေးခေါင်တိုင်စခန်းဝင်းကြီးပါလားလို့ သိခဲ့ရတယ်။ အရင်ကတစ်ထပ်တိုက်အဆောင်လေးတွေရဲ့နေရာဟာ ခမ်းနားလှပတဲ့ ဟိုတယ်အဆောက်အအုံတွေနေရာယူလို့ပါလားဟု တွေးမိတယ်။ အင်းလေးကန်ရဲ့ ရေပြင်ကိုလွမ်းတသသနဲ့ လှမ်းမျှော်ကြည့်လိုက်ပြန်တော့ ၃၆ နှစ်တာအတွင်း လျော့ကျသွားတဲ့ ရေပြင်အနေအထားကလည်း အံ့မခန်းအောင်ကြောက်စရာပါလားလို့ တွေးမိတယ်။

“ကျွန်မတို့လူရည်ချွန်ဘဝတုန်းက ခေါင်တိုင်စခန်းက အင်းလေးကန်ရဲ့ဘေးမှာလေ။ ဖောင်တော်ဦးဘုရားကိုဖူးမြော်ဖို့ စက်လှေတွေနဲ့ ပို့ကြတော့ ကန်စပ်ရေပြင်က အမြင့်ကြီးမို့ တစ်ဦးနဲ့တစ်ဦး လက်တွဲကူညီဖေးမပြီး ဖြည်းဖြည်းချင်းစက်လှေပေါ် တက်ခဲ့ရတာ။ အခုတော့ ရေကန်စပ်မှာ ရေပြင်ကရှိတယ်ဆိုရုံလေးပဲ မြင်ရတော့တယ်။ နောက်ပြီး ထူးချွန်ကလေးတွေ ဟူပင်ဟိုတယ်မှာ ဧပြီ ၂၅ ရက်မှ မေ ၂ ရက်အထိ တည်းခိုအပန်းဖြေစေမယ်။ နိုင်ငံတော်က အဲဒီလိုအကုန်အကျခံပြီး စီစဉ်ပေးတာကို ကလေးတွေအနေနဲ့ နားလည်ပြီး ငါတို့လည်း တစ်ချိန်မှာ နိုင်ငံတော်ကို အကျိုးပြုတဲ့သူတွေ ဖြစ်နိုင်အောင် ဆက်လက်ကြိုးစားသွားမယ်ဆိုတဲ့ အသိစိတ်ကလေးတွေ ဝင်သွားစေချင်တယ်”ဟု ပြောသည်။

မည်သို့ပင်ဖြစ်စေ တစ်ခါတစ်ရံ အမှတ်တမဲ့များသည် အမှတ်တရအဖြစ် ကျန်ရှိနေတတ်သလို သမိုင်းအစဉ်အလာကောင်းများရှိခဲ့သော အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသည်လည်း ခေတ်ကာလနှင့်အတူ ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

ဘက်စုံထူးချွန်လူငယ်မောင်မယ်များ စခန်းချနေထိုင်ရန် နေပြည်တော်အားကစားရွာအတွင်းရှိ အိပ်ဆောင်များ ကြိုတင်ပြင်ဆင်

နေပြည်တော် မေ ၁

၂၀၁၅ ခုနှစ် ဘက်စုံထူးချွန် လူငယ်မောင်မယ်များ နေပြည်တော်ရှိ အားကစားရွာအတွင်း၌ မေ ၅ ရက်မှ ၈ ရက်အထိ စခန်းချနေထိုင်မည်ဖြစ်ရာ အဆိုပါဘက်စုံထူးချွန်လူငယ်မောင်မယ်များ စခန်းချနေထိုင်မည့် နေပြည်တော်အားကစားရွာအတွင်း အိပ်ဆောင်များ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ယနေ့နံနက် ၁၁ နာရီတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းလိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဘက်စုံထူးချွန်လူငယ်များ စခန်းချနေထိုင်မည့် နေပြည်တော် အားကစားရွာအတွင်းရှိ အိပ်ဆောင်များ ကြိုတင်ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးရာလူငယ်မောင်မယ်များ နေထိုင်မည့် အိပ်ရာများ၊ စောင်၊ ခြင်ထောင်၊ အခင်းများသန့်ရှင်းသပ်ရပ်မှု ဟိုတယ်အဆင့်အတန်းနှင့် တန်းတူထားရှိနိုင်ရေး၊ လူငယ်မောင်မယ်များ နေထိုင်မှုကာလအတွင်း ရေ၊ မီး၊ အထူး ကောင်းမွန်ရေး၊ ရေချိုးခန်း၊ မိလ္လာသန့်ရှင်းသပ်ရပ်စေရေး၊ လူငယ်မောင်မယ်များ အသုံးအဆောင်ပစ္စည်းထားရှိရန် နေရာများ၊ လူငယ်မောင်မယ်များအတွက် ပစ္စည်းအသုံးအဆောင်သွားတိုက်ဆေး၊ ဆန်၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ခေါင်းဘီးအဆင့်အတန်းမီထားရှိနိုင်ရေး၊ အရေးပေါ်မီးစက်များထားရှိ၍ အရန်သင့်အသုံးပြုနိုင်ရေး၊ လူငယ်မောင်မယ်များအတွက် ကျွေးမွေးချက်ပြုတ်သည့် နေရာများအား အထူးသန့်ရှင်းမှုကောင်းမွန်ရန်၊ ကြိုတင်ပြင်ဆင်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ဘက်စုံထူးချွန် လူငယ်မောင်မယ်များသည် အုပ်ချုပ်သူ ဆရာ/ဆရာမ ၄၈ ဦး၊ အုပ်ချုပ်မှုအဖွဲ့နှင့် ဆေးအဖွဲ့ ၄၀၊ ဘက်စုံထူးချွန် လူငယ်မောင်မယ် ၅၂၈ ဦး စုစုပေါင်း ၆၁၆ ဦးတို့သည်စခန်းချနေထိုင်မည်ဖြစ်ပြီး အဆိုပါ လူငယ်မောင်မယ်များအား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံတကာ အားကစားသမားများတည်းခိုခဲ့သည့် နေပြည်တော်အားကစားရွာရှိ တည်းခိုဆောင် Cluster (4) (5) ၌ထားရှိစခန်းချနေထိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)ဖွင့်လှစ်

ပုဂံ မေ ၁

၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ပုဂံမြို့ရှိ ရွှေဆံတော်ဘုရားကွင်း၌ ကျင်းပသည်။ **(ဝဏ္ဏ)**

အစီအစဉ်အရ ဘက်စုံပညာထူးချွန်လူငယ်သုံးဦးက ၂၀၁၅ ခုနှစ် ဘက်စုံပညာ ထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က ဘက်စုံပညာထူးချွန်အပန်းဖြေစခန်းမုခ်ဦးအား စက်ခလုတ်နှိတ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာယဉ်ကျေးမှုအမွေအနှစ်များဖြင့် တင့်တယ်လှပသည့် ပုဂံဒေသတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အဋ္ဌမတန်းဘက်စုံထူးချွန် လူငယ်များကို အပန်းဖြေစခန်းဖွင့်လှစ်ကြိုဆိုရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ စံနမူနာပြလူငယ်များ၊ ဘက်စုံပညာထူးချွန်ထပ်ကွမ်းလူငယ်များဖြစ်ရန် ပိုမိုကြိုးစားနိုင်ကြပါစေဟု တိုက်တွန်းပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဘက်စုံပညာထူးချွန်လူငယ်ကျောင်းသား ကျောင်းသူများအား ဘက်စုံပညာထူးချွန် ရင်ထိုးတံဆိပ်များ ပေးအပ်သည်။

ယင်းနောက် ဘက်စုံပညာထူးချွန်လူငယ်များသည် မော်တော်ယာဉ်များဖြင့် လောကနန္ဒာ၊ မြစေတီ၊ ဓမ္မရံကြီး၊ စူဋ္ဌာမဏိ၊ ရွှေစည်းခုံ၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ သဗ္ဗညု၊ ဘူးဘုရား၊ ကန်တော့ပလ္လင်စသည့် ပုဂံဒေသရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားပုထိုးစေတီများအား လေ့လာကြသည်။

အဆိုပါ ဘက်စုံပညာထူးချွန်လူငယ်များသည် မေ ၂ ရက်တွင် ပုပ္ပားတောင်ကလပ်၊ သစ်တောပြတိုက်၊ ပရဆေးဥယျာဉ်၊ မေ ၃ ရက်တွင် စလေရုပ်စုံကျောင်း၊ မေ ၄ ရက်တွင် ပခုက္ကူသီတိုဠ်ရှင်ဘုရား၊ ပခန်းစည်သူရှင်ဘုရား၊ ရွှေတန့်တစ်သရက္ခန်ဘုရား၊ မေ ၅ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံနန်းတော်ရာ၊ ပြတိုက်၊ ယွန်းပညာကောလိပ်တို့ကို ဆက်လက်လေ့လာသွားမည်ဖြစ်ပြီး စုပေါင်းစခန်းသိမ်းပွဲကျင်းပမည့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်မြို့၌ ကျင်းပမည့် စခန်းချတွေ့ဆုံပွဲသို့သွားရောက်ရန် ကင်းထောက်မောင်မယ်များ မန္တလေးမြို့မှ ရထားဖြင့်ထွက်ခွာ

မန္တလေး မေ ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ကျင်းပမည့် ကင်းထောက်မောင်မယ်များ စခန်းချတွေ့ဆုံပွဲတော်သို့ သွားရောက်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကင်းထောက်မောင်မယ်များသည် ယနေ့ နံနက်ပိုင်းက မန္တလေးမြို့မှတစ်ဆင့် အထူးရထားဖြင့် မန္တလေးဘူတာကြီးမှ ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေး၊ ကျန်းမာရေး၊ မြန်မာ့မီးရထားနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ကင်းထောက်မောင်မယ်များကို ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြင်ဦးလွင်မြို့၌ စခန်းချတွေ့ဆုံမည့် ကင်းထောက်မောင်မယ်များနှင့် အခြေခံပညာအဆင့်၊ တက္ကသိုလ်အဆင့် ကင်းထောက်မောင်မယ်များ၊ ကြီးကြပ်ဆရာ ဆရာမများ၊ အထောက်အကူပြု အဖွဲ့များ စုစုပေါင်း ၉၅၈ ဦး ပါဝင်ပြီး အထူးရထားသုံးစင်းဖြင့် ယနေ့ နံနက်ပိုင်းက ထွက်ခွာသွားကြောင်း သိရသည်။ **(အောက်ပုံ)**

တင်မောင်(မန်းကိုယ်ပွား)

အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်းဖွင့်

ညောင်ရွှေ မေ ၁

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် အင်းလေးခေါင်တိုင်ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်ရှိ ခေါင်တိုင်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘက်စုံပညာ ထူးချွန်လူငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် အင်းလေးခေါင်တိုင်ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်းအား ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်နှင့် အင်းလေးဘက်စုံပညာ ထူးချွန်လူငယ်အပန်းဖြေစခန်းမှူး (ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး)ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးကို ရင်ထိုးတံဆိပ်ပေးအပ်ပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးကို ရင်ထိုးတံဆိပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-နေမျိုးသူရိန်

အင်းလေးခေါင်တိုင်အပန်းဖြေစခန်းရှိ ဘက်စုံပညာထူးချွန်လူငယ်များသည် မေ ၂ ရက်တွင် အင်းလေးကန်အတွင်း လေ့လာရေးခရီးစဉ်အဖြစ် အင်းလေးဒေသရိုးရာ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သော ကေလာရေခြံ၊ အင်းလေးကန်၏ ဂုဏ်ယူဖွယ်ရာ ဟဲယားရွာမင္ဂေထည်လုပ်ငန်းမှ စိန်သမာဓိဌေထည်ဆိုင်၊ အင်းလေးရိုးရာ ရက်ကန်းစက်ရုံဖြစ်သည့် အင်းပေါ်ခုံရက်ကန်းစက်ရုံ၊ ကမ္ဘာကျော် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရားနှင့် အလိုတော်ပေါက် ဘုရားစသည့်နေရာများသို့ သွားရောက်လေ့လာမည်ဖြစ်ပြီး အင်းလေးခေါင်တိုင် အပန်းဖြေစခန်းသို့ ပြန်လည်အနားယူကာ ညပိုင်းတွင် ရိုးရာယဉ်ကျေးမှုအဆိုအကများကို ကြည့်ရှုအပန်းဖြေမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် ရေငန်မိကျောင်းများ ထိန်းသိမ်းစောင့်ရှောက်ထား

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သာကေတ မိကျောင်းမွေးမြူရေးစခန်းမှာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ငမိုးရိပ်ချောင်းအနီး မြခွာညီလမ်း၌ တည်ရှိပြီး ဧက ၄၀ ကျယ်ဝန်းသော ဧရိယာတွင် ရေငန်မိကျောင်း (Crocodylus porosus) များအား ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းကို မြန်မာ့ရေလုပ်ငန်းမှ ၁၉၇၈ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် အပန်းဖြေခန်းအဖြစ် ဖွင့်လှစ်ခဲ့သည်။

မိကျောင်း မွေးမြူရေးစခန်းကို အပန်းဖြေခန်းအဖြစ်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်မှာ မြန်မာ့မိကျောင်းများ မျိုးဆက်မပြုန်းတီးရေး၊ ပြည်သူ့အများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အပန်းဖြေ၊ ဗဟုသုတရှာဖီးရေးနှင့် မျိုးသုဉ်းပျောက်ကွယ်လု သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းခြင်းလုပ်ငန်းကို အများပြည်သူပူးပေါင်းပါဝင်လာကြစေရန် အတွက်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ သာကေတမိကျောင်းမွေးမြူရေးစခန်း၌ အရာထမ်းတစ်ဦး၊ အမှုထမ်း ရှစ်ဦး၊ နေ့စားဝန်ထမ်း လေးဦးတို့ဖြင့် စုစုပေါင်း ၁၃ ဦးတို့က လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပြီး စခန်းလာအပန်းဖြေကြသူများအတွက်ပါ ဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိနေသည်။ မိကျောင်းမွေးမြူရေးစခန်းတွင် တစ်ပေ အရွယ်မှ ၁၀ ပေအထက် အရွယ်စုံ မိကျောင်းအကောင်ရေ ၅၁၇ ကောင်ခန့် မွေးမြူထားရာစခန်းအတွင်းမွေးမြူထားသည့် မိကျောင်းအမျိုးအစားမှာလည်း ရေငန်မိကျောင်း (Crocodylus porosus) တစ်မျိုးတည်းဖြစ်ကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သာကေတ မိကျောင်းမွေးမြူရေးစခန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်က "မိကျောင်းအထာကို သိတော့ကူညီပြီး ဝိုင်းဖမ်းပေးတာပါ။ ဒုတိယဦးစီးမှူးဦးသိန်းလွင်ကလည်း သူကျွမ်းကျင်တဲ့အရာနဲ့ပရိသတ်ကို ပြသဆွဲဆောင်တာပါ။ ငွေကြေးလည်း ဘာမှမကောက်ခံပါဘူး။ လာရောက်ကြတဲ့ဧည့်သည်တွေက မိကျောင်းနဲ့ ပတ်သက်ပြီးသိချင်တာရှိရင် သူက ရှင်းပြပေးပါတယ်။ မိကျောင်းနဲ့ ပတ်သက်တဲ့ အတွေ့အကြုံသက်တမ်းကလည်း ၂၅ နှစ်ရှိနေပါပြီ။ ဒီမှာတစ်နေ့ကို လူဦးရေ ၃၀ကျော် လောက်တော့ဝင်ပါတယ်။ ရုံးပိတ်ရက်ဆိုရင်တော့ လူအဝင် ပိုများတာပေါ့။ အရင်နှစ်တွေကထက်စာရင်တော့ ဒီနှစ်ကနိုင်ငံခြားသားပိုဝင်ပါတယ်။ ဧပြီလကဆိုရင်နိုင်ငံခြားသား ၇၀ ကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြပါတယ်။ အဓိကတော့ တောင်ကိုရီးယားနိုင်ငံက အုပ်စုလိုက်ပိုအဝင်များပါတယ်။ အထူးသဖြင့်ဥရောပနိုင်ငံများက ပိုအဝင်များတာပေါ့။ ဘာလို့လဲဆိုတော့ မိကျောင်းက အပူပိုင်းဇုန်တွေမှာပဲ ရှိတတ်ပြီး အအေးပိုင်းနိုင်ငံတွေမှာ မနေကြလို့ပါ။ ဒါကြောင့်ဒီအအေးပိုင်းနိုင်ငံတွေကလာရောက်လေ့လာကြတဲ့နိုင်ငံခြားသားတွေက မိကျောင်းအကြောင်းနဲ့ပတ်သက်ပြီး မေးကြပါတယ်။ ဒီတော့ ကျွန်တော်တို့ကလည်း ခရီးသွားဧည့်သည်တွေကို ရှင်းပြပေးပါတယ်"ဟု ပြောသည်။

မိကျောင်းမွေးမြူရေးစခန်းသို့ လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဖျော်ဖြေမှုအဖြစ် ဒုတိယဦးစီးမှူး ဦးသိန်းလွင်က မိကျောင်းနှင့် ယဉ်ပါးမှုကို ပြသစဉ်။

မိကျောင်းအမျိုးအစားများနှင့် ၎င်းတို့၏ အလေ့အထများအရ မိကျောင်းများသည် ရှည်လျားသော အသားစား၊ ကုန်းနေ၊ ရေနေတွားသွား သတ္တဝါများဖြစ်ကြသည်။ ကမ္ဘာဦးအစ ရှေးနှစ်သန်းပေါင်း ၂၄၀ ကျော်မှစ၍ ယနေ့အထိမျိုးရိုးစဉ်ဆက်မပြတ် မူလသဘာဝရှိသည့်အတိုင်း ပြောင်းလဲမှုမရှိတည်ရှိသောသတ္တဝါဖြစ်သည်။ ယနေ့အချိန်တွင် မိကျောင်းများကို အဓိကခြိမ်းခြောက်နေသော ရန်သူမှာ လူသားများပင် ဖြစ်ကြသည်။ မိကျောင်းများနှင့် ပတ်သက်၍ လူတို့၏ ဒဏ္ဍာရီပုံပြင်များတွင် ဖော်ပြလျက်ရှိပြီးကမ္ဘာပေါ်တွင် မိကျောင်းများကို သြစတြေးလျှ၊ ဘဂ်လားဒေ့ရှ်၊ ဘရာဇီး၊ မြန်မာ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ပါပူဝါနယူးဂီနီ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆောလ်မွန်ကျွန်း၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင်တွေ့ရှိရကာ ဂျပန်နိုင်ငံကဲ့သို့သော ကျွန်းနိုင်ငံများတွင်လည်း တွေ့ရှိရတတ်သည်။

မိကျောင်းမျိုးစိတ်ပေါင်း ၂၇ မျိုးခန့်ရှိသော်လည်း Crocodile မျိုးစိတ် ၁၄ မျိုး၊ Alligator မျိုးစိတ်ရှစ်မျိုးနှင့် Gavial မျိုးစိတ်တစ်မျိုး စုစုပေါင်း ၂၃ မျိုးသာ လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော မိကျောင်းမျိုးစိတ်များမှာ နက္ကတ(ခေါ်)အင်းမိကျောင်း Crocodylus palustris၊ သံသုမာ၊ ငမိုးရိပ် (ခေါ်) ရေငန်မိကျောင်း Crocodylus palustris၊ ကမ္ဘွီလ မိကျောင်း(ခေါ်) Garvualis gangeticus နှင့် ထိုင်းမိကျောင်း Crocodylus siamensis တို့ပင် ဖြစ်သည်။

မိကျောင်းများ၏ ထူးခြားချက်မှာမိကျောင်းဥများသည်အပူချိန် ၃၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ပုံမှန်တွင် အထီးအကောင်ပေါက်တတ်၍ အပူချိန်အနည်းငယ် အတက်အကျဖြစ်ပါက အမပေါက်တတ်ကြောင်းလည်း သိရသည်။ မိကျောင်းများသည် သာမန်အားဖြင့် တစ်နာရီလျှင် ၁-၂ ကီလိုမီတာသွားနိုင်ပြီး လိုအပ်ပါက ၁၇ ကီလိုမီတာအထိပြေးနိုင်သည်။ သားကောင်အား ဖမ်းဆီးချိန်တွင် အလွန်လျင်မြန်စွာလှုပ်ရှားနိုင်ပြီးရေထဲတွင်လည်း တစ်နာရီခန့်ထိ ငုတ်လျှိုးနေနိုင်ကြောင်း သိရကာရေငန်မိကျောင်းသည် ကမ္ဘာပေါ်တွင် ဈေးအကောင်းဆုံးနှင့် ရန်မူ အကိုက်တတ်ဆုံးသတ္တဝါဖြစ်ကြောင်းသိရသည်။

လက်ရှိ မိကျောင်းမွေးမြူရေးစခန်း၌ သဘာဝကန်၊ ပြုစုကန် ၁၊ ၂၊ ၃ ရှိပြီး ပြည်တွင်းလူကြီးကို တစ်ဦးလျှင်ငွေကျပ် ၅၀၀ ကောက်ခံကာ နိုင်ငံခြားသားခရီးသွားဧည့်သည်များအား တစ်ဦးငွေကျပ် ၁၀၀၀ ကောက်ခံကြောင်း၊ ၁၀ နှစ်အောက်ကလေးများအတွက်မူ ဝင်ကြေးအခမဲ့ဖြစ်ကြောင်း၊ ပျမ်းမျှတစ်လလျှင်ဝင်ငွေ ငါးသိန်းကျော် ရရှိကြောင်း၊ မိကျောင်းမွေးမြူရေးစခန်းလာဧည့်သည်များအတွက် မိကျောင်းများအား အစာကျွေးရန် ငါးများကို ဈေးနှုန်း၁၂ို့သာစွာ ရောင်းချစီစဉ်ထားကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန သာကေတ မိကျောင်းမွေးမြူရေးစခန်းမှ သိရသဖြင့် မိကျောင်းမွေးမြူရေးစခန်း ရောက်ခရီးစဉ်ကို အများပြည်သူများ လေ့လာသိရှိစေရေးအတွက် ဖော်ပြလိုက်ပါသည်။

စိုးဝင်း(SP)
ဓာတ်ပုံ -တင်လှမောင်

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။ **(မိုး/၈လ)**

မူဆယ်ကုန်ယာဉ်စီးဆင်းမှုပုံမှန်သွားလာလျက်ရှိ

မူဆယ် မေ ၁

မူဆယ်ဒေသသည် အိမ်နီးချင်းနိုင်ငံများအနက် သွင်းကုန်/ပို့ကုန် အများဆုံး စီးဆင်းဆောင်ရွက်ရသည့် နယ်စပ်လမ်းကြောင်းဖြစ်သည်။

ဧပြီ ၂၉ ရက်က ကွတ်ခိုင်-နမ့်ဖတ်ကာ ပြည်ထောင်စုလမ်းမပေါ် နမ့်ဖတ်လွန်းကျေးရွာအနီး လက်နက်ကိုင်တစ်စု၏ အတင်းအကျပ်ယာဉ်များထံမှ ဆက်ကြေးကောက်ခံမှုရှိပြီး ယာဉ်အသွားအလာနည်းပါးသွားခဲ့သော်လည်း ယခုမေ ၁ ရက်မှ စပြီး ယာဉ်သွားယာဉ်လာပုံမှန်ရှိပြီး ကုန်စည်စီးဆင်းမှု ပုံမှန်အနေအထား သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အောင်ကျော်

လမ်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ဟသံ်တခရိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၁/၂၀၁၅-၂၀၁၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသံ်တခရိုင် လက်အောက်ရှိ ဟသံ်တ၊ ဧလွန်၊ အင်္ဂပူ၊ မြန်အောင်၊လေးမျက်နှာ၊ ကြံခင်းမြို့နယ်တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သောလမ်းခင်းပစ္စည်း မျိုးစုံနှင့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်း ပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဟသံ်တခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၉-၅-၂၀၁၅ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၆-၅-၂၀၁၅ ရက်၊ ၁၁း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဟသံ်တခရိုင်၊ တာဝါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟသံ်တမြို့
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၆-၅-၂၀၁၅ ရက်၊ ၁၃း၃၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါ၌ဌာနတွင် ၁၉-၅-၂၀၁၅ ရက်မှ ၂၅-၅-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့
ဟသံ်တခရိုင်၊ လမ်းဦးစီးဌာန
(၀၄၄-၂၁၀၃၃)

နေဝင်ချိန်ကို အေးချမ်းစွာ စောင့်ဆိုင်းနေကြသော နာဂစ်ဆည်းဆာမှ ဘဝများ

ဘိုကလေး မေ ၁

မြစ်ဝကျွန်းပေါ်သားများအားလုံး နာဂစ်ဆိုလျှင် ကြောထဲကစိမ့်အောင် မှတ်မိကြသည်။ မိုးညိုတိုင်း စိတ်နှလုံးညှီးနွမ်းကြရသည်။ သို့သော် နာဂစ်ဆိုင်ကလုံးမုန်တိုင်းတိုက်ခတ်ခဲ့သည်မှာ ခုနစ်နှစ်တင်းတင်းပြည့်ချိန်မှာတော့ အတိတ်က နာဂစ်အရိပ်ဆိုးတို့ကို တတ်နိုင်သမျှ မေ့ပျောက်ကြလျက် လက်ရှိဘဝကို ရင်ဆိုင်နေကြရသည်။ ထိုအထဲတွင် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာမှ တစ်နှစ်သက်တမ်းရှိ နာဂစ်ဆည်းဆာ ဘိုးဘွားရိပ်သာလေးပင်ဖြစ်သည်။

"နာဂစ်မုန်တိုင်းမှာ သားသမီးတွေ ဆုံးရှုံးတာ၊ ဆွေမျိုးဥာတိတွေ ဆုံးရှုံးတာ၊ ဘဝတစ်ခြမ်းပဲ့ခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။ အဓိကကတော့ သားထောက်သမီးခံ မရှိတဲ့ သက်ကြီးရွယ်အိုတွေ အများကြီး ကျန်ခဲ့ပါတယ်။ ကျွန်မ ဇာတိမြေကို ပြန်တဲ့အခါ အသက် ၈၀ အဘွားအို ပိုက်ထောင်နေတာကို မြင်ရတယ်။ သူတို့တွေအတွက် အေးချမ်းတဲ့နေရာ လေးတစ်ခုဖန်တီးပေးဖို့ စိတ်ကူးရခဲ့တယ်"ဟု ပြည်သူ့ဂုဏ်ရည်ဆုရှင် ဒေါ်ရှုက ပြောကြားသည်။

ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာမှ နာဂစ်ဆည်းဆာ ဘိုးဘွားရိပ်သာလေးကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့ရာ ယခုအခါ သက်တမ်းတစ်နှစ်ကျော်ခဲ့ပြီ။ နာဂစ်မုန်တိုင်းအတွင်း မှီခိုအားထားရာ ပျောက်ဆုံးသွားကြရှာသူ ဘိုးဘွားများသည် နာဂစ်ဆည်းဆာ၏ အရိပ်တွင် အေးချမ်းစွာ ခိုလှုံခွင့်ရပြီဖြစ်သည်။

ဒေသခံ စိုက်ပျိုးရေးတောင်သူ တစ်ဦးဖြစ်သူ ဦးရှမ်းအောင်မြင်က သူပိုင်မြေကွက် လေးဧကခွဲကို နာဂစ်ဆည်းဆာအတွက် လျှဒါန်းပေးခဲ့ပြီး ဘိုးဘွားတို့နေထိုင်နိုင်သောအဆောက်အအုံငယ်လေးကိုလည်း ရွာသူရွာသားများနှင့် အလျှုရှင်များစုပေါင်းကာ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။

အသက် ၇၅ နှစ်နှင့်အထက် ဘိုကလေးမြို့နယ်အတွင်းမှ အဘိုးအဘွားများကို လက်ခံစောင့်ရှောက်ပေးလျက်ရှိသည့်အပြင် ပြုစုရန်လိုအပ်နေသည့် နာဂစ်ဒဏ်သင့်အဘိုးအဘွားများအတွက် တစ်ထပ်အဆောင်သစ်မှာလည်း မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"အသက်က နေဝင်ချိန်ကိုရောက်နေပါပြီ။ သားသမီးတွေရော မြေးတွေပါ နာဂစ်မုန်တိုင်းမှာ သေဆုံးသွားခဲ့တယ်။ ဖြစ်သလို ရပ်တည်လာခဲ့တာ အခုတော့ နေဝင်ချိန်လှတယ်လို့ ပြောရမလား။ စားဖို့မပူရ၊ နေဖို့မပူရဘူး။ နောက်ဆုံး သေဖို့မပူရတော့ဘူး။ မိုးဦးကျရောက်လာရင်တော့ စိတ်ထဲမှာ ဝိုကြွေးနေတုန်းပါ။ ကျန်ရှိနေတဲ့အချိန်တွေကို တရားမမ္မနဲ့ ဖြတ်သန်းနေမိတယ်"ဟု နာဂစ်ဆည်းဆာမှ အဘိုးတစ်ဦးက ပြောကြားသည်။

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် Hubert H.Humphrey Fellowship Program လျှောက်ထားနိုင်

ရန်ကုန် မေ ၁

ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် Hubert H.Humphrey Fellowship Program ကို ခေါ်ယူလျက်ရှိပြီး လျှောက်လွှာများကို ၂၀၁၅ ဇူလိုင် ၁၃ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုသည် အမေရိကန်ပြည်ထောင်စု၌ ခေါင်းဆောင်မှု အရည်အချင်းရှိသူများ၏ စွမ်းရည်ကိုမြှင့်တင်ပေးရန် ရည်ရွယ်သည့် တစ်နှစ်ကြာသင်တန်း တက်ရောက်ပညာသင်ကြားနိုင်မည့် အစီအစဉ်ဖြစ်သည်။ ပညာသင်ဆုရရှိသူများသည် အမေရိကန်တက္ကသိုလ်များရှိ ဘွဲ့လွန်အတန်းများ၌ သင်ခန်းစာများကို တက်ရောက်လေ့လာနိုင်မည်ဖြစ်သော်လည်း ဘွဲ့ပေးအပ်မည် မဟုတ်ကြောင်း သိရသည်။

ဘွဲ့ရပြီးသူ မြန်မာနိုင်ငံသားဖြစ်ရန်လိုအပ်ပြီး လျှောက်ထားလိုသည့် ပညာရပ်နယ်ပယ်၌ အနည်းဆုံးလုပ်သက်ငါးနှစ်ရှိပြီး ခေါင်းဆောင်မှု အရည်အချင်းရှိရန် လိုအပ်ကြောင်းသိရသည်။ လုပ်ငန်းခွင်တစ်ခုခုတွင် လက်ရှိလုပ်ကိုင်နေသူဖြစ်ရန် လိုအပ်ပြီး အထက်အရာရှိ၏ ထောက်ခံမှုလိုအပ်သည်။ TOEFL အမှတ် ၅၂၅ မှတ်ရရှိရန် လိုအပ်ကြောင်း သိရသည်။

အမေရိကန်သံရုံးမှ Culture Affairs Assistant ဒေါ်ကြည်သာက "မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်ရေနဲ့ဆိုရင် ပညာသင်ဆုရရှိတဲ့အရေအတွက်ဟာ နည်းပါးသေးတယ်။ ဒါကြောင့် ပညာသင်ဆုရရှိသူတွေဟာ ပညာသင်ကြားပြီးတာနဲ့ မြန်မာနိုင်ငံကို ပြန်လာရပါမယ်။ ဒီအချက်ကတော့ အဓိကကျပါတယ်" ဟုပြောကြားသည်။

လျှောက်ထားလိုသူများသည် (1) Sustainable Development(2) Democratic Institution-Building(3) Education နှင့် (4) Public Health ခေါင်းစဉ်အောက်ရှိ ဘာသာရပ်ပေါင်း ၁၉ ခုကျော်အနက်မှ မိမိနှစ်သက်ရာကို ရွေးချယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ Hubert H.Humphrey Fellowship Program ကို ၁၉၈၄ ခုနှစ်က စတင်ခေါ်ယူခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ မြန်မာနိုင်ငံသား ၈၀ ကျော်ကို ပညာသင်ဆုပေးအပ်ခဲ့ပြီးဖြစ်သည်။ စိတ်ပါဝင်စားသူများ အနေဖြင့် ဝက်ဘ်ဆိုက်လိပ်စာ http;//burma.usembassy,gov/scholarshipprogram.html သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး လျှောက်လွှာများကို RangoonUSECA@state.gov သို့ အီးမေးလ်ပေးပို့ တောင်းယူနိုင်သည်။ Information Session များကို အမှတ်(၁၄) တော်ဝင်လမ်း ဒဂုံမြို့နယ်တွင် ရှိသည့် အမေရိကန်စင်တာ၌ မေ ၅ နှင့် ဇွန် ၁၆ ရက် ညနေ ၅ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။ မေ ၈ ရက်နှင့် ဇွန် ၅ ရက် ညနေ ၃ နာရီတွင် အမှတ်(၅၃)၊ ၂၆ လမ်းနှင့် ၇၁ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးဌ၌ရှိသော ဂျက်ဖာဆင်စင်တာ၌ပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသည့်မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

အမေရိကန်သံရုံးမှ Culture Affairs Assistant ဒေါ်ကြည်သာက "ကျွန်မတို့အနေနဲ့ ကြေညာချက်တွေကို ကြိုတင်ကြေညာပါတယ်။ အခုဆိုရင် လျှောက်ထားလိုသူတွေအတွက် နှစ်လခွဲလောက်အချိန်ရှိတယ်။ ဒါပေမယ့် လျှောက်လွှာပိတ်တဲ့နေ့မှာပဲ ကျွန်မတို့အနေနဲ့ လျှောက်လွှာတွေကို ရလေ့ရှိတယ်။ စိတ်ပါဝင်စားသူတွေအနေနဲ့ ကြိုတင်ပြင်ဆင်စေချင်ပါတယ်။ ဒီအစီအစဉ်တွေအတွက် ရေးရတဲ့ အက်ဆေးတွေက များပါတယ်။ ကြိုတင်ပြင်ဆင်ပြီး လျှောက်လွှာပိတ်ရက်မတိုင်ခင်မှာ တင်စေချင်ပါတယ်။ နောက်တစ်ခုက ဒီတစ်နှစ်မှာ လျှောက်ထားပြီးမရရှိခဲ့ရင် နောက်တစ်နှစ်မှာ ဆက်လက်လျှောက်ထားစေချင်ပါတယ်"ဟု လျှောက်ထားလိုသူများအား အကြံပြုပြောကြားသည်။

Hubert H.Humphrey Fellowship Program နှင့်ပတ်သက်ပြီး

မြတ်သန္တာမောင်

နဘားဘူတာအနီးတွင် ရထားတိုက်မိ၍ လူတစ်ဦးသေဆုံး

အင်းတော် မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားဘူတာအနီး ဧပြီ ၃၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မြစ်ကြီးနား-မန္တလေး အမှတ် (၅၆)အစုန်အထူးအမြန်ရထားတိုက်မိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ဒုရဲအုပ်ကျော်မင်းသူ နဘားစခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် ပင်ဝယ်ဘူတာနှင့်နဘားဘူတာအကြား မိုင်တိုင်အမှတ် ၅၉၁/၄ နှင့် ၅ ကြား မီးရထားသံလမ်းပေါ်တွင် လူတစ်ဦးမီးရထားကြိတ်၍ သေဆုံးနေကြောင်းသတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မြစ်ကြီးနားမှ မန္တလေးသို့ စက်ဗိုလ်ဦးမြင့်အေးမောင်းနှင်ပြီး ဂတ်ဗိုလ်ဦးညီညီထွန်းလိုက်ပါလာသော အမှတ် (၅၆) အစုန်ရထား စက်ခေါင်းအမှတ် DF-2057 ရထားသည် စိတ်မမှန်၍ နားလေးသော ဘရန်ဆိုင်း(၄၀ နှစ်) နဘားရွာသစ်ကုန်းကျေးရွာနေသူ မီးရထားသံလမ်းဖြတ်ကူးစဉ် ရထားကြိတ်မိ၍ သေဆုံးကြောင်း သိရသည်။ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးပေးပါရန် တိုင်ကြားထားသော အမှုဖြစ်ကြောင်း သိရသည်။ အမှုကို အင်းတော်မြို့မရဲစခန်းမှူး ရဲအုပ်သိန်းဆွေက စစ်ဆေးလျက်ရှိပြီး အင်းတော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုနိုင်(အင်းတော်)**

ဆရာဌေး အင်္ဂလိပ်စာ သင်္ဘာ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတန်းတွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(၁/၃တွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ Guide များအိမ်လိုက်သင်သည်။
၆မလ(၂/၄)ရက်နေ့ (၁/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ပျောက်ဆုံးခြင်း
ကျွန်တော် မောင်စိုးမိုးအောင် ၁၂/သကတ(နိုင်)၁၄၈၇၁၉ Passport MA-081890 သင်္ဘောသားသင်တန်းဆင်းလက်မှတ် BST,Pre-sea-SSA PSC & RB နှင့် T.F,SID သင်္ဘောသားမှတ်ပုံတင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါ။
ဖုန်း-၀၉-၇၆၂၈၂၈၁

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် S/9769 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(က)၊ မြေကွက်အမှတ် ၆၁၆$\frac{3}{4}$၊ မြေကွက်တည်နေရာအမှတ် ၆၁၆$\frac{3}{4}$ နယ်သာကီ ၃ လမ်း၊ ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၁၂၉၁၅ အမည်ပေါက် နစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ် ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၆၃၄၃ က တရားရုံးဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ် (၁၂၄/၁၄) စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာဒီမှုအမှတ်(၈၅/၁၄)၊ တရားရုံးရေးခေါ်မှတ်တမ်း အမိန့်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက ဌာနဆ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(စ)၊ မြေကွက်အမှတ်(၅၃၆$\frac{3}{4}$)၊ မြေကွက်တည်နေရာအမှတ်(၅၃၆$\frac{3}{4}$)၊ သန္တာ(၁)လမ်း၊ ဦးတင်မြ CF-၀၆၄၄၀၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မြ(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ် ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၆၃၄၃ က တရားရုံးဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်(၁၅၆/၁၄)၊ အမိန့်နှင့် ဒီကရီ၊ တရားမဇာဒီမှုအမှတ်(၇/၁၅)၊ တရားရုံးရေးခေါ်မှတ်တမ်းအမိန့်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ပြုလုပ်ကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနဆ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး
လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁) ဝယ်ယူခွင့်ရရှိသူများအား အသိပေးအကြောင်းကြားခြင်း
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝင်ငွေနည်းပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေရေးကိုဦးတည်၍ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၁) တိုက်ခန်းများအား မဲစနစ်ဖြင့်ရွေးချယ်ထားသော ဝယ်ယူခွင့်ရရှိသူများကို ယခင် ၃၀-၄-၂၀၁၅ ရက် အစား၂၀၁၅ ခုနှစ် မေ ၂၉ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)ဖုန်း-၀၁-၃၇၉၀၆၁၊ ၀၁-၂၄၅၆၄၄ တို့သို့ အမြန်ဆုံးလာရောက်ဆက်သွယ်ပါရန်နှင့် နှစ်ရှည်အရစ်ကျချေးငွေအား (၄)နှစ်အစား (၈)နှစ်အထိ ချေးယူခွင့်ပြုသွားမည်ဖြစ်ကြောင်း ၂၉-၅-၂၀၁၅ရက်အထိ လာရောက်ဆက်သွယ်ခြင်းမရှိပါက ဝယ်ယူရန် စိတ်ဝင်စားခြင်းမရှိဟုယူဆ၍ ဝယ်ယူခွင့်မှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါမည်။
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(တင်ဒါခေါ်ယူခြင်း)
၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံထုတ် (၁၈ ×၂၅)လက်မ၊ (215GSM)အရွယ်အစားရှိ ပန်းရောင်စက္ကူကတ်ပြားကြီးများအား ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများသည် ၂-၅-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင်ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၅ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ စျေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်အတွင်းရှိ လသာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး/ရဲစခန်းနှင့်လူနေအိမ်ခန်း(၄)ထပ် အဆောက်အအုံသည် (အလျား ၁၄၈'×အနံ ၆၀')ရှိ အဆောက်အအုံဖြစ်ပြီး အဆိုပါအဆောက်အအုံအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အန္တရာယ်ရှိအဆောက်အအုံသတ်မှတ်ထားပြီး လေလံတင်ဖျက်သိမ်းရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **အဆောက်အအုံတည်နေရာ** - လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၁၀၈/၁၁၈)ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး/ရဲစခန်း လူနေအိမ်ခန်းပါ (၄)ထပ် (အလျား ၁၄၈'×အနံ ၆၀') သံကူကွန်ကရစ်အုတ်တိုက် အဆောက်အအုံ။
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၅-၂၀၁၅ရက်မှ ၆-၅-၂၀၁၅ ရက်အထိ နံနက် ၀၉း၀၀ မှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဒဂုံမြို့နယ်၊ ပြည်လမ်း၊ လွတ်တော်ဝင်းအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာန
(ဃ) **တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** - ၆-၅-၂၀၁၅ရက် (၁၂း၃၀)နာရီ
(င) **တင်ဒါဖွင့်လှစ်မည့် ရက်နှင့် အချိန်** - ၇-၅-၂၀၁၅ရက် (၁၃း၀၀)နာရီ
၂။ အထက်ဖော်ပြပါ အဆောက်အအုံအား စိတ်ဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာနသို့ ရုံးချိန်အတွင်း ဖုန်း-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၀ တို့သို့ ဆက်သွယ်၍ စုံစမ်းနိုင်ပါသည်။
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ပျောက်ဆုံးခြင်း
ကျွန်တော် သန်းဇော်ဌေး CDC-61574 ၏ BST-SSA-PSC/RB-WK-TFလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပါရန်။
ဖုန်း-၀၉-၅၁၇၀၂၂၆

အမည်ပြောင်း
ဦးစိုးညွှန့်သန်း၊ ၈/မဘန(နိုင်)၀၀၂၀၀၅ ၏သား မင်းဘူး(စကု)မြို့နယ်၊ စကုမြို့အထက(ခွဲ)မှ တတိယတန်းအောင်မြင်ခဲ့သော မောင်ရွှင်းပိုင်မှူးအား မောင်ရွှင်းလင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ရွှင်းလင်းအောင်

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ်၂၄/၈၂၁၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

သွေးသည် အသက်

၁၀ နှစ်ကြာ ကျဆင်းနေသည့်မြေပဲစျေးနှုန်းများ ပြန်လည်မြင့်တက်

မန္တလေး၊ မေ ၁

၁၀ နှစ်ကြာကာလအတွင်း ကျဆင်းနေသော မြေပဲစျေးနှုန်းများ ယခုနှစ်သင်္ကြန်မတိုင်ခင် ထူးထူးခြားခြား စျေးမြင့်တက်လာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏စျေးကောင်းပေးဝယ်မှုနှင့်အတူ ပြည်တွင်းမြေပဲစိုက်တောင်သူများ နည်းပါးသွားခြင်းကြောင့် ပြည်တွင်း၌ မြေပဲထွက်ကုန်ဖြစ်သည့် ပဲဆီ၊ ပဲဖတ်များ စျေးမြင့်တက်လာကာ ပဲဆီတစ်ပိဿာလျှင် ဒွေကျပ် ၃၀၀၀-၃၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ ယခုအချိန်တွင် ပဲဆီတစ်ပိဿာလျှင် ဒွေကျပ် ၄၅၀၀-၅၀၀၀ အထိ စျေးကောင်းရရှိလာခဲ့သည်။ ပဲဖတ်တစ်ပိဿာလျှင် ယခင်ဒွေကျပ် ၅၀၀-၆၀၀ ဝန်းကျင်မှ လက်ရှိတွင် တစ်ပိဿာဒွေကျပ် ၁၀၀၀ ဝန်းကျင်ခန့်အထိ စျေးမြင့်တက်လာကြောင်း ဆီကုန်သည်များအသင်းမှ တာဝန်ရှိသူ ဦးကိုကြီးက ပြောသည်။

"တရုတ်နိုင်ငံက အရင်ကဆို မြေပဲအဝယ်နည်းတဲ့အပြင် ဝယ်ပြန်တော့လည်း စျေးပေးနည်းတယ်။ ဒါကြောင့် မြေပဲစိုက်တောင်သူတွေ အရှုံးပေါ်နေတော့ အရင်က မြေပဲစိုက်ဧကတစ်သောင်းလောက်မှာ အခုဆိုရင် ငါးရာခိုင်နှုန်းသာ မြေပဲစိုက်သူရှိတော့တယ်။ ဒါကြောင့် မြေပဲအထွက်နှုန်းလည်း နည်းသွားတာပေါ့။ ပြီးတော့ ပြည်ပက စားအုန်းဆီတွေကလည်း အကန့်အသတ်မရှိဝင်လာတဲ့အတွက် တောင်သူတွေအများကြီး နစ်နာတာပေါ့ဗျာ။ အရင်က လုံးဆန် တစ်ပိဿာကို ဒွေကျပ် ၁၇၀၀ ဝန်းကျင်ကနေ အခု တစ်ပိဿာဒွေကျပ် ၂၆၀၀ ခန့်အထိ စျေးရနေတယ်။ ဆီဆန် တစ်ပိဿာကို အရင်က ဒွေကျပ် ၁၂၀၀- ၁၅၀၀ အတွင်းကနေ အခုဆိုရင် တစ်ပိဿာကို ဒွေကျပ် ၂၄၀၀ အထိ စျေးပေါက်နေတယ်" ဟု ၄င်းကပြောသည်။

မြေပဲစိုက်တောင်သူများ နည်းပါးသွားရခြင်းမှာ ပြည်ပစားအုန်းဆီများ အကန့်အသတ်မဲ့ဝင်ရောက်လာခြင်း၊ ပြည်ပဝယ်လိုအား နည်းပါးခြင်းတို့ကြောင့် နှစ်စဉ်တောင်သူများ အနှုန်းပေါ်နေရသဖြင့် မြေပဲစိုက်ပျိုးခြင်းမပြုတော့ဘဲ ၄င်းတို့၏လယ်ယာများကို ငှားရမ်းခြင်းဖြင့် ရပ်တည်နေရခြင်းကြောင့် မြေပဲစိုက်တောင်သူများအတွက် တစ်စုံတစ်ရာ အကျိုးရှိစေမည့်နည်းလမ်းများကို နိုင်ငံတော်အစိုးရက စဉ်းစားပေးစေလိုကြောင်း ဦးကိုကြီးက အကြံပြုပြောကြားသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

လေအေးပေးစက်အပူချိန်လွန်ကဲရာမှ မီးလောင်

မြိုင်ကလေး၊ မေ ၁

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ခမ္မပါလရပ်ကွက် မြိုင်ကလေးလမ်းဆုံ ဟိန္ဒူဘုရားကျောင်းအနီး၌ ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်သည့်နေရာသို့ ဘားအံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး ဦးထိန်လင်းစိုးပါ မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် မီးငြိမ်းသတ်ယာဉ် တစ်စီး၊ တန် ၉၀၀ ဘိလပ်မြေစက်ရုံမှ လုံခြုံရေးမှူး ဦးသန်းထွန်းပါ ရှစ်ဦးနှင့် မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ လှာကာကျေးရွာ အုပ်စုအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးညွှန့်ကျိုးသွားခဲ့ပြီးမွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အခြားနေအိမ်များကို ကူးစက်လောင်ကျွမ်းခဲ့ခြင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရာ ဟိန္ဒူဘုရားကျောင်းအနီး ခမ္မပါလရပ်ကွက် လှာကာကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူ ဦးရခိုင်(ခ)ဦးလှသောင်း(၅၆နှစ်) ခြံစောင့်၏ နေအိမ်မှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ခြံစောင့်ဖြစ်သူ ဦးရခိုင်(ခ) ဦးလှသောင်းမှာအပြင်သို့သွားစဉ် လေအေးပေးစက်ကို ဖွင့်ထားခဲ့ရာမှ အပူချိန်လွန်ကဲမှုဖြစ်ပွားကာ မီးလောင်ခဲ့ရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။ မီးလောင်မှုကြောင့် ဦးရခိုင်(ခ) ဦးလှသောင်းနေထိုင်သည့် ပေ (၂၀×၄၀) သွင်ပမိုး၊ ပျဉ်ခင်း၊ ထရံကာနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လျှပ်စစ်မီးကို ပေါ့ဆစွာအသုံးပြုခဲ့သူ ဦးရခိုင်(ခ) ဦးလှသောင်းအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

သတိပေးနှိုးဆော်ချက်

ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆဋ္ဌမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ရေးအထိမ်းအမှတ်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ စာတမ်းဖတ်ပွဲကို ၂၀၁၅ ခုနှစ် မေလ ၄ ရက်နေ့နှင့် ၅ ရက်နေ့တို့တွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ လည်းကောင်း၊ ပြပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို မေလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ပြည်သူ့ဥယျာဉ် အမှတ်(၂) စကိတ်ကွင်းတို့၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) မှ မီးသုံးစွဲသူပြည်သူများသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးခြင်းနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးမည့်အစီအစဉ်များ အသိပေးကြေညာခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသုံးစွဲသူပြည်သူများသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးရာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ အဆင်မပြေမှုများနှင့် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများအတွက် လျှပ်စစ်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို (၂၄) နာရီ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသုံးစွဲသူပြည်သူများအနေဖြင့် အထက်ဖော်ပြပါ အခြေအနေများဖြစ်ပေါ်လာပါက သက်ဆိုင်ရာ မြို့နယ်တာဝန်ခံဖြစ်သော လျှပ်စစ်မန်နေဂျာ(စီမံ)၊ မန်နေဂျာ (အင်ဂျင်နီယာ)များ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကြောင်းကြားပါက မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

စဉ်	မြို့နယ်	မြို့နယ်လျှပ်စစ်မန်နေဂျာ(စီမံ)	မြို့နယ်လျှပ်စစ်မန်နေဂျာ(အင်ဂျင်နီယာ)
၁	သယ်နီးကျွန်း	၀၉၄၇၂၂၂၅၅၆	၀၉၄၇၂၂၂၅၅၇
၂	ရန်ကင်း	၀၉၄၇၂၂၂၅၅၈	၀၉၄၇၂၂၂၅၅၉
၃	တောင်ဥက္ကလာပ	၀၉၄၇၂၂၂၅၆၀	၀၉၄၇၂၂၂၅၆၁
၄	မြောက်ဥက္ကလာပ	၀၉၄၇၂၂၂၅၆၂	၀၉၄၇၂၂၂၅၆၃
၅	ဒေါပုံ	၀၉၄၇၂၂၂၅၆၄	၀၉၄၇၂၂၂၅၆၅
၆	သာကေတ	၀၉၄၇၂၂၂၅၆၆	၀၉၄၇၂၂၂၅၆၇
၇	တာမွေ	၀၉၄၇၂၂၂၅၆၈	၀၉၄၇၂၂၂၅၆၉
၈	မင်္ဂလာတောင်ညွှန့်	၀၉၄၇၂၂၂၇၀၀	၀၉၄၇၂၂၂၇၀၁
၉	ပုဇွန်တောင်	၀၉၄၇၂၂၂၇၀၂	၀၉၄၇၂၂၂၇၀၃
၁၀	ဝိုလ်တထောင်	၀၉၄၇၂၂၂၇၀၄	၀၉၄၇၂၂၂၇၀၅
၁၁	ဒဂုံ(တောင်)	၀၉၄၇၂၂၂၇၀၆	၀၉၄၇၂၂၂၇၀၇
၁၂	ဒဂုံ(မြောက်)	၀၉၄၇၂၂၂၇၀၈	၀၉၄၇၂၂၂၇၀၉
၁၃	ဒဂုံ(ဆိပ်ကမ်း)	၀၉၄၇၂၂၂၇၁၀	၀၉၄၇၂၂၂၇၁၁
၁၄	ဒဂုံ(အရှေ့)	၀၉၄၇၂၂၂၇၁၂	၀၉၄၇၂၂၂၇၁၃
၁၅	ရွှေပေါက်ကံ		၀၉၄၇၂၂၂၇၁၄
၁၆	ကျောက်တံတား	၀၉၄၇၂၂၂၇၁၅	၀၉၄၇၂၂၂၇၁၆
၁၇	ပန်းဘဲတန်း	၀၉၄၇၂၂၂၇၁၇	၀၉၄၇၂၂၂၇၁၈
၁၈	လသာ	၀၉၄၇၂၂၂၇၁၉	၀၉၄၇၂၂၂၇၂၀
၁၉	လမ်းမတော်	၀၉၄၇၂၂၂၇၂၀	၀၉၄၇၂၂၂၇၂၂
၂၀	အလုံ	၀၉၄၇၂၂၂၇၂၃	၀၉၄၇၂၂၂၇၂၄
၂၁	စမ်းချောင်း	၀၉၄၇၂၂၂၇၂၅	၀၉၄၇၂၂၂၇၂၆
၂၂	ကမာရွတ်	၀၉၄၇၂၂၂၇၂၇	၀၉၄၇၂၂၂၇၂၈
၂၃	ကြည့်မြင်တိုင်	၀၉၄၇၂၂၂၇၂၉	၀၉၄၇၂၂၂၇၃၀
၂၄	ဗဟန်း	၀၉၄၇၂၂၂၇၃၀	၀၉၄၇၂၂၂၇၃၂
၂၅	ဒဂုံ	၀၉၄၇၂၂၂၇၃၃	၀၉၄၇၂၂၂၇၃၄
၂၆	လှိုင်	၀၉၄၇၂၂၂၇၃၅	၀၉၄၇၂၂၂၇၃၆
၂၇	မရမ်းကုန်း	၀၉၄၇၂၂၂၇၃၇	၀၉၄၇၂၂၂၇၃၈
၂၈	ဆိပ်ကမ်း		၀၉၄၇၂၂၂၇၃၉
၂၉	အေးရှာ		၀၉၄၇၂၂၂၇၄၀
၃၀	သန်လျင်	၀၉၄၇၂၂၂၇၄၀	၀၉၄၇၂၂၂၇၄၂
၃၁	ကျောက်တန်း	၀၉၄၇၂၂၂၇၄၃	၀၉၄၇၂၂၂၇၄၄
၃၂	ခရမ်း	၀၉၄၇၂၂၂၇၄၅	၀၉၄၇၂၂၂၇၄၆
၃၃	သုံးခွ	၀၉၄၇၂၂၂၇၄၇	၀၉၄၇၂၂၂၇၄၈
၃၄	တွံတေး	၀၉၄၇၂၂၂၇၄၉	၀၉၄၇၂၂၂၇၅၀
၃၅	ကော့မှူး	၀၉၄၇၂၂၂၇၅၀	၀၉၄၇၂၂၂၇၅၁
၃၆	ကွမ်းခြံကုန်း	၀၉၄၇၂၂၂၇၅၃	၀၉၄၇၂၂၂၇၅၄
၃၇	ဒလ	၀၉၄၇၂၂၂၇၅၅	၀၉၄၇၂၂၂၇၅၆
၃၈	ဆိပ်ကြီးခနောင်တို	၀၉၄၇၂၂၂၇၅၇	၀၉၄၇၂၂၂၇၅၈
၃၉	လက်ခုပ်ကုန်း		၀၉၄၇၂၂၂၇၅၉
၄၀	ကျိုက်ထော		၀၉၄၇၂၂၂၇၆၀
၄၁	တံတား		၀၉၄၇၂၂၂၇၆၁
၄၂	ကိုကိုးကျွန်း		
၄၃	အင်းစိန်	၀၉၄၇၂၂၂၇၅၄	၀၉၄၇၂၂၂၇၅၅
၄၄	မင်္ဂလာဒုံ	၀၉၄၇၂၂၂၇၅၆	၀၉၄၇၂၂၂၇၅၇
၄၅	ရွှေပြည်သာ	၀၉၄၇၂၂၂၇၅၈	၀၉၄၇၂၂၂၇၅၉
၄၆	လှိုင်သာယာ	၀၉၄၇၂၂၂၇၅၀	၀၉၄၇၂၂၂၇၆၀
၄၇	ထန်းတပင်	၀၉၄၇၂၂၂၇၆၂	၀၉၄၇၂၂၂၇၆၃
၄၈	မော်ဘီ	၀၉၄၇၂၂၂၇၆၄	၀၉၄၇၂၂၂၇၆၅
၄၉	လှည်းကူး	၀၉၄၇၂၂၂၇၆၆	၀၉၄၇၂၂၂၇၆၇
၅၀	တိုက်ကြီး	၀၉၄၇၂၂၂၇၆၈	၀၉၄၇၂၂၂၇၆၉
၅၁	ဖောင်ကြီး		၀၉၄၇၂၂၂၇၇၀
၅၂	ထောက်ကြန့်		၀၉၄၇၂၂၂၇၇၁
၅၃	ဥက္ကံ		၀၉၄၇၂၂၂၇၇၂
၅၄	ဒါးပိန်		၀၉၄၇၂၂၂၇၇၃
၅၅	အဖျောက်		၀၉၄၇၂၂၂၇၇၄
၅၆	မြောင်းတကာ		၀၉၄၇၂၂၂၇၇၅
၅၇	အင်းတိုင်		၀၉၄၇၂၂၂၇၇၆
၅၈	ရွှေလင်ပန်း		၀၉၄၇၂၂၂၇၇၇

၃။ အထက်ဖော်ပြပါမြို့နယ်လျှပ်စစ် မန်နေဂျာရုံးများသို့ ဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်မပြေမှုများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ခရိုင်လျှပ်စစ်မန်နေဂျာ(စီမံ)နှင့် ခရိုင်လျှပ်စစ်မန်နေဂျာ(အင်ဂျင်နီယာ) တို့၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြား ပါက ခရိုင်လျှပ်စစ်မန်နေဂျာရုံးများမှ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများသို့ ဆက်သွယ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ဖြေရှင်းပေးမည်ဖြစ်ပါသည်။

စဉ်	ခရိုင်	ခရိုင်လျှပ်စစ်မန်နေဂျာ(စီမံ)	ခရိုင်လျှပ်စစ်မန်နေဂျာ (အင်ဂျင်နီယာ)
၁	အရှေ့ပိုင်းခရိုင်	၀၉၅၀၅၅၉၇၆၊ ၀၉၈၆၀၀၆၉၂	၀၉၈၆၀၀၉၈၅
၂	အနောက်ပိုင်းခရိုင်	၀၉၅၀၅၅၉၇၅၊ ၀၉၈၆၀၀၆၉၃	၀၉၈၆၀၀၉၈၆
၃	တောင်ပိုင်းခရိုင်	၀၉၅၀၅၅၉၇၄၊ ၀၉၈၆၀၀၆၉၄	၀၉၈၆၀၀၉၈၇
၄	မြောက်ပိုင်းခရိုင်	၀၉၈၆၀၀၆၉၅၊ ၀၉၅၀၀၄၆၈၁	၀၉၈၆၀၀၇၅၅

၄။ မီးသုံးစွဲသူပြည်သူများအနေဖြင့် အထက်ဖော်ပြပါမြို့နယ်/ခရိုင်များသို့ ဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်မပြေမှုများဖြစ်ပေါ်ပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)ရုံးချုပ်ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) မှ မီးသုံးစွဲသူပြည်သူများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများနှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများအား အပြည့်အဝပြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

Call Center
(က) ၀၁-၂၁၅၁၄၆
(ခ) ၀၁-၂၁၅၁၄၇
(ဂ) ၀၁-၂၁၅၁၄၈
(ဃ) ၀၁-၂၁၅၁၄၉
(c) ၀၁-၂၁၅၆၆၆

၅။ မီးသုံးစွဲသူပြည်သူများ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်/ခရိုင်တို့အားဆက်သွယ်ဆောင်ရွက်ရာတွင် လျှပ်စစ်ပိုင်းဆိုင်ရာ ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ ကျေနပ်မှုမရှိခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း မရှိခြင်းတို့အတွက်၊ တိုင်ကြားလာပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရုံးချုပ်မှစစ်ဖြေမှန်ကန်ပါက သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ရုံးများရှိ တာဝန်ရှိသူများအား စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ယာယီကြီးကြပ်မှုအဖွဲ့
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)
အမှတ်(၁၉၇၊၁၉၉) အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရေနုံသာစာနေ့ အလင်းတန်းများ ပြောလေပြီ

ဒေါက်တာ နန်းသူဇာသိန်းထူး

တမာရနံ့လေးတွေ မွှေးထုံသင်းပျံ့နေတဲ့ ရေနံချောင်းဒီဂရီကောလိပ်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့နေ့ကလေးတစ်နေ့ပါ . . . ။ ၂၀၁၅ ခုနှစ်ရဲ့ မတ်လ ၁၀ ရက်နေ့မှာတော့ ရေနံချောင်းဒီဂရီကောလိပ် အခြေခံစာတတ်မြောက်ရေးလုပ်အားပေး သင်တန်းခေါင်းဆောင် ရူပဗေဒဌာနမှ ကထိကဒေါက်တာ အေမာသိန်းက ကျောင်းသား ကျောင်းသူတွေကို ဆင့်ပွားသင်တန်းပို့ချနေတဲ့ မြင်ကွင်းလေးပါ. . . ။ ဆရာမကလည်း အားကြိုးမာန်တက်သင်ကြားပြသပေးနေသလို ကျောင်းသား ကျောင်းသူလေးတွေကလည်း စိတ်ဝင်တစားနဲ့ အာရုံစူးစိုက်ပြီးနားထောင်နေကြတယ်။ မြင်ရတဲ့ မြင်ကွင်းလေးက ပီတိဖြစ်စရာပါ။ အနာဂတ်ရဲ့ သားကောင်းရတနာ သမီးကောင်းရတနာလေးတွေက ကျေးလက်ဒေသအရောက်သွားပြီး ပြည်သူတွေကို အလင်းပေးနိုင်ဖို့ ပြင်ဆင်နေကြတာပါ။

လူသားတွေရဲ့ဘဝမှာ အလင်းရောင်ဆိုတာ အရေးကြီးပါတယ်။ ဘဝမှာ စာမတတ်တဲ့သူတွေကို အလင်းရောင်ကွယ်ပျောက်နေတဲ့သူလို့ သတ်မှတ်ချင်ပါတယ်။ စာပေဆိုတဲ့အလင်းတန်းကြီး ကွယ်ပျောက်နေသူတစ်ယောက်ရဲ့ဘဝဟာ အသက်ရှင်နေပေမယ့်လည်း ကောင်းသောအသက်ရှင်ခြင်းကို ရမှာမဟုတ်ပါဘူး။ လူတွေဟာ ခန္ဓာကိုယ်အာဟာရအတွက် အစာစားဖို့လိုအပ်သလို၊ စိတ်အာဟာရ အတွက်လည်း စာဖတ်ဖို့လိုပါတယ်။ မြို့မှန်လေးကစပြီး စကြဝဠာကြီးအဆုံး အားလုံးသော သိစရာမှတ်စရာ လေ့လာစရာတွေဟာ စာပေထဲမှာရှိပါတယ်။ အလိမ္မာစာမှာရှိဆိုသလို ပညာဉာဏ်ဗဟုသုတနဲ့ပြည့်စုံမှပဲ အတွေးအခေါ် အမြော်အမြင်ကောင်းတွေရပြီးဘဝကို တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မှာပါ။

တစ်ချိန်က ကျွန်မတို့နိုင်ငံဟာ ကိုလိုနီအမွေဆိုးကြောင့် စာမတတ်သူများပြားခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးစကာလက မြန်မာ့လူဦးရေ ၁၇ သန်းမှာ ၁၁ သန်းဟာ စာမတတ်တဲ့သူတွေပါ။ ရာခိုင်နှုန်းအားဖြင့် ကြည့်ရင်တော့ ၆၅ရာခိုင်နှုန်းပေါ့။ ဒါကြောင့်လည်း နိုင်ငံတော်အနေနဲ့ စာတတ်မြောက်ရေးလှုပ်ရှားမှုတွေကို အခြားသော နိုင်ငံတွေထက်စောပြီး အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၆၅ကနေ ၁၉၆၈အထိ အသုံးလုံးကျေ သင်တန်းတွေဖွင့်ပြီး ပြည်သူတွေစာတတ်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ အဲဒီလှုပ်ရှားမှုတွေမှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ အဓိက ပါဝင်ပါတယ်။ ကျောင်းပိတ်ချိန်မှာအချိန်မဖြုန်းဘဲ လယ်ကွင်းကိုဖြတ်ပြီး ရိုးပြတ်ကိုကျော်ကာ ကျေးလက်အရောက် ပညာအလင်းပေးဖို့ ရောက်လာခဲ့ကြပါတယ်။ ဒါကြောင့်လည်း ၁၉၈၃ မှာတော့ စာမတတ်သူဦးရေ ၂၁ ဒသမ ၄ ရာခိုင်နှုန်းထိ လျော့ကျလာပြီး ၂၀၀ ပြည့်နှစ်မှာတော့ ကိုးရာခိုင်နှုန်းသာ ကျန်ပါတော့တယ်။ မြန်မာနိုင်ငံရဲ့ စာတတ်မြောက်ရေး လှုပ်ရှားမှုတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ၁၉၇၁ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့မှာ မိုဟာမက်ရီဇာပါလဗီဆုနဲ့ ၁၉၈၃ ခုမှာ နိုမာဆုတွေ ချီးမြှင့်ခဲ့ပါတယ်။

ယခုလည်း နိုင်ငံတော်အစိုးရရဲ့ဦးဆောင်မှုနဲ့ ကျန်ရှိနေတဲ့ စာမတတ်သူတွေကို စာတတ်အောင် အသုံးလုံးကျေ သင်တန်းတွေ ပြန်လည်ပို့ချဖို့ ခွင့်ပြုလာချိန်မှာတော့ ကျွန်မတို့ ရေနံချောင်းဒီဂရီကောလိပ်တစ်ခုလုံး စိတ်ပါဝင်စားနေကြပါတယ်။ ကလေးတွေအားလုံးကလည်း စာတတ်မြောက်ရေးလုပ်အားပေး လိုက်ချင်နေကြပါတယ်။ ဒါပေမယ့်လည်း လူဦးရေအကန့်အသတ်ရှိတဲ့အတွက် ဌာနအသီးသီးကလည်း ကျောင်းသား ကျောင်းသူတွေကို စိစစ်ရွေးချယ်ပြီး ခေါ်ယူခဲ့ရတာပါ။ အချို့ကလေးတွေဆိုမလိုက်ရလို့ ငိုမဲ့မဲ့မျက်နှာလေးတွေနဲ့ပေါ့။ ဆရာ ဆရာမတွေက ဒီနှစ်မလိုက်ရတဲ့သူတွေကို နောင်နှစ်ခေါ်မယ်လို့ နှစ်သိမ့်ခဲ့ရပါတယ်။ အသုံးလုံးလုပ်အားပေးပွဲကို အင်မတန်မှ စိတ်အားထက်သန်ပြီး လိုက်ချင်ကြတဲ့ ရေနံသာက ကျောင်းတော်သူ ကျောင်းတော်သားတွေရဲ့ စိတ်ဓာတ်ဟာ ဂုဏ်ယူစရာ ကောင်းလှပါတယ်။

၂၀၁၅ ခုနှစ် မတ် ၃၀ ရက် နံနက်မှာတော့ တူညီဝတ်စုံ ဆင်မြန်းထားတဲ့ ကျောင်းသား ကျောင်းသူလေးတွေရဲ့ မျက်နှာမှာ အားမာန်အပြည့် တက်ကြွရွင်လန်းမှု အပြည့်နဲ့ ရေနံချောင်းဒီဂရီကောလိပ် ပတ္တမြားခန်းမထဲကို ချီတက်နေကြပါတယ်။ သူတို့ ဘာလို့ ရောက်လာကြသလဲဆိုတော့ နွေရာသီကျောင်းပိတ်ရက်မှာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကို စာတတ်မြောက်ရေး လုပ်အားပေးသွားဖို့အတွက် ဖွင့်ပွဲအခမ်းအနားရှိလို့ပါပဲ။ အသုံးလုံးလုပ်အားပေးရမှာမို့ အင်မတန်မှ စိတ်အားထက်သန်ပြီး လိုက်ချင်နေကြတဲ့သူလေးတွေရဲ့ မျက်နှာမှာ အပြုံးရိပ်ကလေးများကို တွေ့ရပါတယ်။ နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက် သူတို့လေးတွေကလည်း ကျေရာ အခန်းကဏ္ဍကနေပြီး ပါဝင်ခွင့်ရလို့ ပျော်နေကြပါတယ်။ ကလေးတွေကိုကြည့်ပြီး ကျွန်မရင်မှာလည်း ပီတိလေးတွေ ကူးစက်လို့လာပါတယ်. . . ။

ခုဆိုရင် ပတ္တမြားခန်းမထဲမှာ အစီအရီထိုင်နေကြတဲ့ မောင်မယ်လေးတွေကတော့ ရေနံချောင်းဒီဂရီကောလိပ်ရဲ့ ကံထူးတဲ့ ကလေးတွေပါပဲ။ ကျောင်းသား ကျောင်းသူ ၂၈၀ နဲ့ အုပ်ချုပ် သူ ဆရာမ ၂၈ ဦး စုစုပေါင်း ၃၀၈ ဦးကို တာဝန်ရှိသူတွေကတွေ့ဆုံပြီး လိုအပ်တာတွေ မှာကြားခဲ့ပါတယ်။ ပထမဆုံး ရေနံချောင်းဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမောင်မောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး လုပ်အားပေး ကျောင်းသူ ကျောင်းသားတွေ ဆရာ ဆရာမတွေကို နေရေးထိုင်ရေး ကအစ ပေါင်းသင်းဆက်ဆံရေးပါမကျန် နေတတ်ထိုင်တတ်ဖို့ လမ်းညွှန်မှာကြားသွားပါတယ်။ အမှာစကားပြောကြားအပြီးမှာတော့ ဆရာကြီးက လုပ်အားပေး ကျောင်းသူ ကျောင်းသားတွေကို ပညာရေးဝန်ကြီးဌာနကဦးထုပ်၊ တီရှပ်၊ ရင်ထိုး၊ လက်ဆွဲအိတ်၊ ပို့စကတ်တွေ လက်ဆောင်ပေးထားကြောင်း အသိပေးပြောကြားလိုက်တဲ့အခါမှာတော့ အားလုံးပဲ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြပါတယ်။

ဆရာကြီးရဲ့ လမ်းညွှန်အမှာစကားအပြီးမှာတော့ မကွေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးကိုယ်စား ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးက နေရေးထိုင်ရေး၊ စားရေးသောက်ရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ ကြိုတင်စီမံမှုတွေကို တင်ပြလာပါတယ်။ တိုင်းဒေသကြီးမှ တာဝန်ရှိသူတွေကလည်း လုပ်အားပေး ကျောင်းသားကျောင်းသူတွေအတွက် လက်ဆွဲအိတ်၊ တီရှပ်ကအစ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဓာတ်ဆားထုပ်နဲ့ ဆပ်ပြာရေပါမကျန် ပံ့ပိုးပေးသွားတဲ့အတွက် ပြိုးနေတဲ့ကလေးတွေ ပိုပြီး ပျော်ရွှင်သွားကြပါတယ်။

မတ်လ ၃၁ ရက် နံနက်မှာတော့ လုပ်အားပေး ကျောင်းသား ကျောင်းသူတွေဟာ နံနက်စောစောထပြီး ကျောင်းကကျွေးတဲ့ ကောက်ညှင်းပေါင်းနဲ့ အကြော်မျိုးစုံ ကို နံနက်စာအဖြစ်သုံးဆောင်ပြီး Express ကား ခုနစ်စီးနဲ့ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ဆီသို့ တက်ကြွစွာ ချီတက်လာကြပါတယ်။ နံနက် ၁၁ နာရီလောက်မှာတော့ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းကြီးမှာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲပြုလုပ်ပြီး သြဝါဒစကား မြွက်ကြားခဲ့ပါတယ်။

ရေနံချောင်းဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများ တာဝန်ယူပို့ချရမယ့် ဒေသတွေကတော့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ပဲ ဖြစ်ပါတယ်။ နယ်မြေစုဖွဲ့မှု ၁၂ အုပ်စုမှာရှိတဲ့ ကျေးရွာပေါင်း ၁၂၉ ရွာမှာရှိတဲ့ စာသင်သား ၂၂၂၇ ဦးကို ၁-၄-၂၀၁၅ ကနေ ၁၅-၅-၂၀၁၅ နေ့အထိ သင်ကြားပေးရမှာဖြစ်ပြီး စာသင်ချိန်ကတော့ နေ့စဉ် ၃နာရီ သင်ပေးရမှာဖြစ်ပါတယ်။ ဖွင့်ပွဲအပြီးမှာတော့ လုပ်အားပေး ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများဟာ တာဝန်ကျရာရွာတွေကို ပျော်ရွှင်စွာထွက်ခွာသွားကြပါတယ်။

၂၁ ရာစုမှာ တိုးတက်ပြောင်းလဲနေတဲ့ အသိပညာ၊ အတတ်ပညာတွေကိုလေ့လာဖို့ ကျွန်မတို့နိုင်ငံသားအားလုံး စာတတ်ဖို့လိုပါတယ်။ ဒါမှလည်း နိုင်ငံရဲ့ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို တိုးတက်အောင် စွမ်းဆောင်နိုင်မှာ မဟုတ်ပါလား။ ဒီလိုတိုးတက်မှုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်တော့မှာပေါ့။ အဲဒီလို အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်နိုင်ဖို့အတွက် ရေနံချောင်းဒီဂရီကောလိပ်က ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေကလည်း ကျရာအခန်းကဏ္ဍကနေပြီး ပါဝင်ခွင့်ရလို့ အလွန်ပဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။

"သဲတစ်ပွင့်နှင့် လှတင့်ကမ္ဘာ ဖြစ်မလာလည်း ဖြစ်လာကမ္ဘာ သဲတိုင်းပါ၏" ဆိုသလို နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တဲ့ စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ သဲတစ်ပွင့်အဖြစ် ပါဝင်ခွင့်ရတဲ့အတွက် ရေနံသာစခန်းမှ အလင်းတန်းများကလည်း အစဉ်ထာဝရ ကြည်နူးဝမ်းမြောက်နေမှာ ဖြစ်ပါတော့တယ်။ ။

လူတွေဟာ ခန္ဓာကိုယ်အာဟာရအတွက် အစာစားဖို့ လိုအပ်သလို၊ စိတ်အာဟာရအတွက်လည်း စာဖတ်ဖို့ လိုပါတယ်။ မြို့မှန်လေးကစပြီး စကြဝဠာကြီးအဆုံး အားလုံးသော သိစရာမှတ်စရာ လေ့လာစရာတွေဟာ စာပေထဲမှာ ရှိပါတယ်

စည်းကမ်းမဲ့မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးစနစ်ဖြင့် အရေးယူဆောင်ရွက်မည်

ပျဉ်းမနား မေ ၁

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ သတ်မှတ်ယာဉ်မရပ်ရနေရာများတွင် ရပ်တန့်ထားသော စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်များကို သင်္ကြန်အပြီး ကာလမှစ၍ မှတ်သားဖမ်းဆီးစနစ်ဖြင့် နေ့စဉ်ဆောင်ရွက်အရေးယူသွားမည်ဖြစ်သည်။

နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ ပျဉ်းမနားမြို့နယ် နယ်နိမိတ် ရန်ကုန်-မန္တလေးလမ်းဟောင်း ဆင်ရတနာမီးပွိုင့်အနီးနှင့် မြင်းရတနာမီးပွိုင့်အနီး ဖြူ နီကျား ယာဉ်မရပ်ရနေရာများတွင် လိုင်းကားများ ရပ်တန့်ခြင်း၊ ကိုယ်ပိုင်ယာဉ်ငယ်များနှင့် သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့ရပ်တန့်ခြင်း၊ သတ်မှတ်နေရာများတွင် မရပ်သည့် မြို့တွင်းလိုင်းကားများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော မော်တော်ယာဉ်များကို ထိရောက်စွာအရေးယူသွားမည်ဖြစ်သည်။

ယခုအချိန်တွင် ပျဉ်းမနားမြို့နယ်အနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်မတော်တဆ ထိခိုက်မှုလျော့နည်းစေရေးအတွက် အရှိန်အဟုန်မြှင့်တင်၍ မြို့တွင်းအချက်အချာကျသော နေရာများတွင် မော်တော်ယာဉ် လိုင်စင်များ၊ ဆိုင်ကယ်လိုင်စင်များ စစ်ဆေးခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ လမ်းပြောင်းပြန်စီးနင်းခြင်း၊ နှစ်ဦးထက်ပို၍ စီးနင်းမောင်းနှင်ခြင်း၊ အသံကျယ်လောင်သော အိတ်ဇောများ တပ်ဆင်စီးနင်းခြင်းများကို နေ့စဉ်နေရာပြောင်းရွှေ့စနစ်ဖြင့် အရေးယူဆောင်ရွက်ခြင်းများအား နေပြည်တော် မ. ထ. သ(မြို့တွင်း)အဖွဲ့များနှင့် အမှတ်(၆) ယာဉ်ထိန်းတပ်ဖွဲ့စု(နေပြည်တော်)ပျဉ်းမနားအဖွဲ့များက နေ့စဉ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆထိခိုက်မှုလျော့နည်းစေရေးဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ၍ ပါဝင်ကူညီဆောင်ရွက်သင့်ပါကြောင်း အမှတ်(၆) ယာဉ်ထိန်းတပ်ဖွဲ့စု(နေပြည်တော်) ပျဉ်းမနားမြို့နယ်မှ ယာဉ်ထိန်းတာဝန်ခံဒုရဲမှူး ရဲလွင်ကပြောကြားသည်။ **ကိုမျိုး(ရွှေပေါက္ကံ)**

ဓာတ်ပုံ-သီရိခေတ်

ရန်ကုန်တိုင်းဒေသကြီး ရွှေပညာဒါနသင်တန်းဖွင့်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ၁/၂၀၁၅ ရွှေပညာ(ပညာဒါန)သင်တန်းဖွင့်ပွဲကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်၊ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနာယက ဦးဘသန်း (B.T)၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်တို့က နှုတ်ခွန်းဆက်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ရွှေပညာ(ပညာဒါန) အခမဲ့သင်တန်းတွင် ရွှေတူးဖော်ထုတ်လုပ်ခြင်း၊ ရွှေသန့်စင်ခြင်း၊ မီးလင်း(အခေါက်ရွှေ) ရောင်း/ဝယ်ခြင်း၊ ရွှေပန်းတိမ်အင်နံ့ခြင်း၊ ရွှေငွေဒင်္ဂါးအတုအစစ် ခွဲခြားခြင်း၊ ငွေအထည်ပျက်နှင့် ဘော်ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ရွှေဈေးတွက်ချက်နည်းနှင့် ရွှေအရောင်းအဝယ်တွက်ချက်ခြင်း၊ ဒီဂျစ်တယ်အလေးချိန်ဖြင့် ရွှေထည်ပစ္စည်းအလေးချိန်စစ်ဆေးခြင်းနှင့် လူအသုံးများသော ကျောက်မျက်ရတနာများအကြောင်းကို သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ ဧပြီ ၂၆ ရက်မှ မေ ၅ ရက်အထိဖြစ်ကြောင်း သိရသည်။ **ကိုကြီးတင်**

မိုးနည်းရေရှားဒေသ စပါးရွှေ့ပြောင်းစိုက်စနစ်အတွက် လက်တွေ့စမ်းသပ်စိုက်ပျိုး

မြိုင် မေ ၁

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန IRRI (LIFTGEM)မှ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ပန်းစွာကျေးရွာအုပ်စု ပန်းစွာကျေးရွာတွင် မိုးနည်းရေရှားဒေသ စပါးရွှေ့ပြောင်းစိုက်စနစ်အတွက် သင့်လျော်သောဘက်စုံစီမံခန့်ခွဲမှု စိုက်ပျိုးနည်းစနစ်များဖြင့် အပူပိုင်းဒေသတွင် လက်တွေ့စမ်းသပ်စိုက်ပျိုး ဆောင်ရွက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ IRRI အနေနဲ့ မြိုင်မြို့နယ် ပန်းစွာရွာမှာ ယခုလို လက်တွေ့စမ်းသပ် ပျိုးထောင်စိုက်ပျိုးနိုင်ရန်အတွက် ပထမဆင့်အနေနဲ့ နေပြည်တော်မှာ အလုပ်ရုံဆွေးနွေးပွဲကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ပညာရှင်များ INGO,NGO တို့မှ ပညာရှင်များ မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားဒေသ၊ မြိုင်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ သာစည်မြို့နယ်များမှ တောင်သူများ တက်ရောက်ကြပြီး ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီအလုပ်ရုံဆွေးနွေးပွဲကထွက်ပေါ်လာတဲ့အဖြေကို ယခုအပူပိုင်းဒေသမှာ လက်တွေ့စမ်းသပ်စိုက်ပျိုးဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ယခုပန်းစွာကျေးရွာ ကွင်းအမှတ် (၇၆၃) တောင်သူ ဦးအောင်မင်းနဲ့ ဦးရွှေသိန်းတို့ရဲ့ လယ်မြေမှာ ရေတံခံနဲ့ ဆားငန်ခံစပါးမျိုးများဖြစ်တဲ့ (IR 87705-44-4-B) (IR 87707-446-BBB) (IR 10T 107) (ရွှေပြည်ဌေး DAR)မျိုးများနဲ့ ဒေသခံတောင်သူအများစုစိုက်တဲ့ (ရွှေမနော်)(ရွှေပြည်ဌေး၊ တောင်သူမျိုး) စတဲ့ စပါးခြောက်မျိုးကို တောင်သူစိတ်ကြိုက်စိုက်ပျိုးနည်းနဲ့ ကျွန်တော်တို့ဌာနရဲ့ အလုပ်ရုံဆွေးနွေးပွဲကရလာတဲ့ စိုက်ပျိုးနည်းနဲ့ စမ်းသပ်စိုက်ပျိုးနေခြင်း ဖြစ်ပါတယ်။

ယခုစိုက်ပျိုးနေတာကတော့ ပျိုးသက် ၂၀-၂၅ ရက်သားများ (၈×၆) စိုက်စနစ်နဲ့ ကြိုးတန်းဆွဲပြီး တစ်ကျင်းကို လက်ဆနှစ်ပင်သုံးပင်စီ စိုက်ပျိုးတယ်။ စပါးမျိုး ခြောက်မျိုး၊ စိုက်ကွက်ခြောက်ကွက်စိုက်ပျိုးမှာ ဖြစ်ပါတယ်။

အပူပိုင်းဒေသမှာ ယခုလို လက်တွေ့စမ်းသပ် စိုက်ပျိုးရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ တောင်သူများ ကြိုတွေ့နေရတဲ့ ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိတဲ့ စပါးမျိုးများပေါ်ထွန်းလာရေး၊ ဒေသ ရေမြေ၊ သဘာဝနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့များရရှိရေး၊ ဒေသခံတောင်သူများရဲ့ သက်မွေးဝမ်းကျောင်းမှုနည်းပညာများ တိုးတက်လာစေရေးစတဲ့ အပူပိုင်းဒေသနေတောင်သူတွေရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ယခုဆောင်ရွက်နေတဲ့ မြိုင်မြို့နယ်မှာလိုပဲ သာစည်မြို့နယ်၊ ညောင်ဦးမြို့နယ်တွေမှာလည်း ဆောင်ရွက်နေပါတယ်။ မိုးနည်းရေရှားဒေသနဲ့ ဆားဆပ်ပြာပေါက်ဒေသတွေအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု IRRI မှ တာဝန်ရှိသူ ဦးရန်နိုင်လင်းက အသေးစိတ် ရှင်းလင်းပြောပြသည်။ **ဖေထွေးဝင်း(ရေစကြို)**

ပြည်သူ့ရဲလုပ်ငန်းစဉ်များ သတင်းစာရှင်းလင်း

မဘီမ်း မေ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘီမ်းမြို့နယ် ရဲတပ်ဖွဲ့၏ ပြည်သူ့ရဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းလွင်က ယာဉ်မတော်တဆနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေးကိစ္စနှင့် ရပ်ရွာလုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထောက်အကူပြုကော်မတီ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(ဝ၆၁)**

စာပေဗိမာန်စာမူဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

ရန်ကုန် မေ ၁

၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ပထမဆုရ ဦးထွဏ်းလွင် (မိတ္ထီလာ)၏ မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်း (ပုဂံခေတ်မှကိုလိုနီခေတ်) (ရောင်းစျေး- ၁၀၀၀ ကျပ်)၊ စာပဒေသာ ပထမဆုရ ဆရာဝန်မောင်မောင်၏ အမှတ်တရ တစ်သက်တာဘဝ (ရောင်းစျေး- စ၀၀ကျပ်)၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ ဒုတိယဆုရ မောင်နွယ်သန်း၏ ဘက်စုံအသုံးဝင်သည့် မြန်မာ့ကြိမ်ပင် (ရောင်းစျေး ၆၀၀ ကျပ်)၊ လူငယ်စာပေ ဒုတိယဆုရ ကျွန်းစဉ်မြေစောခက်၏ ဘဝကျောင်းက ခေါင်းလောင်းသံနှင့် အခြားလူငယ်ဝတ္ထုတိုများ (ရောင်းစျေး-၅၀၀ကျပ်) တို့ ဖြစ်သည်။

အမှတ် ၅၂၉ -၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် ၂၄၅၊ ၂၄၇ အနော်ရထာလမ်းနှင့် (၉)လမ်းထောင့်၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း-၀၉- ၂၆၀၉၂၀၉၇၅)၊ အမှတ် (တ-၅၅)၊ သပြေကုန်းစျေးနေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်ဖုန်း- ၀၆၇-၄၁၄၆၈၁ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**





ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ သင်တန်းပို့ချ

ပေါက် မေ ၁

ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပျံ့နှံ့စိမ့်ဝင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သောအမူအကျင့်ကောင်းများ လိုက်နာပြုမူလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် UNICEF ယူနီဆက်(မြန်မာ)တို့ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး ပေါက်မြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ လူအချင်းချင်းဆက်သွယ်ပြောဆိုခြင်းဆိုင်ရာသင်တန်း IPC (Inter Personal Communication) ကို ဧပြီ ၂၉ ရက်က ပို့ချကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က လူအချင်းချင်းဆက်သွယ်ပြောဆိုခြင်းဆိုင်ရာသင်တန်းနှင့်ပတ်သက်၍ အကျယ်တဝင့် အသေးစိတ်သင်ကြားပို့ချသည်။

သင်တန်းတွင် အခြေခံကျန်းမာရေးဝန်ထမ်း ၈၀ တက်ရောက်ပြီး ဧပြီ ၂၉ ရက်မှ ၃၀ရက်ထိ နှစ်ရက်ကြာပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(လ/ဝ၀၅)**

သာယာဝတီခရိုင် နတ်တလင်းမြို့ ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဗြိမ်းချမ်းချိုးဆောင်သောတပ်ဖွဲ့ဝင်များသည် ဧပြီ ၂၉ ရက် ညနေ ၄ နာရီက သရက်တပင်ပေါ်တော်မူဘုရားသို့ ဘုရားဖူးလာကြသူများ သောက်သုံးရေ အဆင်ပြေစေရန် ရေလှူဒါန်းစဉ်။ တင်မြင့်(နတ်တလင်း)

နိုင်ငံသားကတ်ပြားများထုတ်ပေး

ရန်ကုန် မေ ၁

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အသက် (၁၈ နှစ်) ပြည့်ပြီး နိုင်ငံသားစိစစ်ရေးလက်မှတ် လက်ဝယ်ရှိသူတိုင်း မဲဆန္ဒပေးနိုင်ရန်ရည်ရွယ်၍ မိုးပွင့်(အထူး)စီမံချက်အရ (One Stop Service) စနစ်ဖြင့် မြို့နယ်လဝက ဦးစီးဌာနများမှ နိုင်ငံသားကတ်များ စိစစ်ထုတ်ပေးလျက်ရှိရာ ဧပြီ ၂၉ ရက်က မင်္ဂလာတောင်ညွှန့်မြို့နယ် ပုသိမ်ညွှန့်ရပ်ကွက်တွင် နိုင်ငံသား ၁၂၂ ဦးတို့အား သဒ္ဓမ္မဇျုတာမဟာရုံတွင် မြို့နယ်လဝကဦးစီးမှူး ဦးခင်မောင်ညွှန့်က အသက်(၁၈ နှစ်) ပြည့်သူတစ်ဦးချင်းအား နိုင်ငံသားကတ်များထုတ်ပေးခဲ့သည်။ မင်္ဂလာတောင်ညွှန့်မြို့နယ်အတွင်း အသက် (၁၈)နှစ်ပြည့်သူ ဦးရေ ၁၂၀၀ လျာထားသတ်မှတ်ထားခဲ့ရာ ယခုအခါလူဦးရေ စ၀၀ ကျော်ထုတ်ပေးခဲ့ပြီးဖြစ်သည်ဟု သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွှန့်)**

မြစ်ကြီးနား- မန္တလေး ကုန်ရထားတွဲချော်မှုဖြစ်

ကသာ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးနယ်မြေ ရဲစခန်းအပိုင်တွင် မန္တလေး- မြစ်ကြီးနား အဆန်အမှတ်(၉၃၉) ကုန်ရထားတွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာလာသည့် အမှတ်(၉၃၉) ကုန်ရထားစက်ခေါင်းအမှတ် GG-1140 သည် ဧပြီ ၂၉ ရက် မွန်းလွဲ ၂နာရီက အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းအပိုင် မိုင်တိုင်အမှတ် ၆၀၀-၉/၁၀ အကြား ခန့်မှန်းမြေပုံညွှန်း KG-157945 တွင် တွဲချော်မှုဖြစ်ပွားခဲ့ရာ တွဲအမှတ် GBXA-40868 ၏ ဘီးအမှတ်(၃) မှာ တစ်ပေခန့်အတွင်းသို့ကပ်ကျခဲ့ပြီး ဘီးအမှတ် ၆မှာ တစ်ပေခန့်အပြင်ကျခဲ့ရာ လူနှင့် ပစ္စည်းများထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ရထားတွဲကိုအမြန်ဆုံးပြန်လည်မတင်နိုင်ရေးအတွက် အင်းတော်ရုံပိုင်ကြီး ဦးလှသန်း၊ လမ်းပိုလ် ဦးအောင်အောင်နှင့် အဖွဲ့ဝင် ၁၀ ဦးတို့က သွားရောက်ပြင်ဆင်ခဲ့ရာ ည ၇နာရီ ၄၆ မိနစ်တွင် ကုန်ရထားမှာ ဆက်လက်ထွက်ခွာသွားခဲ့ပြီး ရထားတွဲချော်နေစဉ် ပင်ဝယ်ရဲကင်းမှူး ရဲအုပ်မင်းသိန်းထွန်းဦးစီးသော တပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ကျေးရွာချင်းဆက်လမ်းနှင့် ရိုးဖြတ်ကွန်ကရစ်တံတားပြီးစီးသဖြင့် ကျေးရွာရှစ်ရွာမှ ပြည်သူများ သွားလာရေးအဆင်ပြေ

ရေစကြို၊ မေ ၁

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် စဉ့်ကိုင်-နွားထိမ်း-မဲကုန်းကိုယ့်အားကိုယ်ကိုး မြေသားလမ်းသစ်ကို ကျေးရွာပြည်သူများ စုပေါင်းလုပ်အားဖြင့် ဖောက်လုပ်ခဲ့ကြပြီး အဆိုပါလမ်းပေါ်တွင် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ပေးလျက်ရှိသော ရိုးဖြတ်တံတားမှာလည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

စဉ့်ကိုင်-နွားထိမ်း-မဲကုန်းကျေးရွာချင်းဆက် မြေသားလမ်းသစ်ကို ၁၁.၆.၂၀၁၄ ရက်က စတင်ကာ ကျေးရွာပြည်သူများ၏ စုပေါင်းလျှဒါန်းငွေ ကျပ် ၄၅ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ မြေသားလမ်းပေါ်တွင် ၁၂ ရာသီ သွားလာ၍ အဆင်မပြေနိုင်သော ချောင်းရိုးတစ်ခုကန့်လန့်ဖြတ် တည်ရှိနေသဖြင့် နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ငွေကျပ် သိန်း ၁၀၀၀ မှ ငွေကျပ် ၃၅ သိန်း ချထားပေးခဲ့ရာ ပြည်သူလူထု ထည့်ဝင်ငွေကျပ်၁၉ သိန်း ထပ်မံဖြည့်ထည့်ကာ အလျား ၁၉ပေ ၆ လက်မ၊ အနံ ၁၂ ပေ၊ အမြင့် ၄ ပေရှိ သံကူကွန်ကရစ်တံတားကို တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်သည်။

"ကျွန်တော်တို့ရွာမှာ အခုလိုနွားထိမ်း-စဉ့်ကိုင်-မဲကုန်းကျေးရွာချင်းဆက်လမ်းသစ်နဲ့ ရိုးဖြတ်တံတားအသစ်ကြီး ပြီးစီးသွားတဲ့အတွက် ကျွန်တော်တို့ ကျေးရွာပြည်သူတွေ အနေနဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတွေမှာ အစစအရာရာ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိပါတယ်။ အရင်ကကျွန်တော်တို့ စဉ့်ကိုင်ကျေးရွာကနေ ရေစကြိုမြို့ကိုရောက်ဖို့ လယ်ကန်သင်းရိုးတွေကို ခက်ခက်ခဲခဲနဲ့ ဖြတ်ကျော်ပြီးမှသွားရတာပါ။ ဆိုင်ကယ်နဲ့သွားရင်တောင် နာရီဝက်လောက်ကြာအောင် သွားရပါတယ်။ အခုဖောက်လုပ်ထားတဲ့ နွားထိမ်း-စဉ့်ကိုင်- မဲကုန်းကျေးရွာချင်းဆက်မြေသားလမ်းကို ၂၀၁၃-၂၀၁၄ ခုနှစ်က နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့တဲ့ ပခန်းငယ်-ညောင်စောက်လမ်းကြီးကို အမှီပြုပြီး ဖောက်လုပ်ထားတာ ဖြစ်ပါတယ်။ ပခန်းငယ်ကျေးရွာနဲ့ ညောင်စောက်ကျေးရွာကြားက ဖြတ်လမ်းတစ်ခုကို ကျေးရွာတွေရဲ့ အလျှင်ငွေနဲ့ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားတာ ဖြစ်ပါတယ်။ လမ်းအကျယ် ၁၈ ပေ၊ အရှည် တစ်မိုင် လေးဖာလုံ ဖြစ်ပါတယ်။ လမ်းအကျယ် ၁၈ ပေထိ လမ်းချဲ့နိုင်အောင် လမ်းဘေးဝဲယာက လယ်ယာမြေပိုင်ရှင် ၄၇ ဦးက လယ်ယာမြေအချို့ကို လက်မှတ်ရေးထိုးလျှဒါန်းခဲ့ကြတာဖြစ်ပါတယ်။ ရာသီမရွေး သွားလာနိုင်ဖို့အတွက် မြေသားလမ်းပေါ်ကို မြေသားတာပေါင်တင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားရဦးမှာဖြစ်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးလွင်က ပြောသည်။

ထိုသို့ နွားထိမ်း-စဉ့်ကိုင်-မဲကုန်းကိုယ့်အားကိုယ်ကိုး မြေသားလမ်းနှင့် ရိုးဖြတ်တံတားအသစ်ကြီး တည်ဆောက်ပြီးစီးသည့်အတွက် အဆိုပါလမ်းတံတားများကို အသုံးပြု၍ ကျေးရွာရှစ်ရွာမှ ကျေးလက်နေပြည်သူများ ခရီးသွားလာရေးအတွက် အဆင်ပြေလွယ်ကူချောမွေ့လျက်ရှိသည်ဟုသိရပြီး အဆိုပါလမ်းပေါ်တွင် မြေသားတာပေါင်တင်ခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များအနေဖြင့် လမ်းမြေသားပေါင်တည်ဆောက်ရေးတွင် ပါဝင်လှုဒါန်းလိုပါက စဉ့်ကိုင်ကျေးရွာအုပ်စု လမ်းတည်ဆောက်ရေးကော်မတီသို့ ဆက်သွယ်လှုဒါန်းနိုင်ကြောင်း သိရသည်။

အိမ်ခန်ဆွေ(ရေစကြို)

တောင်ငူမြို့အထွက် ကိုင်းတောမီးလောင်မှုကြောင့် မြို့မီးလန့်မှုဖြစ်ပွား

တောင်ငူ၊ မေ ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အထွက် ရန်ကုန်-မန္တလေးကားလမ်းမဘေး မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးမှူးရုံးနှင့် ညောင်ကုန်းဘုန်းကြီးကျောင်းဘေး Green Luck ဆီဆိုင်အနီးရှိ ကိုင်းတောတွင် ဧပြီ ၂၉ ရက် ည ၇ နာရီက

မီးလောင်မှုဖြစ်ပွားရာ တောင်ငူမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ်တစ်စီး၊ တောင်ငူမဟာမေတ္တာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်နှစ်စီး၊ ပဉ္စလိက ရေသယ်ယာဉ်တစ်စီး၊ စည်ပင် ရေသယ်ယာဉ်တစ်စီး၊ အုတ်တွင်း၊ ရေတာရှည်၊ ကေတုမတီမြို့သစ်တို့မှ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၅မိနစ်က မီးကို ထိန်းသိမ်းနိုင်ခဲ့ပြီး ည ၉ နာရီ ၁၅ မိနစ်တွင် မီးလုံးဝငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကိုင်းတော ၁၅ဧက လောင်ကျွမ်းခဲ့ပြီး ရေဂါလန် ၄၄၀၀၀ ခန့် အသုံးပြုခဲ့ရာ အခင်းဖြစ်ပွားရာသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးဘေးကြီးကြပ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ ရောက်ရှိကြပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အခြားသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

(၁၁၅)

ဓာတ်အားလိုင်းတိုးချဲ့ တည်ဆောက်

ပေါင်းတလည် မေ ၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ် ပေါင်းတလည်မြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပေါင်းတလည်အနောက်ပိုင်းရပ်ကွက်တွင် ရှည်လျားဆားဗစ်ကြိုးများ ရှင်းလင်းရန် ၄၀၀ ဖို့ ဓာတ်အားလိုင်း နှစ်ခန်းတိုးချဲ့တည်ဆောက်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုချက်အရ System Improvement လုပ်ငန်းအဖြစ် ပေါင်းတလည်မြို့ လျှပ်စစ်မှူး ဦးမြင့်ဝေဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်၍ အိမ်ခြေ ၂၀ ခန့် ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် အကျိုးသက်ရောက်မှုအနေဖြင့် ဆားဗစ်ကြိုးများ ပြတ်ကျသည့် အန္တရာယ်မှကင်းဝေးပြီး ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေခြင်းနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်း၍ ဗို့အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထွန်အောင်လွင်(ပြည်)

အခွန်တာဝန်ကျေပွန်သူ ကျေးဇူးတင်ကြ တို့ပြည်သူက

ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးခြင်းဆိုင်ရာများရှင်းလင်း

နေပြည်တော် မေ ၁

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များအပေါ် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးခြင်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် ကျင်းပရာ ပျဉ်းမနားမြို့ပေါ်ရှိ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရေးဦးစွာ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က အမှာစကားပြောကြားပြီး စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များအပေါ် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်လှလှစံနှင့် ဦးစီးအရာရှိ ဦးဝင်းကိုကိုတို့က အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ရွှေကုန်ကို)

နွေရာသီ အဆင့်မြင့်အေရိုးပစ်သင်တန်းဆင်း

ညောင်လေးပင် မေ ၁

အခြေခံပညာကျောင်းပေါင်းစုံ နွေရာသီအဆင့်မြင့် အေရိုးပစ်သင်တန်းဆင်းပွဲကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပဲခူးခရိုင် ပညာရေးမှူး ဆရာကြီး ဦးရဲလွင်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းနည်းပြဆရာမ ဒေါ်စန်းစန်းမော်အား ပဲခူးခရိုင် ပညာရေးမှူး ဦးရဲလွင်က သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများက အေရိုးပစ်အကဖြင့် လက်တွေ့သရုပ်ပြခဲ့ ကြသည်။ အဆိုပါသင်တန်းကို တစ်ပတ်ကြာဖွင့်လှစ်ပို့ချသင်ကြားခဲ့ပြီး သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူကျောင်းများမှ ဆရာ၊ ဆရာမ ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၃၈)

သောက်သုံးရေအခက်အခဲမရှိ လုံလောက်စွာသောက်သုံးနိုင်ပြီ

ဝမ်းတွင်း မေ ၁

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာအုပ်စု ထိန်ပင်အင်းတောင်ရွာတွင် အိမ်ခြေ ၂၅၅ အိမ်နှင့် လူဦးရေ ၁၅၃၀ နေထိုင်လျက်ရှိပြီး နှစ်စဉ်နှစ်တိုင်းကျွဲ၊ နွားတိရစ္ဆာန်များမှအစ သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေကြရသည်။

ယခုအခါ ကျေးရွာဇာတိသားဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပျဉ်းမနားလမ်းနေ အလျှုရှင် သီတဂူဦးတင်လှိုင် မိသားစုတို့က ကျေးရွာ၏ အနောက်တောင်ဘက် ပေ ၈၀၀၀ ခန့်အကွာတွင် လေးလက်မ စက်ရေတွင်းအနက်ပေ ၆၀ သုံးတွင်းတူး၍ ရေဂါလန် ၃၀၀၀၀ ဆံ့ အာရ်စီ ကွန်ကရစ်အမျိုးအစား ပြုလုပ်လှူဒါန်းခဲ့သည်။ ထိုမှတစ်ဆင့် ပိုက်များ သွယ်တန်းပြီး ကျေးရွာ၏ အရှေ့ဘက်ကုန်းမြင့်တွင် ရေဂါလန် ၂၆၀၀၀ ဆံ့ အုတ်ကန်ပြုလုပ်ပြီး ကျေးရွာအတွင်းသို့ နှစ်လက်မပိုက်များ သွယ်တန်းကာ ရေမီတာစနစ်ဖြင့် သောက်သုံးရေအခက်အခဲမရှိ အသုံးပြုလာနိုင်ခဲ့သည်။

ယခင်ကဆိုလျှင် ကျေးရွာအတွင်း စက်ရေတွင်းများ တူးသော်လည်း ရေမရှိ၍ အခက်အခဲတွေ့ရခြင်း၊ ကျေးရွာ၏ အပြင်ဘက်တွင် လက်င်တွင်းများ တူးဖော်၍ နွားလှည်းများဖြင့် သယ်ယူရခြင်း၊ ရေပုံးများဖြင့် သွားခပ်ရခြင်း၊ နွေရာသီတွင် ပို၍ရေအခက်အခဲများ နှင့် ကြုံတွေ့နေရသည်။

အလှုရှင်များမှ ငွေကျပ်သိန်း ၁၀၀၀ ခန့် လှူဒါန်းပေးခဲ့ရာ ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ အိမ်ထောင်စုပေါင်း ၃၀၅ အိမ်နှင့် လူဦးရေ ၁၅၃၀ တို့ သောက်သုံးရေအခက်အခဲမရှိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဌေးလှိုင် (iprd)

အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းပြီးစီး

ပုလဲ မေ ၁

အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင် ယခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူတိုင်း မဲပေးခွင့်ရရေးအတွက် ကွန်ပျူတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများကို ပြုစုပြီးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒရှင်ပြည်သူစာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် အခြေခံမဲစာရင်းပြုစုထိန်းသိမ်းထည့်သွင်းခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလမှ စတင်၍ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းကြည်က "ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်(၂)ခုနဲ့ ကျေးရွာအုပ်စု ၅၉ အုပ်စုမှာရှိတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ လူဦးရေ ၁၁၀၀၀၀ ကျော်ကို စာရင်းပြုစုပြီးပါပြီ"ဟု ပြောသည်။

ကွန်ပျူတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစု ထည့်သွင်းခြင်းလုပ်ငန်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ကြီးကြပ်မှု၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၏ ဦးဆောင်မှုဖြင့် ပညာရေးဌာနနှင့် ဌာနဆိုင်ရာများမှ ကွန်ပျူတာကျွမ်းကျင်သူ ၁၄ ဦးက ကွန်ပျူတာ ၁၀ လုံးဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက မဲစာရင်းများကို တိကျမှန်ကန်စွာ ထည့်သွင်းနိုင်စေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စာရင်းပြုစုမှုများ ပြီးစီးခဲ့ပြီးနောက် သတ်မှတ်ကာလတွင် အခြေခံမဲစာရင်းများ ကြေညာနိုင်ရေးအတွက် မဲစာရင်းများ မှန်ကန်မှုရှိအောင် စိစစ်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

မင်းခန့်စိုး(ဧရာမြေ)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ တောရပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအတွက် မာဒေါ MOV ကားတစ်စီး၊ ကလေးဝမြို့ အမှတ်(၂)ရပ်ကွက် လူမှုကူညီရေးအသင်း၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရူပါကာစတန် ကားတစ်စီးနှင့် နိဗ္ဗာန်ယာဉ်အဖြစ်အသုံးပြုရန် တိုယိုတာ Voxy ကားတစ်စီးကို ဦးတင်အောင်ဆန်း–ဒေါ်ခင်အေးသွယ်မိသားစု(တော်ဝင်ရွှေမြင့်မိုရ်ကုမ္ပဏီ)က ဧပြီ ၂၇ ရက်က လှူဒါန်းစဉ်။ ချင်းတွင်းသား(iprd)

လေဘေးသင့်အိမ်ထောင်စုများနှင့် ဆင်းရဲနွမ်းပါးအိမ်ထောင်စုများအား ဆန်အိတ်များနှင့် ဆပ်ပြာမှုန့်ထုပ်များထောက်ပံ့လှူဒါန်း

တပ်ကုန်း မေ ၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာရှိ လေဘေးသင့်အိမ်ထောင်စုများနှင့် ဆင်းရဲနွမ်းပါးအိမ်ထောင်စုများအား ဆန်အိတ်များနှင့် ဆပ်ပြာမှုန့်ထုပ်များကို ဧပြီ ၂၉ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆန်အိတ်နှင့် ဆပ်ပြာမှုန့်ထုပ်များလှူဒါန်းသည့် အေးချမ်းသာစံပြကျေးရွာ နယ်မြေ(၂)တွင် နေထိုင်သူ ဦးစိုးတင့်က "ကျွန်တော်တို့ အေးချမ်းသာစံပြကျေးရွာဟာ ဆင်သေဆည်တည်ဆောက်တဲ့အခါ ဆည်တွင်းရောက်ကျေးရွာများကို စုစည်းရွှေ့ပြောင်းထားတဲ့ကျေးရွာဖြစ်ပါတယ်။ ကျေးရွာပြည်သူတွေ အနေနဲ့ ရွှေ့ပြောင်းရွာဖြစ်သည့်အတွက် ဝင်ငွေနည်းပါးတဲ့အပြင် အခုလေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးအကာတွေ ပျက်စီးမှုကြုံခဲ့ပြန်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မိသားစုအနေနဲ့ ကူညီထောက်ပံ့ပေးတာဖြစ်ပါတယ်။ ကျွန်စေတနာရှင်များကလည်း လာရောက်ကူညီလှူဒါန်းစေလိုပါတယ်"ဟု ပြောသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် အေးချမ်းသာစံပြကျေးရွာမှ လေဘေးသင့်ကူညီရေးကော်မတီဝင် ဦးဇော်သန်းက လေဘေးသင့်ပြည်သူများနှင့် ဆင်းရဲနွမ်းပါးပြည်သူများအတွက် ဆန်အိတ်များနှင့် ဆပ်ပြာမှုန့်ထုပ်များ ထောက်ပံ့လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လေဘေးသင့်အိမ်ထောင်စု ၁၀၆ စုနှင့် ဆင်းရဲနွမ်းပါးအိမ်ထောင်စု ၁၅ စုအတွက် ဆန်အိတ် ၁၆ အိတ်နှင့်ဆပ်ပြာမှုန့်ထုပ်များကို အလျှုရှင်ဦးစိုးတင့်မိသားစုက ကိုယ်တိုင်ခွဲဝေပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

တင်စိုးလွင်(တပ်ကုန်း)

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ်ဟောပြောပွဲကျင်းပ

ပုလဲ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာများဖြစ်သည့် ပုံတောင်ခြေရင်းရှိ ရှားတောကျေးရွာနှင့် သဲပြင်ကျယ်ကျေးရွာများ၌ ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲများကို ပုလဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဒေါ်ထွေးထွေးမွန်နှင့် ဝန်ထမ်းများက ဧပြီ ၂၅ ရက်က ပြုလုပ်ခဲ့ပြီး ဝက်ကောင်ရေ ၁၈၀ ကျော်ကို အခမဲ့ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

"မွေး/ကုဆရာဝန်တွေ ရွာကိုကွင်းဆင်းပြီး ပညာပေးဟောပြောဆွေးနွေးလို့ တိရစ္ဆာန်ကလူကို ကူးစက်တတ်တဲ့ ရောဂါတွေ၊ တိရစ္ဆာန်တွေကိုကြိုတင်ကာကွယ်စောင့်ရှောက်ရမယ့် နည်းလမ်းတွေကို သိလိုက်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရလိုက်ပါတယ်။ ဒါ့အပြင် ရွာမှာရှိတဲ့ ကျွဲ၊ နွားတွေကိုလည်း အခမဲ့စမ်းသပ်စစ်ဆေးပေးသလို ဝက်တွေကိုလည်း ဆေးဝါးအခမဲ့ထိုးပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ **မင်းခန့်စိုး(ဧရာမြေ)**

နွေရာသီကွန်ပျူတာသင်တန်း ဖွင့်လှစ်

နတ်မောက် မေ ၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီကွန်ပျူတာ အခြေခံသင်တန်းကို ဧပြီ ၂၅ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး မေ ၂၅ ရက်အထိ တစ်လကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနွေရာသီကွန်ပျူတာသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများနှင့် ကွန်ပျူတာသင်တန်းကော်မတီဝင်များက ကြီးကြပ်ဖွင့်လှစ်ခြင်းဖြစ်ပြီး အဌမတန်း၊ သတ္တမတန်းနှင့် ဆဋ္ဌမတန်းတို့မှ သင်တန်းသား ကျောင်းသား ကျောင်းသူ ၄၄ ဦးကို ကွန်ပျူတာကျွမ်းကျင်သူငါးဦးဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကွန်ပျူတာအခြေခံဘာသာရပ်များဖြစ်သော Window OS, Adobe Pagemaker နှင့် Mocrosoft Office တို့ကို ဘာသာရပ်အလိုက် တစ်ရက်လျှင် နှစ်ကြိမ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **လှဝင်း**

သတင်းတို

အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ညင်းထွေးကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်မှာအလျား ၁၁၄ ပေ၊ အနံ ပေ ၃၀ ရှိ သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ခင်ဦး မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်မူးသာကျေးရွာ၌ နိုက္ခမအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်သစ်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်သီတာသိန်းဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ကြည်ဆန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ကိုကို တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ်စီမံကိန်းဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့ ဦးမင်းအောင်နိုင်က စာကြည့်တိုက်ဖွင့်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စာကြည့်တိုက်သစ်ကို ဒေါက်တာဦးကျော် မိသားစု၏ မတည်မှုနှင့် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၁၄၀ ကျော်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၃၆ ပေ၊ အနံ ၂၄ ပေရှိ သွပ်မိုး၊ တစ်ထပ်အဆောက်အအုံဖြစ်သည်။ စာကြည့်တိုက်ဆောက်လုပ်ရန် မြေကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ကိုကို မိသားစုနှင့် ပြင်ဦးလွင်မြို့မှ ဒေါ်သိဒ္ဓိလှိုင်တို့က လည်းကောင်း၊ စာကြည့်တိုက်အတွင်း စာအုပ်စင် ငါးစင်၊ စာကြည့်စားပွဲငါးလုံး၊ ကုလားထိုင် ၃၅ လုံးကို မူးသာကျေးရွာနေ ဦးမင်းအောင်နိုင်ကလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပြင်ဆင်ပြဋ္ဌာန်းချက်များရှင်းလင်း

ကျောက်ပန်းတောင်း မေ ၁

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ဧပြီ ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးနိုင်ဦးက ၂၀၁၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပြင်ဆင်ပြဋ္ဌာန်းချက်များမှ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည် ၇၉ မျိုးမှအပ ကျန်ကုန်စည်များ ငါးရာခိုင်နှုန်းကုန်သွယ်ခွန်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်ပတ်သက်၍လည်းကောင်း၊ ဝင်ငွေခွန်၏ သဘောသဘာဝနှင့် ဝင်ငွေခွန်နှုန်းထားများကိုလည်းကောင်း၊ အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် အခွန်နှုန်းထားများနှင့် အထွေထွေကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ရှင်းလင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်အတွင်းမှ ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများမှတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။ **နေအောင်(iprd)**

ထိပ်တန်းတိုက်စစ်မှူးတွေ ခြေစွမ်းပြမယ့် ချန်ပီယံလီဂ် အကြိုဗိုလ်လုပွဲ

မိုးမြင့်လင်းလက်



ချန်ပီယံလီဂ်အကြိုဗိုလ်လုပွဲစဉ်တွေကို မေ ၅ ရက်နဲ့ ၆ ရက်တွေမှာ အကြိတ်အနယ်ဆင်နွှဲပါတော့မယ်။ အကြိုဗိုလ်လုပွဲပထမပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်နဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ ပွဲစဉ်မှာ တိုက်စစ်မှူးတွေရဲ့အားပြိုင်မှု ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲမှာ ဂိုးသွင်းပြိုင်ကြမှုတွေကို ရင်ဖိုလှိုက်မောဖွယ်ရာ မြင်တွေ့ရဦးမှာဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နှင့် ရီးရဲမက်ဒရစ်

ဂျူဗင်တပ်စ်တို့ အခုပွဲစဉ်မှာ နာမည်ကြီး ရီးရဲမက်ဒရစ်ကို အနိုင်ရအောင်ကစားဖို့ ကြိုတင်ပြင်ဆင်ထားပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့က လက်ရှိခြေစွမ်းမတည်ငြိမ်ပေမယ့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဖီအိုရင်တီးနားကို သုံးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး တိုရီနိုကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ မိုနာကိုအသင်းကို အဝေးကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ထားပြီး အိမ်ကွင်းမှာ နိုင်ထားပါတယ်။ လာဇီယိုကိုလည်း နှစ်ဂိုးပြတ်နိုင်ထားတာမို့ အခုပွဲမှာအကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာပြီး ရီးရဲမက်ဒရစ်ကို ရင်ဆိုင်ပါလိမ့်မယ်။ တီဗက်ဇ်နဲ့ လိုရန်ဆေးတို့က ဂိုးတွေ သွင်းယူနိုင်နေသလို အီဗရာ၊ ခ်ီလီနီနဲ့ ဘာဇာဂလီတို့က လည်း ရီးရဲတိုက်စစ်မှူးတွေကို ထိန်းချုပ်နိုင်သူတွေဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တို့က ပုံမှန်ခြေစွမ်းပြကစားနိုင်နေပြီး နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲမှ ရှုံးမထားပါဘူး။ နောက်ဆုံးငါးပွဲမှာ ကိုးဂိုးသွင်းယူထားနိုင်တဲ့ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကလည်း ဂျူဗင်တပ်စ်ကို ထိုးဖောက်ဖို့အတွက် အသင့်ရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်မှာ စီရော်နယ်ဒို၊ ဂါရက်ဘေးလ် အပြင် ဂျိမ်းရိုးဒရီဂွက်ဇ်နဲ့ ဟာနန်ဒက်ဇ်တို့ကလည်း ဂိုးတွေ သွင်းယူနေတာမို့ နိုင်ပွဲတွေဆက်နေပါတယ်။ ဒဏ်ရာရရှိနေကြတဲ့ ဘင်ဇီမာ၊ မိုဒရစ်နဲ့ ဂါရက်ဘေးလ်တို့ ဒီပွဲမှာ ပြန်ကစားနိုင်ရင် ဂျူဗင်တပ်စ်တို့ ပွဲမချောင်ပါဘူး။ ရီးရဲမက်ဒရစ်တို့ ကပ်ပြီးနိုင်ဖို့မျှားပါတယ်။

ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်

နှစ်သင်းစလုံး အမှားမခံတဲ့ပွဲဖြစ်ပြီး နည်းပြနှစ်ဦးအတွက်လည်း စိန်ခေါ်မှုတွေပြည့်နေတဲ့ပွဲဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ လက်ရှိစွမ်းဆောင်မှုကိုကြည့်ရင် ဘာစီလိုနာက နောက်ဆုံးငါးပွဲမှာ ပွဲအားလုံးနိုင်ပြီး သွင်းဂိုး ၁၁ ဂိုး၊ ပေးဂိုးငါးဂိုးရှိထားသလို ဘိုင်ယန်မြူးနစ်တို့ကလည်း နောက်ဆုံး ငါးပွဲကစားခဲ့တဲ့ရလဒ်ပိုင်းကိုကြည့်ရင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ သွင်းဂိုး ၁၁ ဂိုး၊ ပေးဂိုး ငါးဂိုးရှိထားတာမို့ နှစ်သင်းစလုံး တိုက်စစ် ခံစစ်ကွာဟမှုမရှိပါဘူး။ ဘာစီလိုနာရော ရီးရဲမက်ဒရစ်တို့ပါ ချန်ပီယံလီဂ်မှတ်တမ်းကောင်းရှိနေပြီး ဒီနှစ်မှာလည်း ချန်ပီယံလီဂ်ဖလားကို မျှော်မှန်းနေကြတဲ့အသင်းတွေဖြစ်တာမို့ အပြန်အလှန်ဖိအားပေးမှုတွေ၊ အမှားအယွင်းမခံတဲ့ အနေအထားတွေနဲ့ ယှဉ်ပြိုင်ကြပါလိမ့်မယ်။ လီဝမ်ဒေါ်စကီးနဲ့ ရော်ဘင်တို့ ဒဏ်ရာရရှိထားလို့ ချန်ပီယံလီဂ်မှာ ပါဝင်ကစားဖို့ သေချာမှုမရှိသလို ဂျာမန်ဖလားအကြိုဗိုလ်လုပွဲက ထွက်ခဲ့ရတဲ့ ဘိုင်ယန်မြူးနစ်ဟာ အခုပွဲမှာ စိုးရိမ်ပူပန်မှုတွေရှိနေတာတော့ အမှန်ပါပဲ။ ဒီနှစ်ဘောလုံးရာသီမှာ အခုအချိန်အထိ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ တိုက်စစ်အတွဲက ဂိုးပေါင်း ၁၀၂ ဂိုးအထိ သွင်းယူထားနိုင်တဲ့အတွက် ဘာစီလိုနာတိုက်စစ်ကို ဘိုင်ယန်မြူးနစ်တို့ စိုးရိမ်စိတ်ဝင်နေမှာတော့ အမှန်ပါပဲ။ ဒါပေမယ့် ဖလားသုံးလုံးအိပ်မက်က ပျက်ပြယ်ခဲ့လို့ ဖလားနှစ်လုံးရရှိရေးအတွက် ဘိုင်ယန်မြူးနစ်ဟာ ချန်ပီယံလီဂ်ဖလားကို အရယူဖို့ တိုက်စစ်အားပြိုင်မှု ဘယ်လောက်အထိ အကောင်အထည်ဖော်နိုင်မလဲဆိုတာနဲ့ အကြိုဗိုလ်လုပွဲအဆင့်ကပဲ ဘယ်အသင်း နူတ်ဆက်ထွက်ခွာရမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပြီဖြစ်ပါတယ်။ ။



ခရစ္စတယ်ပဲလေ့စ်ကိုနိုင်ရင် ချယ်လ်ဆီးဖလားရပြီ

ချယ်လ်ဆီးအသင်းရဲ့ အဓိကပြိုင်ဘက်တွေဖြစ်တဲ့ အာဆင်နယ်၊ မန်စီးတီးတို့ ရှုန်းကန်ကြိုးစားနေရချိန် ချယ်လ်ဆီးအသင်းကတော့ ဖလားဆွတ်ခူးနိုင်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားပြီဖြစ်ပါတယ်။ လက်စတာနဲ့ ချယ်လ်ဆီးတို့ပွဲမှာ လက်စတာက ဦးဆောင်ဂိုးသွင်းပြီးမှ ချယ်လ်ဆီးက နောက်ကလိုက်ပြီး ဂိုးတွေသွင်းခဲ့တဲ့အတွက် ချယ်လ်ဆီးတို့ အဝေးကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။ ဒီပွဲမှာ ဒရော့ဘာ၊ တယ်ရီနဲ့ ရာမီလက်တို့ ဂိုးတွေကိုယ်စီသွင်းယူခဲ့ကြပေမယ့် ဂျန်တယ်ရီသွင်းယူတဲ့ဂိုးကတော့ ပရီမီယာလီဂ်မှာ သွင်းယူခဲ့တဲ့ ၃၈ ဂိုးမြောက်ဖြစ်ပါတယ်။ နောက်တန်းကစားသမားတစ်ဦးအနေနဲ့ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ဒေးဗစ်အပ်ဆမ်ရဲ့ စံချိန်ကို အမိလိုက်နိုင်ပြီလို့ ဆိုပါတယ်။ တယ်ရီဟာ လွန်ခဲ့တဲ့ ပရီမီယာလီဂ် ၁၅ ပွဲမှာ ပွဲတိုင်းနီးပါးဂိုးသွင်းယူခဲ့တယ်လို့ ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ်ချယ်လ်ဆီးကတော့ ဖလားယူတော့မှာဖြစ်ပါတယ်။ တနဂ်္ဂနေနေ့မှာ စတမ်းဖို့ဒ်ဘရစ်မှာကစားမယ့်ပြိုင်ပွဲမှာ ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ကစားနိုင်မယ်ဆိုရင် ချယ်လ်ဆီးဖလားရမှာဖြစ်ပါတယ်။ မော်ရင်ဟိုရဲ့ ချယ်လ်ဆီးဟာ ငါးနှစ်အတွင်းမှာ ပထမဆုံးသော ပရီမီယာလီဂ်ဖလားကို ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ အာဆင်နယ်ပွဲမှာတော့ ဂိုးမရှိသရေကစားခဲ့တဲ့ ချယ်လ်ဆီးကို အာဆင်နယ်ပရိသတ်တွေက ပျင်းစရာကောင်းတဲ့ ချယ်လ်ဆီးလို့ လျှောင်ပြောင်ပြောဆိုခဲ့ပါတယ်။

ဂျာမန်ဖလားကို ဒေါ့မွန်နဲ့အပြိုင်လုမယ့် ဝုဖ်ဘတ်

ဝုဖ်ဘတ်အသင်းဟာ အာမီနီယာအသင်းကို ဂျာမန်ဖလားပြိုင်ပွဲမှာ လေးဂိုးပြတ်နဲ့နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်သွားခဲ့ပါပြီ။ အာမီနီယာဘီလီဖီးအသင်းဟာ ဟာသာဘာလင်၊ ဝါဒါဘရီမင်နဲ့ မွန်ချန်ဂလာဘတ်အသင်းတွေကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့တဲ့အသင်းပါ။ ဂျာမန်ဖလားပြိုင်ပွဲမှာ အောင်မြင်နေတဲ့အသင်းကောင်းဖြစ်ပါတယ်။ သို့ပေမယ့် ဝုဖ်ဘတ်အသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရပါပြီ။ ဝုဖ်ဘတ်အသင်းဟာ ဒီပွဲမှာအနိုင်ရလိုက်တဲ့အတွက် မေ ၃၀ ရက်မှာ ဘာလင်မြို့မှာကျင်းပမယ့် ဗိုလ်လုပွဲမှာ ဒေါ့မွန်နဲ့ကစားရတော့မှာဖြစ်ပါတယ်။ ဒေါ့မွန်အသင်းကလည်း ဖလားသုံးလုံးမျှော်မှန်းထားတဲ့ ဂွာဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်ကို ပယ်နယ်တီနဲ့နိုင်ပြီး ဗိုလ်လုပွဲတက်လာနိုင်ခဲ့တဲ့အသင်းပါ။ ဒေါ့မွန်အသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ဖလားမျှော်မှန်းထားတဲ့အသင်းမဟုတ်ပါဘူး။ သို့ပေမယ့် ဘိုင်ယန်မြူးနစ်လိုအသင်းကြီးကို မမျှော်လင့်ဘဲအနိုင်ရလိုက်တဲ့အတွက် ဖလားဆွတ်ခူးနိုင်မယ့်အနေအထားရှိနေပါတယ်။ ဒေါ့မွန်ရဲ့ ဒီဗိုလ်လုပွဲစဉ်ဟာ နည်းပြဂျာဂျင်ကလော့ရဲ့ ဒေါ့မွန်နည်းပြအဖြစ် နောက်ဆုံးပြိုင်ပွဲဖြစ်မှာဖြစ်ပါတယ်။ အသက် ၄၇ နှစ်အရွယ်ရှိတဲ့ ဂျာဂျင်ကလော့ဟာ ဒေါ့မွန်အသင်းမှထွက်ခွာဖို့ ကြေညာထားပြီဖြစ်ပါတယ်။ သူ့အနေနဲ့ ဒေါ့မွန်အသင်းကို ဖလားယူပေးပြီး နောက်ဆုံးထွက်ခွာသွားမှာဖြစ်ပါတယ်။

ပွဲမကုန်မီ တန်းဆင်းခဲ့ရတဲ့ ပါးမား

အီတလီစီးရီးအေမှာ ပါးမားအသင်းဟာ နာမည်ကြီး အသင်းကောင်းတစ်သင်းပါ။ သို့ပေမယ့် လာဇီယိုကို ရှုံးနိမ့်ပြီးတဲ့နောက် ပါးမားအသင်းဟာ စီးရီးအေပွဲမကုန်မီ တန်းဆင်းသွားခဲ့ရပါပြီ။ လာဇီယိုကိုရှုံးနိမ့်မှု၊ အတ္တလန္တာကို တစ်ဖက်နှစ်ဂိုးစီ သရေကျမှုတို့ကြောင့် ပါးမားအသင်းဟာ တန်းဆင်းခဲ့ရပြီဖြစ်ပါတယ်။ စီးရီးအေပွဲကစားဖို့ လက်ကျန်ပွဲငါးပွဲသာ ကျန်ပါတော့တယ်။ ပါးမားဟာပြိုင်ပွဲအားလုံး အနိုင်ရသည့်တိုင်အောင် တန်းဆင်းဇုန်ကမလွတ်နိုင် တော့ပါဘူး။

ပါးမားအသင်းဟာ မတ်လအတွင်းက ကြွေးမြီခန့်မှန်းခြေ ပေါင် ၅၄ သန်းနဲ့အတူ ဒေဝါလီခံကြောင်း ကြေညာခဲ့မှုနဲ့အတူ ကစားသမားတွေကို လစာမပေးနိုင်တော့ပါဘူး။ ကစားသမားတွေက ကိုယ့်အဝတ်ကိုယ်လျှော်ပြီး အသင်းဘတ်စ်ကားကို ကိုယ်တိုင်မောင်းခဲ့ရတယ်လို့ ဆိုပါတယ်။ ပါးမားအသင်းဟာ ဒီနှစ်ထဲမှာ ပိုင်ရှင်နှစ်ဦးပြောင်းခဲ့ရပါတယ်။ ပါးမားအသင်းဟာ ၁၉၉၇ ခုနှစ်က စီးရီးအေမှာ ဒုတိယရခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်နဲ့ ၁၉၉၉ ခုနှစ်မှာ ယူအီးအက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ စီးရီးအေမှာ အောင်မြင်ခဲ့တဲ့ အသင်းကြီးဖြစ်သော်လည်း ယခုအခါမှာတော့ တန်းဆင်းသွားခဲ့ရပါပြီ။

➢ ➢ ကောင်းမြတ်သူ - စုစည်းသည်။

မကွေးမြို့မဈေးကြီး၌ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မကွေး မေ ၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်စည်ပင်သာယာရေး ကော်မတီပိုင် မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများကို ကျန်းမာသန့်ရှင်းမှု ရှိ၊ မရှိစစ်ဆေးခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး ပညာပေး လုပ်ငန်းများကို မကွေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့် စစ်ဆေးရေးအဖွဲ့ဖြင့် ဧပြီ ၃၀ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့သည် မြို့မဈေးကြီးအတွင်းရှိ ကြက်သားဆိုင်များ၏ သန့်ရှင်းမှုနှင့် ကုန်ပစ္စည်းအရည်အသွေးများအား အဓိကထား စစ်ဆေးခဲ့သည်။ ထို့အပြင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရောဂါဖြစ်ပွားသော ကြက်၏လက္ခဏာနှင့် အသား၏ သွင်ပြင်လက္ခဏာများကို ရောင်းချသူနှင့် စားသုံးသူများအား အသိပညာပေး ရှင်းလင်းခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

ကြက်ငှက်တုပ်ကွေး ရောဂါပိုးသည် ရောဂါရှိနေသည့် ကြက်၏ အသား၊ သွေးနှင့် ဥများအပြင် စွန့်ပစ်ပစ္စည်းများတွင်လည်း ရှိနေကြောင်း၊ ကြက်မွေးနှင့် ကြက်၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်မှ ထွက်သည့် အရည်နှင့် အကျိအခွဲများ၊ စလုတ်နှင့် ကလီစာမှန်သမျှတွင်လည်းရောဂါပိုးများရှိကာ ကြက်ချေးထဲတွင် အများဆုံးဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများကို သတိနှင့်ကိုင်တွယ်ရှင်းလင်းရန်နှင့် လေးပေခန့် ကျင်းတူးပြီး သေချာစွာမြေမြှုပ်ပစ်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော WHO, FAO, Unicef အဖွဲ့ကြီးများမှ သတိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

> ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် ကြက်၏ အသား၊ သွေးနှင့် ဥများအပြင် စွန့်ပစ်ပစ္စည်းများတွင်လည်းရှိနေ....

မကွေးမြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဝင်ရောက်ကူးစက်မှု မရှိစေရေးအတွက် ကြက်မွေးမြူရေးခြံများတွင် သန့်ရှင်းမှုရှိ၊ မရှိစစ်ဆေးခြင်း၊ မကျန်းမာသောကြက်များအား ရောင်းချမှုမရှိစေရန် စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး မကွေးမြို့ပေါ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးငါးခုနှင့် ကျေးလက်ဈေးများတွင်လည်း စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက် အရသိရသည်။ **ဧယျတု(မကွေး)**

မလှိုင်မြို့နယ်၌ အေးမေတ္တာပြုစင်တံတားသစ် တည်ဆောက်ပြီးစီး

မလှိုင် မေ ၁

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ခဲ့သည့် အရှည်ပေ ၃၂၀၊ အကျယ် ၁၄ ပေ ၊ အမြင့် ၉ ပေ၊ ခွင့်ပြုတန်ချိန် ၁၃ တန်ရှိ အေးမေတ္တာဖြူစင်တံတားသစ်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ်သန်း ၁၆၀ ဖြင့် တင်ဒါအောင်မြင်သော ထွန်းတောက်ရောင်နီကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ တံတားတစ်ဖက်ရှိ လေးတိုင်စင်၊ အုတ်ကြီး၊ အုတ်ကလေး၊ ငွေးကုန်း၊ ယာရှည်၊ ဒဟတ္တန်း၊ ဆည်တို စသည့် ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် တံတားကြီးကိုဖြတ်၍ မိတ္ထီလာ၊ မလှိုင်မြို့များသို့ အလွယ်တကူ သွားရောက်နိုင်ပြီဖြစ်ရာ ဒေသခံပြည်သူတို့၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

တံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဝိုလ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများ ဧပြီ ၂၉ ရက်က သွားရောက်ကြည့်ရှုခဲ့သည်။ ဆက်လက်၍ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ဖျောက်ကုန်းကျေးရွာရှိ မေတ္တာပေါင်းကူးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများအား ကျေးရွာဘုန်းကြီးကျောင်း၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

Golden Palace Tower (Citadines Serviced Residence)
Citadines
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်
ခေတ္တာခံကာ ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ရန်
အသိပေးကြော်ငြာခြင်း
ပြောင်းရွှေ့ဖွင့်လှစ်မည့်နေရာ
အမှတ်-၆၈၅
၁၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်
ပြောင်းရွှေ့ဖွင့်လှစ်မည့်နေ့ရက်
2-5-2015 (စနေနေ့)
(ကဆုန်လပြည့်ညောင်ရေသွန်းပွဲတော်)
ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၃)ဆိုင်စလုံးတွင်
၂-၅-၂၀၁၅ မှ ၃၀-၆-၂၀၁၅ ထိ
၂ ကျပ်သားရွှေဆွဲကြိုး (၃) ဆု
၁ ကျပ်ခွဲသားရွှေဆွဲကြိုး (၃) ဆု
၁ ကျပ်သားရွှေဆွဲကြိုး (၅) ဆု
သုံးမတ်သားရွှေဆွဲကြိုး (၅) ဆု
ငါးမူးသားရွှေဆွဲကြိုး (၅) ဆု
တစ်မတ်သားရွှေဆွဲကြိုး (၁၀) ဆု
နှစ်ပဲရွှေဆွဲသီး (၂၀) ဆု
တစ်ပဲရွှေဆွဲသီး (၃၀) ဆု
နှင့်အခြားအဖိုးတန်ဆုမဲများစွာ
၂၀၁၅၊ ဧပြီလ ၂၅ရက်နေ့မှစ၍ ဒါရိုက်တာဇော်ကိုကို ရိုက်ကူးပြီး
ရဲအောင်၊ကောင်းပြည့်၊ကာရာ၊မေသဇာဦး၊ယွန်းယွန်း၊ဟန်သီ၊ဝိုင်းလေး၊ရွှေပိုးအိမ်၊
နှင်းထက်ထက်ဝေ၊မြတ်ပုဏ္ဏာမိနိုင်၊နန်းစန္ဒာလှထွန်း၊ဇွန်သံစဉ်တို့
ပါဝင်သရုပ်ဆောင်ထားသော
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မှလှပဆန်းပြားသော တီဗီကြော်ငြာအသစ်ကို
မိခင်နှစ်ဦးရဲ့မေတ္တာ Series (1) (MRTV-4) ညစဉ် ၆း၁၅ မှ ၇း၁၅ အတွင်း
မီဘပြည်သူများ ကြည့်ရှုခံစားနိုင်ရန်အတွက်
ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ပြောင်းရွှေ့ဖွင့်လှစ်မည့်လမ်းညွှန်မြေပုံ
up to 30% off
Golden Palace Gold & Jewellery
ရွှေနန်းတော်
Citadines
ရန်ကုန်အစည်ထွေထွေရောဂါကုဆေးရုံကြီး
အခန်းရထားလမ်း
မဟာဗန္ဓုလလမ်း
ကမ်းနားလမ်း
ဆုံးလေစတီ

အွန်လိုင်းရှော့ပင်းဈေးကွက်တွင် မိုဘိုင်းဆက်စပ်ပစ္စည်းများက အရောင်းရဆုံးဖြစ်

သူရဖြိုး

ရန်ကုန် မေ ၁

ပြည်တွင်း၌ အင်တာနက်အသုံးပြုမှု ကျယ်ပြန့်လာသည့် ၂၀၁၄ နှစ်ဆန်းမှစ၍ အွန်လိုင်းအခြေခံ ဈေးရောင်းဝယ်သည့်လုပ်ငန်းများ တွင်ကျယ်လာပြီး ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများစသည့် နည်းပညာဆိုင်ရာ ပစ္စည်းများ သာမက အဝတ်အထည်များ၊ အလှကုန်များ စသည့် လူသုံးကုန်များကိုပါ အွန်လိုင်းတွင် ကြော်ငြာရောင်းချလာကြသော်လည်း အခြားကုန်ပစ္စည်းအမျိုးအစားများထက် မိုဘိုင်းဖုန်းဆက်စပ်ပစ္စည်းများကို ရောင်းချရမှုက အများဆုံးဖြစ်နေကြောင်း သိရသည်။

မိုဘိုင်းဖုန်း ဆက်စပ်ပစ္စည်းများဖြစ်သော ဆယ်လ်ဖီစတစ်များ၊ ဖုန်းအားသွင်းကြိုးများနှင့် ကြိုးမဲ့အားသွင်းစက်(Wireless Charger)များ၊ Phone Holder များ၊ ပါဝါဘန့်များ စသည်တို့မှာ အဓိက ရောင်းချရသော ပစ္စည်းများဖြစ်ကြောင်း သိရသည်။

အွန်လိုင်းရှော့ပင်းဈေးကွက်အတွင်း အရောင်းရဆုံးပစ္စည်းများစာရင်းကို အွန်လိုင်းရှော့ပင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Kaymu.com.mm က ရောင်းချသူများထံမှ စစ်တမ်းတစ်ရပ်ကောက်ယူခဲ့ရာ အဆိုပါစာရင်းအရ အရောင်းရဆုံးပစ္စည်းများစာရင်းတွင် မိုဘိုင်းဆက်စပ်ပစ္စည်းများက နေရာယူထားပြီး အွန်လိုင်းဈေးကွက်၏ ၃စ ရာခိုင်နှုန်းကျော်အထိ ရယူထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အင်တာနက်ဝက်ဘ်ဆိုက်များနှင့် Facebook တွင် ကြော်ငြာပြီး ရောင်းချနေသည့် အွန်လိုင်းရှော့ပင်းများအနေဖြင့် ကိုယ်တိုင်ပြင်ပတွင်ရောင်းချနေသည့် အလှကုန်နှင့် အဝတ်အထည်စသည့် ကုန်ပစ္စည်းများကို Facebook တွင်ပါ ကြော်ငြာစာမျက်နှာဖွင့်၍ ရောင်းချနေခြင်းများရှိသလို အချို့မှာမူ အွန်လိုင်းရှော့ပင်းဝက်ဘ်ဆိုက်များနှင့်ချိတ်ဆက်၍ ရောင်းချနေကြခြင်းဖြစ်သည်။

အွန်လိုင်းရှော့ပင်းများနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် ရောင်းအားသည် ပုံမှန်ရောင်းအားထက် ပျမ်းမျှ ၃၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း အွန်လိုင်းရှော့ပင်းလုပ်ကိုင်သူများက ဆိုသည်။ အွန်လိုင်းရှော့ပင်း၏ အဓိကအားသာချက်မှာ အချိန်တို အတွင်း ဝယ်ယူသူအများအပြားဆီသို့ ကုန်ပစ္စည်းများ ရောင်းချနိုင်ခြင်း၊ အကုန်အကျနည်းပါးစွာ ကြော်ငြာနိုင်ခြင်းကြောင့် အရင်ကထက် လုပ်ငန်းပိုမိုကျယ်ပြန့်မှုရှိလာခြင်းနှင့် ကုန်ပစ္စည်းမျိုးစုံကို ကြော်ငြာနိုင်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

သို့သော် အွန်လိုင်းရှော့ပင်းလုပ်ကိုင်ကြသူများ၏ အဆိုအရ အွန်လိုင်းမှ ရောင်းချခြင်းတွင် အခက်အခဲများလည်း အများအပြားရှိကြောင်း သိရသည်။ လက်ရှိကြုံတွေ့နေရသော အခက်အခဲများအနေဖြင့် ရောင်းချသော ကုန်ပစ္စည်းများကို ပို့ဆောင်ပေးရာတွင် ပစ္စည်းပို့ဆောင်စရိတ်ကြီးမြင့်နေခြင်း၊ ဈေးနှုန်းအပြိုင် ရောင်းချရခြင်း၊ ပစ္စည်းဝယ်ယူရန် မှာယူမှု(အော်ဒါ)တက်လွယ်သလို (အော်ဒါပျက်)ရန်လည်း လွယ်ကူခြင်း၊ လုပ်ငန်းအဆင့်များပြားခြင်း၊ ပစ္စည်းအများအပြား မှာယူမှုများအတွက် တစ်ချိန်တစ်ခါတည်းဖြင့် မရနိုင်ခြင်းစသည့် အချက်များရှိနေပြီး အဓိကအားနည်းချက်မှာ ငွေပေးချေစနစ်အခက်အခဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ အွန်လိုင်းဘဏ်စနစ်ရှိလာစေဖို့ အရမ်းကို လိုလားပါတယ်။ အခုကျွန်တော်တို့ ဝက်ဘ်ဆိုက်သုံးစွဲသူတွေဟာ Cash on Delivery (ပစ္စည်းရောက်ငွေချေ)စနစ်ကိုသာ အားကိုးနေရသေးတယ်လေ။ တကယ်လို့သာ လူတိုင်းဟာ ဘဏ်အကောင့်ရှိခဲ့မယ်ဆိုရင် အခြားနိုင်ငံတွေမှာလို ဥပမာ ဥရောပနိုင်ငံတွေမှာလို ခရက်ဒစ်ကတ်ကတစ်ဆင့် ငွေပေးချေမှုတွေ၊ မိုဘိုင်းဖုန်းမှတစ်ဆင့် ငွေပေးချေမှုတွေကို ပြုလုပ်နိုင်မှာဖြစ်လို့ E-commerce ဖွံ့ဖြိုးမှုကို များစွာအထောက်အပံ့ဖြစ်စေမှာပါ"ဟု မြန်မာနိုင်ငံ၏ အွန်လိုင်းရောင်းဝယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွင် အကျယ်ပြန့်ဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး လျှပ်စစ်ပစ္စည်းများ၊ စာအုပ်များ၊ ဖက်ရှင်ဆိုင်ရာအမျိုးအစားများစသည့် ကုန်ပစ္စည်းအမျိုးမျိုးကို လွယ်ကူစွာဝယ်ယူရောင်းချနိုင်ရန် ရောင်းသူနှင့် ဝယ်သူများကြား ဝန်ဆောင်မှုပေးနေသည့် အွန်လိုင်းရှော့ပင်းတစ်ခုဖြစ်သော Kaymu.com.mm ၏ Country Manager ဖြစ်သူ Max Langer က ပြောသည်။

လက်ရှိအချိန်တွင် အင်တာနက်သုံးစွဲမှုများ နေသော်လည်း အင်တာနက်သုံးသူများအနက် အနည်းစုကသာ အွန်လိုင်းရှော့ပင်းများကို စိတ်ဝင်စားမှုရှိကာ ကြော်ငြာထားသည့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို စိတ်ဝင်စားလျှင်ပင် ဆိုင်သို့လာကြည့်ပြီးမှ ဝယ်ယူလိုသူများက များနေသေးကြောင်း အွန်လိုင်းမှ ဈေးရောင်းနေသူအချို့ထံမှ သိရသည်။ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဖုန်းဆက်စပ်ပစ္စည်းများမှာမူ ကြော်ငြာသည့် မော်ဒယ်အမျိုးအစား၊ ဈေးနှုန်းနှင့် အချက်အလက်များအရ မျက်မြင်တွေ့ရန် မလိုသော်လည်း ဝယ်ယူနိုင်သဖြင့် မိုဘိုင်းဖုန်း ဆက်စပ်ပစ္စည်းများက အွန်လိုင်းရှော့ပင်းများ၏ အရောင်းရဆုံးစာရင်းတွင် ရှိနေခြင်းဖြစ်သည်။

ပြည်တွင်းရှိ အွန်လိုင်းရှော့ပင်းလုပ်ကိုင်သူများအနေဖြင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဖုန်းများစသည့် နည်းပညာဆိုင်ရာ ပစ္စည်းများသာမက အနာဂတ်ကာလတွင် အဝတ်အထည်နှင့် ဖက်ရှင်ပစ္စည်းများ၊ ကားနှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ စသည့် ကုန်ပစ္စည်းအမျိုးအစားများကိုပါ ရောင်းချသွားနိုင်ရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ။

Mi Note Pink ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်

ရန်ကုန် မေ ၁

ဇန်နဝါရီလအတွင်းက အဖြူ၊ အမဲအရောင်နှစ်မျိုးဖြင့် စတင်ထွက်ရှိခဲ့ပြီး Xiaomi Mi Note ဖုန်း၏ ဒီဇိုင်းအသစ်ဖြစ်သည့် ပန်းရောင် Mi Note ဟန်းဆက်များ ဧပြီလကုန်ပိုင်းတွင် မြန်မာနိုင်ငံဈေးကွက်သို့ စတင်ဝင်ရောက်လာကြောင်း သိရသည်။

Mi Note Pink ကို တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာဈေးကွက်တွင် မတ်လလယ်ခန့်က စတင်မိတ်ဆက်ရောင်းချခဲ့ပြီး ပြည်တွင်းဈေးကွက်သို့ ယခုမှ ဝင်ရောက်လာခြင်းဖြစ်သည်။ Mi Note Pink တွင် ယခင်ထွက်ရှိသော အဖြူရောင်နှင့် အမဲရောင်အတိုင်း ၅ ဒသမ ၇ လက်မမျက်နှာပြင်၊ Snapdragon Processor၊ 3Gb Ram နှင့် 16-64 Gb Memory၊ ၄ မဂ္ဂါပစ်ဇယ် ရှေ့ကင်မရာနှင့် ၁၃ မဂ္ဂါပစ်ဇယ် နောက်ကင်မရာများ ပါဝင်ပြီး 2G နှင့် 3G နက်ဝပ်နှစ်ခုလုံးတွင် အသုံးပြုနိုင်သည်။

မိန်းကလေးအများစု အကြိုက်တွေ့မည့်အရောင်ဖြစ်ကာ စတင်ဝင်ရောက်ချိန်တွင် 64 Gb တစ်မျိုးတည်းသာ ဝင်ရောက်နေပြီး ရောင်းဈေးမှာ ငွေကျပ် ၅၃၀၀၀၀ ခန့်ရှိနေသည်။ လက်ရှိပေါက်ဈေးမှာ များနေကြောင်းနှင့် အသစ်ဝင်ချိန်ဖြစ်၍ ဈေးမြင့်နေသော်လည်း မကြာမီအချိန်အတွင်း 16 Gb နှင့် 32 Gb ဖုန်းများ ထပ်မံဝင်ရောက်လာချိန်တွင် ဈေးလျော့လာဖွယ်ရှိကြောင်းလည်း ဈေးကွက်အတွင်းရှိ ဖုန်းဆိုင်အချို့မှ သိရသည်။ **သူရဖြိုး**

ကွန်ပျူတာအသင်းချုပ်မှ ITPEC စာမေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကကြီးမှူး၍ Information Technology Professionals Examination Council(ITPEC) အသိအမှတ်ပြုစာမေးပွဲများဖြစ်သည့် IT passport(IP), Fundamental Engineering(FE) နှင့် Applied Engineering(AE) စာမေးပွဲများကို မေ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

FE စာမေးပွဲအတွက် စာမေးပွဲကြေးမှာ ငွေကျပ်သုံးသောင်းဖြစ်ကာ IP စာမေးပွဲအတွက် စာမေးပွဲကြေးမှာ ငွေကျပ်နှစ်သောင်းဖြစ်ပြီး မေ ၆ ရက်အထိ စာရင်းပေးသွင်းနိုင်သည်။ စာမေးပွဲအောင်မြင်သူများအား အသိအမှတ်ပြုအောင်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကာ စိတ်ပါဝင်စားသူမည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် အသေးစိတ်အချက်များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁-၆၅၂၃၀၇ တွင် စုံစမ်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

သင့်သွေးဖြင့် အသက်ကယ်ပါ

ပခင်အမည်မှန်
သန်လျင်မြို့ အ.တ.က ကျောက်ရေတွင်း နေမတန်းA ဖြေဆိုပြီးသော မကြည်သိမ်သိမ်ဦး ၏ ဖခင်အမည်မှန်မှာ ဦးကိုကော်(၁၂/တကန(နိုင်)၁၄၉၉၄၈)ဖြစ်ပါသည်။
ဦးကိုကော်

ယာဉ်မောင်းအလိုရှိသည်
အမျိုးသမီး(၁)ဦး အမျိုးသား(၂)ဦး
အခြေခံလစာ(၂)သိန်း
ဆက်သွယ်ရန်-အမှတ်(၁၅၉)၊ ဦးချစ်မောင်လမ်း၊ ကျိုကြာဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၀၃၁၃၀

Amazing Myanma Scenery
Travels & Tours Co.,Ltd
Car Rental Service
မြို့တွင်း၊ မြို့ပြင် ထားချိုးစုံဌားရန်
ဝန်ဆောင်မှုလုပ်ငန်း
☎ ၀၁၅၅၅၃၆၃၊ ၀၁၈၆၀၅၁၅၅၅၊ ၀၉ ၄၂၀၀၃၀၇၁၅၊ ၀၉ ၂၅၄၁၃၃၀
www.facebook.com/amazingmyanmascenerytravelagency
(ကားပုံများ ဝင်ရောက်ကြည့်ရှုနိုင်သည်။)

ရောင်းမည်
မြေကွက်ကျယ်ကျယ်
နတ်ရေကန်ရပ်၊ အမရပူရ မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၅၀၂၀၉၁၀၊ ၀၉-၇၉၉၃၇၃၇၃

SEVEN စံ
ပြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း ၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
SEVEN စံ နဲ့သက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထူးပြုထုတ်ဝေသော လစဉ်မဂ္ဂဇင်း
NEW
MYANMAR-ENGLISH BILINGUAL EDITION
မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ
small & medium enterprise
SME
MYANMAR Business Magazine
ဆရာကျော်မိုး(မန္တလေး)၏ Formalization အထူးဆောင်းပါးနှင့်အတူ
Miss Golden Land Myanmar အဇွဲအစည်းကိုတည်ထောင်သူ ကိုဟန်ဇော်လတ်၊
မန္တလေးအိုင်တီလောကမှ စွန့်ဦးတီထွင်သူ ကိုရဲမြတ်သူ ၊ ဆရာမောင်မိုး(သုတေသီ)၏
စီးပွားရေးလုပ်ငန်းကိုဘယ်လိုလုပ်ကြမလဲ၊ ဆရာအုန်းဝမ်(ရန်ကုန်တက္ကသိုလ်)၏
HR ဝန်ထမ်းကောင်းတစ်ဦးဖြစ်လိုလျှင်၊ ဆရာဦးမောင်မောင်ဝင်း(တရားလွှတ်တော်ရှေ့နေ)၏
စားသုံးသူအကာအကွယ်ပေးရေးဥပဒေများ စသော စီးပွားရေးဆောင်းပါးကောင်းများအပါအဝင်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့ဦးတည်နေသည့်မဂ္ဂဇင်းမြို့ မြန်မာ့တယ်လီကွန်းဈေးကွက်၊
မြန်မာကုမ္ပဏီအဇွဲအစည်းမှတ်ပုံတင်ခြင်းလမ်းညွှန်တို့ကိုလေ့လာဖတ်ရှုရမည်။
ထို့ပြင် John W. Hancock and Jay Martin တို့ရေးသားပေးပို့သည့်
SME Registration and Compliance ဆောင်းပါးကြီးကိုလည်း ဂုဏ်ယူစွာတင်ဆက်ထားပါသည်။
အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖတ်ရှုရမည်။
Paing Myanmar Media & Entertainment
No.126 (Room-003), New World Building, Kabar Aye Pagoda Road, Bahan Township,Yangon, Myanmar.
Office : (+95) 9 425373397, 09 254024206 Email : myanmarsme@gmail.com
SUBSCRIBE NOW!
HOT LINE - 09 4253 73397
မေလထုတ် ထွက်ပြီ
May Issue Available Now!
FORMALIZATION
တန်ဖိုး - ၃၀၀၀ကျပ် Price - 3000 Kyats
To Advertise Call Us Now!
Phone : (+95) 9 425373397, 09 254024206
Email : myanmarsme@gmail.com

အတုလမာရဇိန် ကြေးသွန်းဘုရားကြီး ရှေးမူမပျက်ပြုပြင်ထိန်းသိမ်း

ညောင်တုန်း မေ ၁

လွန်ခဲ့သောနှစ်ပေါင်း ၁၂၄ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ်) က ညောင်တုန်းမြို့ ယာမာကျောင်းတိုက် ဆရာတော်ဦးစန္ဒဝရက ညောင်တုန်းမှ ဒါယကာ ဒါယိကာ မများ၏ စေတနာထက်သန်စွာ ပါဝင်လှူဒါန်း မူဖြင့် ကြေးချိန် ၅၂၄၆ ပိဿာဖြင့် ဥာဏ်တော်အမြင့် ကိုးတောင်နှစ်မိုက် ကြေးသွန်းဘုရားကြီးကို သွန်းလောင်းတော်မူပြီး ခြောက်တောင်အမြင့်ရှိသော ပလ္လင်ပေါ်သို့ ပင့်ဆောင်ကာ ၇၅ တောင်မြင့်သော ဂန္ဓကုဋ္ဌိတိုက်ကြီးကို တည်ဆောက်ပူဇော်ခဲ့သည်။

ထို့နောက် အတောင် ၂၀ ပတ်လည် အုတ်တိုင်ကြီးများ အပါအဝင် အုတ်တိုင်ပေါင်း ၂၅၆ တိုင်ပါဝင်သော တန်ဆောင်းတော် ကြီးတွင် အရန်ဘုံ ၁၂ ဆောင်၊ ဘုံနိမ့်ဆောင် ၁၄ ဆောင်ကိုရှေးမြန်မာ့ လက်ရာများဖြင့် တည်ဆောက်ထားသော တန်ဆောင်းတော်ကြီးသည် မြန်မာနိုင်ငံရှိ အကြီးမားဆုံးသော တန်ဆောင်းတော်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်းတော်ကြီး ၏ ဘုံဆောင်များမှ အမိုး၊ ပန်းဆွဲများ၊ နှစ်ကာလကြာရှည်ပြီ ဖြစ်သည့် အတွက် ပျက်စီးလာသဖြင့် ယခု ဂေါပကအဖွဲ့က ညောင်တုန်းမြို့ ရွှေဟသ်ာ တောရကျောင်းတိုက်မှ ဆရာတော်ကြီးများ၏ သြဝါဒခံယူကာ ဘုံဆောင်အမိုးပန်းဆွဲ အသစ်များဖြင့် မှန်မှန်ကန်ကန်ရှေးမူမပျက် စနစ်တကျ ပြင်ဆင်နေမှုကြောင့် စေတနာသဒ္ဓါထက်သန်စွာ ပါဝင်လှူဒါန်း လျက်ရှိရာ ပြင်ဆင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်လျက်ရှိကြောင်း သိရသည်။

“ ကျွန်တော်တို့ ညောင်တုန်းမြို့က သွန်းဘုရားကြီး တန်ဆောင်းတော်ကြီး ဘုံဆောင်အမိုး ပန်းဆွဲတွေကို ရှေးမူမပျက် စနစ်တကျပြင်ဆင်နေတာကြောင့် လှူဒါန်းသူများပြားလာတဲ့အပြင် ဆရာတော်၊ သံယာတော်များပါ ပါဝင်လှူဒါန်းကြပါတယ်။ ညောင်တုန်းမြို့ ရွှေဟသ်ာတောရ ကျောင်းတိုက် ဗောဓိကျောင်း ဆရာတော် ဘဒ္ဒန္တယုဂန္ဓရာဘိဝံသ ကိုယ်တော်တိုင် ငွေကျပ် သိန်း ၆၀ လှူဒါန်းထားပါတယ်။ အောင်အောင် မြင်မြင်ပြုပြင်တာကို တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က အတွင်းက တိုင်တွေမှာ မှန်စီရွှေချထားတွေကို ခွာချပြီး အိမ်သာမှာကပ်တဲ့ကြွေပြား တွေကပ်နေတယ်ဆိုပြီး ဖေ့စ်ဘုတ်မှာ မဟုတ်မမှန် ရေးသားထားတာကို တွေ့ရတော့ ကျွန်တော်တို့အတော့်ကို စိတ်မကောင်းဖြစ်ရပါတယ်။ အဲဒီ တန်ဆောင်းတော်ကြီးမှာ အုတ်တိုင် ပေါင်း ၂၅၆တိုင်ရှိပါတယ်။ ဂန္ဓကုဋ္ဌ တိုက်ရှေ့က အုတ်တိုင်ကြီးနှစ်တိုင်ကို သဇင်ရေကျော်ရွာက အလှူရှင်တွေက မှန်စီရွှေချလှူဒါန်းသွားတာလို့ ကျွန်တော်တို့အဖေ ဦးထွန်းကပြောဖူးပါတယ်။ အုတ်တိုင်အားလုံးကို မှန်စီရွှေချမလုပ်နိုင်ခဲ့ပါဘူး။ အဲဒီ တုန်းက အလှူရှင်ရှိသရွေ့သာ အုတ်တိုင်တချို့ကို မှန်စီရွှေချနိုင်ခဲ့တာပါ။ နှစ်ကြာတော့ တချို့အုတ်တိုင်တွေ ကွာကျစဉ် ကြွေပြားကပ်ခဲ့ကြတာပါ။ ဘုရားတန်ဆောင်းမှာကပ်တဲ့ကြွေပြား ကိုအိမ်သာကပ်တဲ့ကြွေပြားလို့ သုံးနှုန်းဖို့မသင့်တော်ပါဘူး။ ဖေ့စ်ဘုတ်က မမှန်သတင်းကို ဂျာနယ်အချို့က လည်း ဆောင်းပါးတွေမှာ ထပ်ရေးတာကိုတွေ့ရတော့ ပိုပြီးစိတ်မကောင်း ဖြစ်ရပါတယ်”ဟု အမှတ်(၂) ရပ်ကွက် ၂၃ လမ်းနေ အငြိမ်းစားကျောင်းဆရာဦးဝင်းမောင်က ပြောသည်။

ညောင်တုန်းမြို့ အတုလမာရဇိန် သွန်းဘုရားကြီး တန်ဆောင်းတော်ကြီး ဘုံဆောင်အားလုံးမှ အမိုးပန်းဆွဲများကို ဦးမောင်မောင်လွင်၊ ဦးမုံကြီး၊ ဦးမျိုးအောင်၊ ဦးယဉ်လှတို့ ပါဝင်သော ဂေါပကအဖွဲ့ကပညာရှင်များဖြင့် ရှေးမူမပျက်အမိုးပန်းဆွဲ အသစ်များပြန်လည်ပြင်ဆင်လျက်ရှိရာ ညောင်တုန်းမြို့နေရဟန်းရှင်လူပြည်သူများက ပိတိဖြစ်ကာသာဓုခေါ်လျက်ရှိကြကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

အခြေခံပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ကရသူရိ မေ ၁

စတုတ္ထအကြိမ်မြောက် အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ကရသူရိမြို့ ဟန်ကပြုကျေးရွာအုပ်စု ကြိမ်မဲတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ၂၀၁၅ ခုနှစ် ဧပြီ ၂၈ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါ အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို စတုတ္ထအကြိမ်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဆရာများဖြစ်သည့် ရန်ကုန်မြို့ မြို့တော်စာသင်တိုက်မှ စာချဆရာတော်ကြီးများနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်တို့က ကျေးရွာရှိ ကျောင်းသား ကျောင်းသူ ၂၄၅ ဦးကို အမျိုးဘာသာ သာသနာချစ်မြတ်နိုးသည့် သားကောင်းရတနာများ ဖြစ်ပေါ်လာရေး လိမ္မာယဉ်ကျေးသည့် အနာဂတ်သားကောင်းများ ပေါ်ထွက်လာရေးရည်ရွယ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အခြေခံပညာရှေးဦးသူနာပြုသင်တန်းဆင်း

မိုင်းဆတ် မေ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍တစ်မျိုးသားလုံး ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ဘေးအန္တရာယ်အမျိုးမျိုးကျရောက်သောအချိန်များတွင် နိုင်ငံတော်၏ အရန်အင်အားတစ်ရပ်အနေနှင့် ပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ကျောင်းကြက်ခြေနီအသင်း အခြေခံပညာ ရှေးဦးသူနာပြု သင်တန်းဆင်းပွဲအခမ်းအနား ကို ဧပြီ ၃၀ ရက်က အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းကြက်ခြေနီအသင်းကြီးကြပ်မှူ ကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးခင်မောင်တင့်က အမှာစကားပြောကြားပြီး ဆုရသင်တန်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ မြို့ပေါ်ရှိ အထက၊ အလကနှင့် အလကခွဲ ကျောင်းများမှ သင်တန်းသား သင်တန်းသူ ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဇော် (iprd)**

အခြေခံလေကြောင်း လူငယ်သင်တန်းဖွင့်ပွဲကျင်းပ

မကွေး မေ ၁

ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သော အမှတ်စဉ် (၁/၂၀၁၅) အခြေခံလေကြောင်းလူငယ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက မကွေးမြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် အောင်ဆန်းဝင်းနှင့် မကွေးတပ်နယ်မှ တာဝန်ရှိသူများ လေကြောင်းသင်တန်း နည်းပြအရာရှိအရာခံ အကြပ်တပ်သားများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံလေကြောင်းလူငယ် သင်တန်းသား/သင်တန်းသူများနှင့်မိဘအုပ်ထိန်းသူများတက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၄၀ ဖြင့် ဧပြီ ၂၇ ရက်မှ မေ၂၂ ရက်အထိ ရက်သတ္တလေးပတ်ကြာ စစ်ရေးပြဘာသာရပ်၊ လေကြောင်းသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံ ဘာသာရပ်၊ လေယာဉ်တည်ဆောက်မှုဘာသာရပ်၊ စက်အုံတည်ဆောက်မှုဘာသာ ရပ်၊ လေယာဉ်ပုံစံဇယ် တည်ဆောက်မှုဘာသာရပ်တို့ကို မကွေးလေတပ်စခန်းဌာနချုပ်အတွင်း စခန်းသွင်းဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ် လေတပ်စခန်းဌာနချုပ်များမှာလည်း တစ်ပြိုင်တည်းဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/9938 Toyota Passo Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုအောင် ၁၂/ဗဟန(နိုင်)၀၁၈၂၇၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့တောင်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွေပြည်သာမြို့နယ်၊မြေတိုင်း၊ရပ်ကွက်အမှတ်(၄၀)၊မြေကွက်အမှတ်(၁၄၁/က)၊မြေကွက်တည်နေရာအမှတ်(၁၄၁/က)၊အောင်စေတနာလမ်း၊ ရွေပြည်သာမြို့နယ်၊ဦးဘုန်းကြိုင်(CI-၀၄၇၉ ၉၆၃)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက် ဦးဘုန်းကြိုင်ကိုယ်တိုင်မှပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကတိခံချက်၊မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကတိသစ္စာပြုလွှာတို့ တင်ပြ၍ပါမစ်(ယောက်)ဖြင့်နှစ်(၆၀)ကရန်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးအောင်ဝင်း (ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI-May-7(Thurs)မှစ၍ခုံနံပါတ်ယူနိုင်ပြီ။
June - 20 (Sat) စမည်။ Aircon စာသင်ခန်းမ

LCCI
☑ အနှစ်(၂၀)အတွေ့အကြုံကြောင့်
☑ သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

ပြောင်စင်းလှပစိတ်တိုင်းကျရမည်...

ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝပျက်စီးရေ
Ph: 09-73048685

- ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
- ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ

ကာလာ၊ ပေါင်း၊ ပုလေ၊ညှပ်မေတ္တာလက်ဆောင်
ရွှေတိုဂုဏ်ဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ခရုပန်းခြံအတွင်းအဂုံမြို့နယ်ရန်ကုန်မြို့။

Basic Engineering Course နှင့်
(လျှပ်စစ်၊စက်တပ်ဆင်၊ပိုက်ဆက်၊ဂေဟာဆက်)
အခြေခံ/ကျွမ်းကျင် သင်တန်း တက်လိုသူများ
ပြည်တွင်း/ပြည်ပ – အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
သုခစုစံ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။
ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၁၆)။
Ph : (01) 377343, 377344, 385758, 386877, 392233

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၈/၃၄၁၄ Honda F/T GE6 S/W (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန်း ၉/မနမ(နိုင်)၀၃၇၇၅၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/4352 Mazda Bongo SK22T P/U (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လတ် ၁၄/ရကန(နိုင်)၀၉၇၁၅၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃/၁၇၇၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈၁/၄၇၃၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အသိပေးကြော်ငြာခြင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၄၄) ၊ မြေကွက်အမှတ် (၅၁၄)၊မြေကွက်တည်နေရာ အမှတ်(၅၁၄)၊ ရွှေစင်(၇)လမ်း(၄၄)ရပ်ကွက်၊ဒဂုံမြောက် ဦးဘမြိုင်(၁၂/သကတ(နိုင်)၁၃၃၈၈၆) အမည်ပေါက် နှစ်(၆၀)ဝရန် မြေ အား အမည်ပေါက် ဦးဘမြိုင်ကိုယ်တိုင်မှ၀ရန် မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဝရန် မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိပါသဖြင့် ဝရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသော ဦးဘမြိုင် အမည်ပေါက် ဝရန်မူရင်း အားဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားစွန့်

အဖ ဦးဇော်လင်း အမိ ဒေါ်ဇင်မျိုးသန့် (ခ) မျိုးမျိုးတို့၏ သား မောင်ထူးဆာကာလင်း၏ အကို မောင်ခွန်ဇင်းခန့်ဇော်သည် မိဘဆိုဆုံးမမှုကို မနာယူဘဲ မိဘနှစ်ပါးအားအကြမ်းကြမ်း စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ယခုမှစ၍ သားအဖြစ် မှစွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝတို့ လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

အဖ ဦးဇော်လင်း အမိ ဒေါ်မျိုးမျိုး

စာအုပ်စာပေ လူ့မိတ်ဆွေ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး
ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်(၄) မြို့နယ်တွင် မြို့နယ်စီမံကိန်းဦးစီးရုံး(၄)ရုံးနှင့်မြို့နယ်(၅)မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ (၅)လုံးတို့အား တည်ဆောက်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရလုပ်ငန်းရှင်များ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်အချက်အလက်များအား တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၊ ဖုန်း-၀၅၉-၂၃၄၉၀၊ ၀၅၉-၂၃၄၉၁၊ ၀၅၉-၂၃၄၉၂ နှင့် ၀၉-၈၇၆၂၅၁၀ တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး
ဆိပ်ကမ်းသာလမ်း၊ ဆန်းချီရပ်၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ RC နှစ်ထပ် (ရေ၊ မီး၊ မိလ္လာ အစုံအလင်) (60'x35'x22')ရုံး အဆောက်အအုံ(၁)လုံး ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ အသေးစိတ်အချက်အလက်များ ပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၅ ရက် (ကြာသပတေးနေ့)
တင်ဒါပုံစံရောင်းချမှု နောက်ဆုံးရက် - ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း-၀၅၈-၂၃၂၂၈ သို့လည်းကောင်း၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၈-၂၁၈၀၈ သို့လည်းကောင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အုတ်တွင်းမြို့ စာတိုက်အဆောက်အအုံအား (၃၅×၃၀)ပေ တစ်ထပ် အုတ်တိုင်ပုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၄-၅-၂၀၁၅ ရက်
၃။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၁-၅-၂၀၁၅ ရက် ၁၆း၀၀နာရီ
၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီးမန်နေဂျာရုံး၊ ပဲခူးမြို့

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၂၀၁၅၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစီစစ်ရေးအဖွဲ့
ပဲခူးတိုင်းဒေသကြီး(အရှေ့)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သော Testing Equipment များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၈၂

ရောင်းမည်

လယ်ဧက ၅၈၊ ပြည်လမ်းမဘေး၊ တိုက်ကြီးမြို့နယ်၊
ဖုန်း-၀၉-၉၇၂၁၅၅၅၄၊ ၀၉-၅၁၂၄၇၂၀

Supreme Success Int:Ltd.

အရောင်းမြှင့်ဝန်ထမ်း (၁၀)ဦး (မ)
ဖုန်း-၀၉-၅၀၂၅၀၄၊ ၀၉-၈၇၄၁၆၈၈၊ ၀၉-၅၁၂၉၀၂၅၊ ၀၉-၅၁၂၄၇၂၀၊ ၀၉-၉၇၂၁၅၅၅၄

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

ခရိုင်ပညာရေးမှူးရုံး၊ ရွှေဘိုမြို့

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ပညာရေးမှူးရုံးလက်အောက်ရှိ မြို့နယ်များတွင် ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့အစည်းများထဲမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ၁၁-၄-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ဝက်လက်မြို့နယ်များတွင် လျှောက်ထားလိုသူများသည် ၁၀-၅-၂၀၁၅ရက်နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်၍ စုံစမ်းနိုင်ပါသည်။

၀၇၅-၂၂၈၃၂၊ ၀၉-၃၃၂၂၇၀၂၇၊ ၀၉-၄၇၀၆၄၀၄၁၊ ၀၉-၄၀၀၄၂၀၀၈၅

တင်ဒါရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ လွဲကြီးအလယ်တန်းကျောင်းခွဲ သတ္တမတန်းအောင်မြင်သည့် ဦးအောင်ဝင်း-ခေါ်ချောစုလှိုင်တို့၏သား မောင်ဘုန်းပြည့်ဖြိုးအောင်အား မောင်ဘုန်းပြည့်သိမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

လိုင်း(၃) အခန်း-အမှတ်(၁၃) နေပြည်တော် တိုင်းစစ်ဌာနချုပ်နေ ကျွန်မခေါ်ချောစုလှိုင် ၁၂/သဃက(နိုင်)၁၄၉၉၉၇ အား ခေါ်နန်းစုလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

တိုက်အိမ်ရောင်းမည် (ညှိနှိုင်းစျေး)

၁။ BN ပေ(၂၀×၅၀) နှစ်ထပ်တိုက်
အဆင့်မြင့်ပရိဘောဂအပြည့်အစုံ၊ ရေ၊ မီး၊ အဲကွန်းပါ

၂။ မအူပင်မြို့၊ သူဌေးကုန်း(၃)လမ်း၊ (၂)ရပ်ကွက်၊ ဂုတ်ခြံ
မျက်နှာချင်းဆိုင် အိမ်မရှိပါ။နေရာကောင်း၊ကွန်ကရစ်လမ်း(၂)လမ်း ဝင်ထွက်နိုင်သည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၃၁၉၃၂၉

ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့။

ရက်စွဲ ။ ၂၀၁၅ ခုနှစ်၊ ဧပြီ လ (၁) ရက်

ကြေညာချက်

၁။ ၂၀၁၄ ခုနှစ်၊ မေလ တွင် ဖွင့်လှစ်သော (၃၀၄) ကြိမ်မြောက် ၂၀၀/-တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ရရှိသည့် အောက်ပါဆုလက်မှတ်ပေါင်း(၂၀၂၈)ဆုကို ယနေ့တိုင် တောင်းခံခြင်း မရှိသေးပါ။

၂။ ဖော်ပြပါ ဆုရလက်မှတ်များကို ၂၀၁၅ ခုနှစ်၊ မေ လ (၂၉) ရက်နေ့အထိ ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ညွှန်ကြားရေးမှူးထံတင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ ကျပ်၁၀၀၀၀၀/-အထက်ဆုငွေများကို ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ တွင်သာထုတ်ယူ ပါမည်။ ကျန်ဆုငွေများကို အထက်ပါရုံးအပြင် နယ်ရှိပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ တွင်လည်းထုတ်ယူနိုင်ပါသည်။ မည်သည့်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ထုတ်ယူလိုကြောင်းသက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးရုံး၏ စစ်ဆေးစီစစ်ချက်၊ထောက်ခံချက်များနှင့်အတူ အထက်ပါ နေ့မတိုင်မီအကြောင်းကြား တောင်းခံနိုင်ပါသည်။

၄။ ကျပ် ၅၀၀၀၀/- အပါအဝင် ဆုမဲစာရင်းများကို ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနရုံးများ၊ ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများ၊မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများ အသီးသီးရှိ ကြော်ငြာသင်ပုန်းများနှင့် www.irdmyanmar.gov.mm တွင် ကြေညာထားသည်။

၅။ အထက်ပါနေ့ကျော်လွန်ပြီးနောက် တောင်းခံလာသော ဆုရလက်မှတ်များကို စဉ်းစားမည်မဟုတ်ပဲ ပြည်သူ့ဘဏ္ဍာငွေ အဖြစ်သိမ်းသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။ ၂၉-၅-၂၀၁၅ ဘဏ္ဍာသိမ်းမည်။

(၃၀၄)ကြိမ်ဘဏ္ဍာသိမ်း

ကျပ်(၂၀၀၀၀၀၀၀/-)ဆုများ

၈-၄၃၂၇၆၄					

ကျပ်(၁၀၀၀၀၀၀/-)ဆုများ

ဘ-၆၃၂၄၂	ပ-၆၃၂၄၂	ထ-၉၆၁၃၃	ဒ-၃၄၃၃	ည-၃၀၉၂၁၁	က-၃၀၉၂၁၁
မ-၆၃၂၄၂	ဖ-၆၃၂၄၂	ဒ-၃၀၉၂၁၁	ထ-၉၆၁၃၃	ည-၉၆၁၃၃	၈-၃၀၉၂၁၁
ယ-၉၆၁၃၃	ဒ-၃၄၃၃	ဖ-၇၂၂၄၁	ထ-၉၆၁၃၃	၆-၆၃၂၄၂	ဆ-၆၃၂၄၂
လ-၃၄၃၃	ဖ-၉၆၁၃၃	ဖ-၃၀၉၂၁၁	ထ-၃၄၃၃	၆-၉၆၁၃၃	၈-၃၀၉၂၁၁
လ-၇၂၂၄၁	ဖ-၃၄၃၃	ဖ-၉၆၁၃၃	ထ-၃၄၃၃	၆-၆၃၂၄၂	၈-၆၃၂၄၂
ဝ-၃၄၃၃	ဖ-၆၃၂၄၂	၄-၃၄၃၃	ထ-၃၀၉၂၁၁	၆-၉၆၁၃၃	ဗျ-၇၂၂၄၁
ဗျ-၉၆၁၃၃	၃-၃၀၉၂၁၁	ပ-၃၄၃၃	ထ-၃၄၃၃	၃-၉၆၁၃၃	ဗျ-၉၆၁၃၃

ကျပ်(၂၀၀၀၀၀)စုံ တွဲဆု

ရ-၃၀၉၂၁၀	မ-၅၁၀၆၂၂	က-၇၂၁၅၅	က-၁၅၅၁၆၇

ကျပ်(၂၀၀၀၀)ဆုများ

သ-၇၂၂၄၅၅	ရ-၃၀၉၂၃၃	ထ-၁၅၀၄၅၀	၄-၆၂၀၂၃၉	ဂ-၉၆၁၃၃	က-၁၅၅၁၂၂
သ-၇၂၂၄၆၅	ရ-၃၀၉၂၅၈	ထ-၁၅၀၄၅၃	ခ-၉၅၄၃၂၉	ဂ-၉၆၁၃၃	က-၇၂၁၅၆၀
သ-၇၂၂၄၆၆	သ-၇၂၂၄၀၀	ထ-၁၅၀၄၆၆	ခ-၉၅၄၃၆၄	ည-၃၄၃၃၀	က-၇၂၁၅၆၂
သ-၇၂၂၄၀၂	သ-၇၂၂၄၆၇	ထ-၁၅၀၄၆၇	ဗ-၉၅၄၉၂၃	ည-၃၄၃၃၁	က-၇၂၁၅၈၃
သ-၇၂၂၄၃၇	သ-၇၂၂၄၃၃	ထ-၁၅၀၄၃၃	ဗ-၉၅၄၉၂၇	ည-၃၄၃၃၂	ခ-၆၃၂၄၀၅
သ-၇၂၂၄၃၈	သ-၇၂၂၄၃၈	ထ-၁၅၀၄၃၈	ဗ-၉၅၄၉၂၇	ည-၃၄၃၃၃	ခ-၆၃၂၄၅၁
	သ-၇၂၂၄၄၀	ထ-၁၅၀၄၉၄	ဗ-၉၅၄၉၂၈	ည-၃၄၃၃၄	ခ-၆၃၂၄၉၆
	သ-၇၂၂၄၄၂	မ-၅၁၀၆၇၇	ဗ-၉၅၄၉၂၉	ည-၃၄၃၃၅	ဂ-၂၄၈၂၀
	သ-၇၂၂၄၄၄	မ-၅၁၀၆၈၇	ဗ-၉၅၄၉၃၀	ည-၃၄၃၃၆	ဂ-၂၄၈၂၀၆
	သ-၇၂၂၄၄၅	ရ-၃၀၉၂၃၁	ဗ-၉၅၄၉၃၁	ည-၃၄၃၃၇	ဂ-၂၄၈၂၄၂
	သ-၇၂၂၄၅၀	ရ-၃၀၉၂၄၇	ဗ-၉၅၄၉၃၂	ည-၃၄၃၃၈	ဂ-၂၄၈၂၅၄
	သ-၇၂၂၄၅၁	ရ-၃၀၉၂၄၈	ဗ-၉၅၄၉၃၃	ည-၃၄၃၃၉	ဂ-၂၄၈၂၆၇
	သ-၇၂၂၄၅၂	ရ-၃၀၉၂၅၃	ထ-၁၅၀၄၁၀	ည-၃၄၃၃၁၀	ဂ-၂၄၈၂၈၅
		ရ-၃၀၉၂၅၄	ထ-၁၅၀၄၁၁	၄-၆၂၀၂၃၉	ဂ-၂၄၈၂၈၈

ကျပ်(၁၀၀၀၀)ဆုများ(အပိုဆု/ဖြည့်စွက်ဆု)

ဘ-ဓ၅၃၂၄၅	ပ-ဓ၇ဓ၂၃၃	တ-ဓ၇၇၀၀၄	၄-၄၄ဓ၅၅၀	ဓ-ဓ၂ဓ၇၂	က-၇၇ဓ၈၃၀
ယ-၃၅၂၁ဓ	ဖ-၁ဓ၂ဓ	တ-၇၇ဓ၈၃၀	၄-ဓ၅၇ဓ၃	ဗျ-၄၄ဓ၅ဓ	ဂ-၁ဓ၁ဓ၁၀
ရ-၁ဓ၅၂	ဖ-ဓ၅ဓ	ထ-၅ဓ၀ဓ၁	၃-ဓ၂ဓ၂	ဗျ-ဓ၄ဓ၅	၈-ဓ၃ဓ	
ရ-ဓ၃ဓ	ဖ-ဓ၆ဓ	၃-ဓ၅ဓ	၃-ဓ၀ဓ	ဗျ-ဓ	၈-ဓ	

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ တောင်ပိုင်းခရိုင်၊ ရွှေကုန်းရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်း၊ မြေကွက်အမှတ် ပေ(၂၂×၃၀) (တစ်ကွက်တွဲ)နှင့် ပေ(၄၄×၃၀) (နှစ်ကွက်တွဲ)သည် ဦးထွန်းကြိုင် KTN-046117 ထံမှ ဦးမျိုးဝင်း ၁၂/ပဘတ(နိုင်)၀၂၈၈၆၅ သည် ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနှစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးဝင်း ၁၂/ပဘတ(နိုင်)၀၂၈၈၆၅

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/၅၄၃၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၁၈၉၇၁၊ Wamg bo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်လင်း ၉/အမရ(နိုင်)၁၄၄၇၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၄၀၉၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/9942၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကော့ကရိတ်မြို့မြေကွက်သစ်ဖော်ထုတ်ရေးကြီးကြပ်မှုကော်မတီ
ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့
ကြေညာချက်အမှတ်(၁/၂၀၁၅)
၁၃၇၇ခုနှစ် ကဆုန်လဆန်း(၁၀)ရက်
ရက်စွဲ ၂၀၁၅ ခုနှစ် ဧပြီ ၂၇ရက်

ကော့ကရိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၁၀-၆-၂၀၀၈ ရက်စွဲပါ စာအမှတ် ၂/၄-၁၄ /ဦးဝ(၃၄၇)အရ မြေကွက်ရရှိထားသူများသိရှိရန်ကြေညာအပ်ပါသည်။

မြေကွက်ရရှိထားသူများသည် မိမိတို့ရရှိထားသောမြေပေးမိန့်များတင်ပြလျက် ဤကြေညာစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ကော့ကရိတ်မြို့ မြေကွက်သစ်ဖော်ထုတ်ရေးကြီးကြပ်မှုကော်မတီထံ လာရောက်ဆက်သွယ်ကြပါရန်နှင့် ပျက်ကွက်ကသက်ဆိုင်သူ၏တာဝန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ကွက်သစ်ဖော်ထုတ်ရေးကြီးကြပ်မှုကော်မတီ
ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့
ဖုန်း-၀၅၈-၄၀၀၀၂

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
အဆောက်အအုံဗိသုကာဒီဇိုင်းများရေးဆွဲယှဉ်ပြိုင်ရန်အတွက်ဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ စက်မှု(၁)လမ်းမကြီးနှင့် ရန်ရှင်းလမ်းမကြီးထောင့်ရှိ ရန်ကင်းအိမ်ရာစခန်းမှ တိုက်ဟောင်း(၆)လုံး ဖျက်သိမ်းထားသော မြေနေရာ(၂.၉၉၀) ဧကခန့်တွင် အထပ်မြင့်လူနေအဆောက်အအုံများပါဝင်သော အင့်ားချအိမ်ရာနှင့် အဆင့်မြင့် အိမ်ရာစီမံကိန်းတည်ဆောက်ရန်အတွက် စီမံကိန်း Master Plan နှင့် အဆောက်အအုံဗိသုကာဒီဇိုင်း(Architectural Design)များကို ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ အောက်ပါအတိုင်း ပါဝင်ယှဉ်ပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၄-၅-၂၀၁၅ ရက် (တနင်္လာနေ့)
(၂) **ပုံစံဒီဇိုင်းများတင်သွင်းရမည့်ရက်** - ၁-၆-၂၀၁၅ ရက် (တနင်္လာနေ့)
(၃) **ဗိသုကာပုံစံဒီဇိုင်းများ တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၇၂၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်ဥပဒေချုပ်ရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာငွေကျပ်ဖြင့်တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပြည်နယ်ဥပဒေချုပ်ရုံးစတိုခန်း (လျှပ်စစ်မီးအပါအဝင်) - (၁) လုံး
(ခ) ချီဖွေမြို့နယ်ဥပဒေရုံးသစ် (ရေ၊ မီးအပါအဝင်၊ ခြံစည်းရိုးကာရံခြင်း) - (၁) လုံး
(ဂ) ဆော့လော်မြို့နယ်ဥပဒေရုံးသစ် (ရေ၊ မီးအပါအဝင်၊ ခြံစည်းရိုးကာရံခြင်း) - (၁) လုံး
(ဃ) နောင်မွန်မြို့နယ်ဥပဒေရုံးသစ် (ရေ၊ မီးအပါအဝင်၊ ခြံစည်းရိုးကာရံခြင်း) - (၁) လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းများနှင့် ဗိသုကာပုံစံများကို ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့တွင် ၂၉-၄-၂၀၁၅ ရက်မှ ၂၈-၅-၂၀၁၅ ရက်ထိ ရောင်းချသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၂၉-၅-၂၀၁၅ ရက် ၁၆း၀၀ နာရီတွင်နောက်ဆုံးထားချ၍ တင်သွင်းရပါမည်။

၃။ လုပ်ငန်းတစ်ခုထက်ပို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအတွက် သတ်မှတ်အိတ်ဖွင့်တင်ဒါတစ်ခုချင်း တင်သွင်းရပါမည်။

၄။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး (ပြည်နယ်ဥပဒေအရာရှိ)၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ၊ ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၊ ဖုန်း-၀၇၄-၂၂၄၂၉၊ ၂၉၅၄၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရခိုင်ပြည်နယ်၊ စစ်တွေမြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရခိုင်ပြည်နယ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် စစ်တွေမြို့နယ်၊ ကျားမသောက်ကျေးရွာအနီး နန္ဒဝန်ဥယျာဉ်၌ အောက်ဖော်ပြပါ အဆောက်အအုံများဆောက်လုပ်ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အရာရှိနေအိမ်လုံးချင်း(သွပ်မိုး/RC ကွန်ကရစ်) (၃၆'×၃၂') (၁)လုံး
(ခ) အမှုထမ်းနေအိမ်(၂)ခန်းတွဲ(သွပ်မိုး/RC ကွန်ကရစ်)(၄၀'×၂၈')(၃)လုံး
(ဂ) ညွှန်ကြားရေးမှူးရုံးဝင်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
(ဃ) ရုံးဝင်းအတွင်း မြေဖို့ခြင်းနှင့် လမ်းများကွန်ကရစ်ခင်းခြင်းလုပ်ငန်း

၂။ ဆောက်လုပ်မည့်ကုမ္ဏီများသည် ကော်မတီမှသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်းတွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းသည့် ကုမ္ဏီအနေဖြင့် မှတ်ပုံတင်ရန်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများအား ၁-၅-၂၀၁၅ ရက်မှစတင်၍ ရောင်းချပါမည်။

တင်ဒါများအား ၂၁-၅-၂၀၁၅ ရက်၊ ၁၅း၀၀နာရီတွင် ရခိုင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး(စစ်တွေမြို့နယ်၊ ကျားမသောက်ကျေးရွာအနီး၊ နန္ဒဝန်ဥယျာဉ်)သို့ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ရက်အား တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ရခိုင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး ဖုန်း-၀၆-၂၅၄၆၈၆၄၅၃၊ ၀၆-၂၅၄၆၈၆၄၄၊ ၀၆-၃၁၅၀၆၀၀၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

သတ္တုတွင်းဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်း ခုနှစ်ခုတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) ရုံးသုံးစက်ပစ္စည်းကိရိယာများ၊
(ခ) ရုံးသုံးစာရေးကိရိယာပစ္စည်းများ၊
(ဂ) Toner,Catridge & Computer Accessories

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၅-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး/ဦးစီးဌာန/ လုပ်ငန်းခုနစ်ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန
ရုံးအမှတ်(၁၉)
ဖုန်း-၀၆၇-၄၀၉၃၇၂၂၊ ၀၆၇-၄၀၉၃၆၀

အဆိုပြုတင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့တွင် ပြည်သူ့ဝန်ထမ်း (အင့်ား)အိမ်ရာစီမံဆောက်လုပ်မည်ဖြစ်ပါသဖြင့် (၄)ခန်းတွဲ (၄)ထပ် အဆောက်အအုံတည်ဆောက်ရန်အတွက် ဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၄-၅-၂၀၁၅ရက်မှ ၂၂-၅-၂၀၁၅ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် - ၂၂-၅-၂၀၁၅ ရက် (၁၆း၀၀)နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့, တောင်ကြီးမြို့။
ဆက်သွယ်ရန်ဖုန်း - ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနတွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) သန့်ရှင်းရေးသုံးပစ္စည်း - ၅၆ မျိုး
(ခ) ကျောက်စိမ်းအလုပ်ရုံသုံးပစ္စည်း - ၄၄ မျိုး
(ဂ) ကျောက်မျက်အလုပ်ရုံသုံးပစ္စည်း - ၃၂ မျိုး
(ဃ) ဆေးဝါးပစ္စည်း - ၈၀ မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၄-၅-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၃-၆-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၈၁၈ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန၊ ဒီးမော့ဆိုမြို့နယ်(ငွေတောင်)စိုက်ပျိုးရေးသီပွဲကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁)(၂)ထပ်အိပ်ဆောင်(RC) - ၁ လုံး
(၂) လေးခန်းတွဲဝန်ထမ်းအိမ်ရာ RC - ၂ လုံး
(၃) ကျောင်းခြံစည်းရိုးအုတ်တံတိုင်း - -
(၄) ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာ - မျိုးစုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ၁-၅-၂၀၁၅ ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး ၂၀-၅-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၀၁၄၇၊ ၀၉-၅၆၀၀၉၄၅၅၊ ၀၉-၅၃၆၀၁၄၅ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ ကယားပြည်နယ်

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ဘူမိဗေဒကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း - ၄ မျိုး
(ခ) မြေတိုင်းကွင်းဆင်းလုပ်ငန်းသုံးစက်ပစ္စည်း - ၁ မျိုး
(ဂ) ဓာတုဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း - ၆ မျိုး
(ဃ) သေလဗေဒဓာတ်ခွဲခန်းသုံးစက်ပစ္စည်း - ၂ မျိုး
(င) ဓာတုဗေဒဓာတ်ခွဲခန်းနှင့်သေလဗေဒဓာတ်ခွဲခန်းသုံး ဓာတ်ဆေးနှင့်လုပ်ငန်းသုံးပစ္စည်း - ၆၆ မျိုး
(စ) လွန်တူးလုပ်ငန်းသုံးပစ္စည်း - ၅၂ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၂၉-၄-၂၀၁၅ရက်မှ ၂၉-၅-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်းမည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဘာလမ်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၄၀၇၉

ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကချင်ပြည်နယ်၊ ခါကာဘိုရာဇီ၊ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ပူတာအိုမြို့တွင် အောက်ဖော်ပြပါ အဆောက်အအုံဆောက်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ် အဆောက်အအုံအမျိုးအစား	**အရေအတွက်**	**ဆောက်လုပ်မည့်မြို့နယ်**
၁။ ၄၂ပေ×၃၀ပေ×၁၁ပေ(သံကူကွန်ကရစ်၊ 4 Angleအမိုး)(၁)ထပ်(နှစ်ခန်းတွဲဝန်ထမ်းနေအိမ်)	၁လုံး	ပူတာအို

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်**	-	၂-၅-၂၀၁၅ ရက်မှ ၂-၆-၂၀၁၅ရက် ၁၆း၃၀ နာရီအတွင်း
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ**	-	ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၇၊ ၀၉-၄၇၀၃၅၅၂ နှင့် ကချင်ပြည်နယ် သစ်တော ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၀၄၈၆၊ ၀၇၄-၂၂၃၃၁ တို့တွင် ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတွင် အောက်ဖော်ပြပါ လုပ်ငန်းရာထူးနေရာများအတွက် ဝန်ထမ်းခန့်ထားရန် အလိုရှိပါသည်-

(၁) အကြီးတန်းစာရင်းကိုင်	(၁) ဦး	(ကျား/မ)
(၂) ငွေကိုင်	(၁) ဦး	(ကျား/မ)
